ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နန့်နေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

၁၃၇၈ ခုနှစ် တပေါင်းလပြည့် တနင်္ဂနွေနေ့။ Sunday, 12 March 2017 (၈၈၆၃)

နိုင်ငံတော်အစိုးရ၏

**ပြည်သူ့အတွက် ပထမ တစ်နှစ်တာ**

## ပြည်သူ့အတွက် ပထမတစ်နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ပြည်သူ့လွှတ်တော်နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို(၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။

# (၉)ကြိမ်မြောက် ရန်ကုန်ဓာတ်ပုံည ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အားပေး

## အားပေးသည်ဆိုသည်မှာ အနုပညာစိတ်ဓာတ်သာမက လူမှုရေးစိတ်ဓာတ်ဖြင့် အားပေးခြင်းဖြစ်




**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် The Forgotten War အမည်ဖြင့် ပညာရှင်ပြိုင်ပွဲတွင် ပထမဆုရ ခွန်လတ်အား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

**ရန်ကုန် မတ် ၁၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိပြင်သစ်ယဉ်ကျေးမှုဌာန၌ ပြင်သစ်သံရုံးနှင့် ပြင်သစ်ယဉ်ကျေးမှုဌာနတို့ စီစဉ်မှုဖြင့် ကျင်းပသည့် (၉)ကြိမ်မြောက် ရန်ကုန်ဓာတ်ပုံည (YANGON PHOTO NIGHT 2017) ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ ပြင်သစ်ယဉ်ကျေးမှုဌာန ဒါရိုက်တာ Mr.Charles Bonhomme က အဖွင့်အမှာစကားပြောကြားရာတွင် (၉)ကြိမ်မြောက် ရန်ကုန်ဓာတ်ပုံညပြိုင်ပွဲကို ယခင်က မပြုလုပ်နိုင်သည့် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံတွင် ပြသနိုင်၍ ဂုဏ်ယူစရာဖြစ်ရကြောင်း၊ မြန်မာဓာတ်ပုံဆရာများရိုက်ကူးသည့် တိုင်းရင်းသားလူမျိုးများနှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်များကို ပြသနိုင်၍ ဂုဏ်ယူဝင့်ကြွားစရာလည်း ဖြစ်ရကြောင်း၊ အထူးသဖြင့် နိုင်ငံတကာရှိ ပြည်သူ (၁ ဒသမ ၅ သန်း)က မြန်မာဓာတ်ပုံဆရာများ၏ ရိုက်ကူးမှုလက်ရာများကို ကြည့်ရှုခဲ့ကြခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုပွဲတော်ကို လာရောက်ခဲ့သည်မှာ ခြောက်နှစ်ဆက်တိုက်ရှိခဲ့ပြီဖြစ်ကြောင်း၊ ထိုနှစ်များအတွင်း မည်သို့မျှမထပ်သော၊ အင်မတန်စိတ်ဝင်စားစရာကောင်းသော ပွဲတော်တစ်ခုဖြစ်ခဲ့ကြောင်း၊ မြန်မာလူငယ်ဓာတ်ပုံဆရာများ၏ တိုးတက်မှုကို တွေ့မြင်ခဲ့ရကြောင်း၊ လူငယ်ဓာတ်ပုံဆရာတော်တော်များများမှာ ယခင်က ဓာတ်ပုံဆရာများမဟုတ်ကြသော်လည်း

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

# ရခိုင်ရှေးဟောင်းယဉ်ကျေးမှု မြောက်ဦးဒေသသို့ နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်

**မြောက်ဦး မတ် ၁၁**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးရှေးဟောင်းယဉ်ကျေးမှု ဒေသအတွင်းသို့ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များသည် တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း ဝင်ရောက်လေ့လာလျက်ရှိရာ မတ် ၁၁ ရက်အထိ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များ ပိုမိုဝင်ရောက်လေ့လာလျက်ရှိကြောင်းသိရသည်။

ထိုသို့ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များ မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုဒေသအတွင်း ဝင်ရောက်လည်ပတ်လေ့လာရာတွင် အနေးယာဉ်များဖြင့်လည်းကောင်း၊ မြင်းလှည်းများစီး၍လည်းကောင်း လေ့လာလျက်ရှိရာ မတ် ၉ ရက် နံနက် ၈ နာရီက တောင်ရပ်မြို့မဈေးကြီးအတွင်းသို့ ခြေကျင်လျှောက်၍ ဈေးအတွင်း ရောင်းချနေမှုများအား လေ့လာနေကြသည်ကိုလည်း တွေ့ရှိရသည်။

အဆိုပါ နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များသည် မြောက်ဦးရှေးဟောင်းမြို့တော်အတွင်းရှိ ဘုရားပုထိုးစေတီများနှင့် ရခိုင်ဗိသုကာ အနုပညာလက်ရာများကို ကြည့်ရှုလေ့လာကြသည်။

ထို့အပြင် အနေးယာဉ်လုပ်သားများနှင့် မြင်းလှည်းမောင်းလုပ်သားများအတွက် ယခုလို နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များ ပိုမိုဝင်ရောက်လေ့လာခြင်းဖြင့် လုပ်ငန်းများအဆင်ပြေကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# ကြေးမုံ

## နိုင်ငံတော်စက်ရုံတို့၏ စီမံခန့်ခွဲမှုပုံစံသစ်နှင့် နိုင်ငံတော်ဝန်ထမ်းတို့၏ အနာဂတ်

စီးပွားရေးအရ အရှုံးပေါ်နေသောကြောင့် နိုင်ငံနှင့် နိုင်ငံသားများအတွက် အကျိုးမဖြစ်ထွန်းသော စက်ရုံတို့ကို ရပ်ဆိုင်းရန်ဆုံးဖြတ်ခြင်းသည် လုပ်သင့်လုပ်ထိုက်သော ကိစ္စရပ်သာဖြစ်ပါသည်။ သို့သော် အဆိုပါ စက်ရုံတို့ကိုရပ်ဆိုင်းခြင်းသည် လတ်တလောကိစ္စရပ်သာဖြစ်သည် (သို့မဟုတ်) ထာဝရရပ်ဆိုင်းရန်ဖြစ်သည်ဟူသော ဆုံးဖြတ်ချက်ကိုမူ ဤကိစ္စရပ်အပေါ် ဆုံးဖြတ်ချက်ပေးမည့် စိစစ်ရေးကော်မတီက ဆုံးဖြတ်သင့်သည်ဟု ယူဆပါသည်။ လတ်တလောရပ်ဆိုင်းရန် စဉ်းစားသုံးသပ်နေသော စက်ရုံ ၄၄ ရုံအနက် တချို့သောစက်ရုံတို့၏ ထုတ်ကုန်ပစ္စည်းတို့သည် အရည်အသွေးညံ့ဖျင်းမှုကြောင့် နိုင်ငံသူနိုင်ငံသားတို့က ဝယ်ယူသုံးစွဲရန် စိတ်ဆန္ဒလုံးဝမရှိသော ကုန်ပစ္စည်းတို့ဖြစ်နေပါက မလွဲမသွေရပ်ဆိုင်းရမည်ဖြစ်ပါသည်။

လုပ်ထုံးလုပ်နည်းသဘောအရ ဤကဲ့သို့သော စက်ရုံတို့၏ ထုတ်ကုန်ပစ္စည်းအရည်အသွေးကို နိုင်ငံတကာ၏ ရင်းနှီးမြှုပ်နှံမှုပုံစံတစ်မျိုးမျိုးဖြင့် မြှင့်တင်ရန်ဖြစ်နိုင်ခြေရှိသည်၊ မရှိသည်ကို စိစစ်ရေးကော်မတီက ဆုံးဖြတ်သွားမည်ဖြစ်ပါသည်။ စိစစ်သုံးသပ်နေသော စက်ရုံတို့အနက် သံမဏိစက်ရုံတို့သည် နိုင်ငံတကာဘဏ္ဍာငွေအမြောက်အမြား ရင်းနှီးထားပြီးဖြစ်သည်ကတစ်ကြောင်း၊ တိုင်းပြည်အတွက် အရေးကြီးသော ထုတ်ကုန်ဖြစ်နေသည်ကတစ်ကြောင်းတို့ကြောင့် နိုင်ငံတကာအတိုင်ပင်ခံအဖွဲ့များ၏ အကူအညီဖြင့် စိစစ်သုံးသပ်သင့်သည်ဟု ယူဆပါသည်။ တိုင်းပြည်အတွက် မည်သို့မျှ အကျိုးအမြတ်မရှိနိုင်သော ထုတ်ကုန်ပစ္စည်းများထုတ်လုပ်နေသော စက်ရုံတို့ကိုမူ မလွှဲသာမရှောင်သာ ထာဝရရပ်ဆိုင်းရေးကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ပြည်ထောင်စုလွှတ်တော်တွင် လတ်တလောရပ်ဆိုင်းထားမည့် စက်ရုံတို့ရှိ နိုင်ငံတော်ဝန်ထမ်းတို့၏ အနာဂတ်အရေးကို အလေးအနက်ထား ဆွေးနွေးနေခြင်းသည် ကြိုဆိုရမည့်ကိစ္စရပ်ဖြစ်ပါသည်။ ဤနေရာ၌ နိုင်ငံတော်ပိုင်စက်ရုံတို့ကို ရပ်ဆိုင်းခြင်းသည် တစ်ဆင့်ပြီးတစ်ဆင့် အချိန်ယူဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ်သည်ဟူသော အချက်အပေါ် အလေးအနက်ထားထောက်ပြလိုပါသည်။ စိစစ်ရေးကော်မတီက စိစစ်သုံးသပ်နေသည့် ကာလအတွင်း ယာယီရပ်ဆိုင်းထားသည့် စက်ရုံတို့ရှိ နိုင်ငံတော်ဝန်ထမ်းတို့၏ လုပ်ခလစာတို့ကို ပေးအပ်နိုင်မည့်နည်းလမ်းတစ်ရပ်ရပ် ရှိနေမည်ဖြစ်၍ ဤကိစ္စအပေါ် စိုးရိမ်ပူပန်ရန် မလိုအပ်ဟုယူဆပါသည်။ စိစစ်သုံးသပ်နေသည့်စက်ရုံတို့အနက်မှ ပြည်တွင်းပြည်ပ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုပုံစံတစ်မျိုးမျိုးဖြင့် ဆက်လက်လည်ပတ်ရန် ဆုံးဖြတ်လိုက်သည့် စက်ရုံတို့ရှိ နိုင်ငံတော်ဝန်ထမ်းတို့၏ အနာဂတ်အရေးကို အဆိုပါ ပြည်တွင်းပြည်ပ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူတို့နှင့် ညှိနှိုင်းဆွေးနွေးထားသော လုပ်ငန်းပုံစံအပေါ်မူတည်၍ စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။ ထာဝရရပ်ဆိုင်းရန် စိစစ်ရေးကော်မတီက ဆုံးဖြတ်လိုက်သည့် စက်ရုံတို့ရှိ နိုင်ငံတော်ဝန်ထမ်းတို့၏ အနာဂတ်အရေးမှာ အဆိုပါစက်ရုံတို့ကို အပြီးတိုင်ရှင်းလင်းရောင်းချရာမှ ထွက်ပေါ်လာသော ဘဏ္ဍာငွေအပေါ်မူတည်၍ ကျွမ်းကျင်ပညာရှင်တို့၏ အကူအညီဖြင့် တစ်နည်းတစ်ဖုံဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။

ချုပ်၍တင်ပြရပါက စီးပွားရေးအရ အကျိုးအမြတ်မရှိသည့် နိုင်ငံတော်ပိုင်စက်ရုံတို့ကို လိုအပ်ချက်နှင့် အညီ ပြင်ဆင်ဖွဲ့စည်းစီမံဆောင်ရွက်သည့်အပေါ် နိုင်ငံတော်ဝန်ထမ်းတို့အနေဖြင့် မိမိတို့၏အနာဂတ်အပေါ် စိုးရိမ်သောက ဖြစ်စရာမရှိကြောင်း တင်ပြလိုရင်းဖြစ်ပါသည်။ ။

## (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

☆ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာ ခံယူလုပ်ဆောင်ရေး။

☆ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။

☆ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

### ရွှေဟောင်းသမိုင်းဝင် ဘော်ကြိုဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော် စည်ကားစွာကျင်းပ

**သီပေါ မတ် ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ဘော်ကြိုကျေးရွာတွင် လွန်ခဲ့သည့်နှစ်ပေါင်း ၂၀၀၀ ကျော်က သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ရွှေဟောင်းသမိုင်းဝင် ဘော်ကြိုဘုရားကြီး ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို ၁၃၇၈ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်မှ တပေါင်းလပြည့်နေ့အထိ ကျင်းပခဲ့သည်။

ပွဲတော်ရက်များအတွင်း ဘော်ကြိုဘုရားကြီး ရင်ပြင်ပေါ်၌ အသံမစဲမဟာပဋ္ဌာန်းပွဲ၊ ဆွမ်းတော်ကြီးကပ်လှူပွဲနှင့် ပျော်ပွဲရွှင်ပွဲများအပြင် မြန်မာဇာတ်၊ စင်တင်တေးဂီတ၊ ရိုးရာယဉ်ကျေးမှုအကများ၊ အခြားပျော်ပွဲရွှင်ပွဲများအပြင် ဒေသထွက်ကုန်အရောင်းဆိုင်များ၊ စားသောက်ဆိုင်များ၊ အလှကုန်နှင့် ရှမ်းရိုးရာအထည်ဆိုင်များ၊ မိုင်းကိုင်ဒေသမှ ရိုးရာအစားအစာနှင့် ရေတကောင်းမြေအိုးများ၊ ရိုးရာမီးဖိုချောင်သုံး စဉ့်ခွက်ပစ္စည်းများကို ဒေသခံများသာမက ကမ္ဘာလှည့်ခရီးသွားများပင် စိတ်ပါဝင်စားစွာ ဝယ်ယူခဲ့ကြကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း JICA Myanmar Office မှ Mr. Keiichiro Nakazawa နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၁၁**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းသည် JICA Myanmar Office မှ Chief Representative ဖြစ်သူ Mr. Keiichiro Nakazawa နှင့် ဂျပန်နိုင်ငံ JICA Headquarter ရှိ Loan and Grant Administration Department မှ Director General ဖြစ်သူ Mr. Masayuki Karasawa နှင့်အဖွဲ့အား ယမန်နေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် JICA ၏ အကူအညီဖြင့် နေပြည်တော် ရုံးအမှတ် (၁၇)၌ နိုင်ငံ့ဝန်ထမ်း အရာထမ်းများအား အရည်အသွေးမြှင့် သင်တန်းများ ဖွင့်လှစ်ပို့ချသင်ကြားနိုင်ရန် သင်တန်းသား ၂၀၀ ဆံ့ ပြည်သူ့ဝန်ထမ်းအကယ်ဒမီလေ့ကျင့်ရေး ဗဟိုဌာန (Civil Services Academy Training Center) အဆောက်အအုံတစ်လုံးနှင့် မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်မည့် ဝန်ထမ်းများနေထိုင်ရန်အတွက် အဆောက်အအုံ နှစ်လုံး တည်ဆောက်မည့်ကိစ္စရပ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ Training of Trainers (TOT) သင်တန်းများ ဖွင့်လှစ်ပို့ချပေးနိုင်ရေးနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု သင်တန်းတွင် ပြည်ထောင်စုရာထူးဝန် အဖွဲ့မှ သင်တန်းသားစေလွှတ်နိုင်ရေး ကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

### ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ရွှေဟောင်းဇုန်ရှိ ဘုရားမာဘုရား သွားရာလမ်း လှော့သော့ချောင်းကူး တံတားသစ် ဖွင့်

**ပြည် မတ် ၁၁။** ။ပဲခူးတိုင်းဒေသကြီး ပြည်မြို့အနီးရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် သရေခေတ္တရာယဉ်ကျေးမှုနယ်မြေရှိ အထင်ကရဘုရားတစ်ဆူဖြစ်သော ဘုရားမာဘုရားသို့သွားရာလမ်းရှိ လှော့သော့ချောင်းကူးတံတား (မေတ္တာသင်္ဂဟတံတား)အား အနုပညာရှင်များဖွဲ့စည်းထားသော မေတ္တာသင်္ဂဟအဖွဲ့မှ လှူဒါန်းပြီး မတ် ၈ ရက် နံနက်ပိုင်းက ဖွင့်ပွဲအခမ်းအနားကို ပြုလုပ်ခဲ့သည်။ အဆိုပါအခမ်းအနားသို့ ပျူမြို့ဟောင်းများ ထိန်းသိမ်းစောင့်ရှောက်ရေး နာယက၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး(ဥက္ကဋ္ဌ)ဒေါ်စန္ဒာခင်၊ ပြည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်း၊ ပြည်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်၊ မေတ္တာသင်္ဂဟအဖွဲ့မှ ရုပ်ရှင်သရုပ်ဆောင် ၂၀ ကျော်တက်ရောက်ခဲ့ပြီး ရွှေဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်မှ တာဝန်ရှိသူများ၊ သရေခေတ္တရာအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့များ၊ ဒေသခံဖိတ်ကြားထားသူများ တက်ရောက်ခဲ့သည်။ **ကိုလွင်(ဆွာ)**


ကြေးမုံ နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှသင်း၊ ဒေါ်စန္ဒာဝင်း

သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀) ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇန် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ပြည်တွင်းရေးရာ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၉)ကြိမ်မြောက် ရန်ကုန်ဓာတ်ပုံပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

○ **ရှေ့ဖုံးမှ**

ယခုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရင်းနှင့် ဓာတ်ပုံဆရာ၊ ဓာတ်ပုံဆရာမအဆင့် ရောက်သွားခဲ့သည်ကို မြင်ခဲ့ရကြောင်း၊ အရေးကြီးသည့်အချက်မှာ ၎င်းတို့၏ ဆန်းသစ်သည့် ဉာဏ်နှင့် အမြင်များကို ယခုပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်ကို တွေ့ခဲ့ရကြောင်း၊ မိမိတို့လူငယ်များထဲတွင် အလားအလာကောင်းသည်ဆိုသည်ကို အားပါးတရနှင့် တွေ့မြင်သိနိုင်ခဲ့ကြောင်း၊ ယခုပွဲဖြစ်မြောက်အောင် စီစဉ်ပေးသည့် ပြင်သစ်သံရုံး ယဉ်ကျေးမှုဌာနကို အထူးကျေးဇူးတင်ကြောင်း၊ မြန်မာနိုင်ငံသူ နိုင်ငံသားများ၏ အနုပညာစိတ်ဓာတ်ကို ယုံကြည်လေးစားအားပေးခြင်းဖြစ်ကြောင်း၊ အနုပညာကို အားပေးသည်ဆိုသည်မှာ ကမ္ဘာသူ ကမ္ဘာသားအားလုံးတို့ စိတ်ဝင်စားသည့် ဘာသာရပ်တစ်ခုကို အားပေးခြင်းပင်ဖြစ်ကြောင်း၊ အနုပညာမှစ၍ တစ်ယောက်နှင့်တစ်ယောက် နားလည်မှုများရယူပါကြောင်း၊ တူညီသည့် အခြေခံသဘောထားများရှိသည်ဆိုခြင်းကို ရရှိနိုင်ကြောင်း၊ ယခုပွဲတော်ကို အားပေးသည်ဆိုသည်မှာ အနုပညာစိတ်ဓာတ်သာမက လူမှုရေးစိတ်ဓာတ်ဖြင့် အားပေးခြင်းဖြစ်ကြောင်း၊ အဓိကထားပြီးလုပ်ဆောင်နေကြသည်မှာ ငြိမ်းချမ်းရေးကိစ္စဆိုသည်ကို အများနားလည်မှုရှိကြမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးရရန်ဆိုသည်မှာ အခြေခံအားဖြင့် တစ်ယောက်နှင့်တစ်ယောက် နားလည်မှုရှိရမည်ဖြစ်ကြောင်း၊ တစ်ယောက်နှင့်တစ်ယောက် နားလည်မှုမရှိပါက ငြိမ်းချမ်းရေးပဋိပက္ခများကို မည်သို့မျှ ဖြေရှင်းနိုင်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် လူသားများအကြား၊ မတူညီသည့် ယဉ်ကျေးမှုများအကြား၊ မတူညီသည့် အမြင်များအကြား ငြိမ်းချမ်းမှုနှင့် နားလည်မှုရအောင်လုပ်ပေးသည့် မည်သည့်အခမ်းအနားမျိုးမဆို မိမိတို့အနေဖြင့် ကြိုဆိုပါကြောင်း ပြောကြားသည်။

ယင်းနောက် (၉)ကြိမ်မြောက် ရန်ကုန်ဓာတ်ပုံညပြိုင်ပွဲဝင် ဓာတ်ပုံဇာတ်လမ်းများကို တင်ဆက်ပြသပြီး အကဲဖြတ်အဖွဲ့က ဆုများကို ရွေးချယ်ကြေညာသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က The Forgotten War အမည်ဖြင့် ပညာရှင်ပြိုင်ပွဲတွင် ပထမဆုရ ခွန်လတ်အား ဆုချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်ယဉ်ကျေးမှုဌာန ဒါရိုက်တာ Mr.Charles Bonhomme နှင့် တာဝန်ရှိသူများက ပညာရှင်ပြိုင်ပွဲတွင် ဒုတိယ၊ တတိယနှင့် အထူးဆုရရှိကြသူများနှင့် တက်သစ်စလူငယ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိကြသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဆုရရှိသူ မြန်မာဓာတ်ပုံဆရာများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြသည်။

ယခုကျင်းပသည့် (၉)ကြိမ်မြောက် ရန်ကုန်ဓာတ်ပုံညပြိုင်ပွဲတွင် မြန်မာနိုင်ငံဓာတ်ပုံဆရာများ၏ ပြိုင်ပွဲဝင်ဓာတ်ပုံဇာတ်လမ်း ၈၀ အနက် ၁၅ ခုကို ဆန်ခါတင်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲတွင် တက်သစ်စနှင့်ပညာရှင်ဟူ၍ နှစ်ပိုင်းခွဲခြားထားပြီး တက်သစ်စပြိုင်ပွဲဝင်ဓာတ်ပုံ ၆၅ ခုထဲမှ ၁၀ ခုကို လည်းကောင်း၊ ပညာရှင်ပြိုင်ပွဲဝင် ဓာတ်ပုံ ၁၅ ခုထဲမှ ငါးခုကို လည်းကောင်း ဆန်ခါတင်ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ယင်းတို့အနက်မှ ဆုများကို အကဲဖြတ်အဖွဲ့က ယနေ့ညကျင်းပသည့် အခမ်းအနားတွင် ပြန်လည်စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ဆုရွေးချယ်မှုကို နိုင်ငံတကာအတွေ့အကြုံရင့် ဓာတ်ပုံပညာရှင်များပါဝင်သည့် အကဲဖြတ်အဖွဲ့က စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာ-ပြင်သစ်ယဉ်ကျေးမှုဖလှယ်မှုမှာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလက (၅၅)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ရာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂ ရက်က ပြင်သစ်ယဉ်ကျေးမှုဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ပူးပေါင်း၍ ပြင်သစ်-မြန်မာယဉ်ကျေးမှုဖလှယ်ခြင်း (၅၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့တွင် မင်္ဂလာပါယဉ်ကျေးမှုပွဲတော်ကို ဒီဇင်ဘာ ၄ ရက်အထိ ခမ်းနားထည်ဝါစွာ ကျင်းပခဲ့ကြောင်း သိရသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး Mr.Olivier Richard၊ ပြင်သစ်ယဉ်ကျေးမှုဌာန ဒါရိုက်တာ Mr.Charles Bonhomme နှင့် တာဝန်ရှိသူများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ ဆုရဓာတ်ပုံဇာတ်လမ်းပြိုင်ပွဲဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



## ကုန်သေတ္တာ တင်သွင်း/တင်ပို့မှုများပြားချိန် ဆိပ်ကမ်းလုပ်ငန်းများ အခက်အခဲမဖြစ်စေရေး ဖြေရှင်းဆောင်ရွက်

**ရန်ကုန် မတ် ၁၁**

ရန်ကုန် ကုန်သေတ္တာဆိပ်ကမ်းများတွင် နှစ်စဉ်လုပ်ငန်းပမာဏ များပြားသော တင်သွင်း၊ တင်ပို့မှု များပြားချိန်သို့ ရောက်ရှိလာပြီဖြစ်သည့်အတွက် ဆိပ်ကမ်းလုပ်ငန်းများတွင် လုပ်ငန်းအခက်အခဲများ မဖြစ်စေရေးအတွက် ဖြေရှင်းဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁၀ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာနရုံးချုပ်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာ ညွှန်ကြားရေးမှူးများ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ မြန်မာနိုင်ငံ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ၊ အကောက်ခွန်ဝန်ဆောင်သူများအသင်း၊ ကုန်စည်ပို့ဆောင်သူများအသင်း၊ ကုန်သေတ္တာတင်ယာဉ်များအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကာ ဆွေးနွေးခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ကုန်သေတ္တာစခန်းများတွင် ကြုံတွေ့နေရသော လုပ်ငန်းအခက်အခဲများ၊ လုပ်ငန်းပမာဏများပြားသောကာလဖြစ်သည့်အတွက် အခြားထပ်မံကြုံတွေ့နေရသော လုပ်ငန်းအခက်အခဲများနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများအား ဆွေးနွေးခဲ့ပြီး အချိန်နှင့်တစ်ပြေးညီ ၂၄ နာရီ (နေ့၊ ည) ချက်ချင်းဖြေရှင်းပေးနိုင်ရန်အတွက် အကောက်ခွန်ဦးစီးဌာနသို့ ဆက်သွယ်အကြောင်းကြားနိုင်မည့် အစီအမံများကိုလည်း ရှင်းလင်းခဲ့ကြောင်း သိရသည်။

**(၀၀၁)**

## မီးဘေးအန္တရာယ်ကင်းဝေးရေး ပညာပေးဟောပြော

**ရန်ကုန် မတ် ၁၁**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗဟန်းဈေးတွင် မတ် ၈ ရက်က အနောက်ပိုင်းခရိုင် စည်ပင်သာယာရေးများရုံးမှ ခရိုင်မှူးဦးမောင်မောင်ဌေးနှင့် ဌာနခွဲမှူး ဦးညွန့်ဟန်တို့၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြို့နယ်တာဝန်ခံအရာရှိဌာနစုမှူး ဦးညဏ်လှိုင်ဦး၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးယဉ်မိုး၊ မြို့နယ်မီးသတ် ဒုတိယဦးစီးမှူး ဦးသန်းမောင်၊ မြို့နယ်အရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးတာဝန်ခံ ဦးလှသူတို့ဦးစီး၍ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးအဖွဲ့၊ ဈေးသာယာရေးအဖွဲ့၊ ဈေးဝန်ထမ်းများ၊အိမ်ရာကော်မတီဝင်များနှင့် ဈေးသူ ဈေးသားများပါဝင်သော စုပေါင်းအင်အား ၃၀ တို့နှင့်အတူ မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် ပညာပေးဟောပြောခြင်း၊ အိမ်ရာရှိ အိမ်ခန်းများသို့ လက်တွေ့ စစ်ဆေးဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့သည်။

**(ကြေးမုံ)**

## ရွှေကျင်မြို့နယ်တွင် ကျောက်များတူးခဲ့ရာမှ ရွှေများတွေ့ရှိ

**ရွှေကျင် မတ် ၁၁**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ဝင်းခနိမ်ကျေးရွာအုပ်စု ခလိန်ဒေသတွင် မတ် ၁၀ ရက် မွန်းလွဲ ၂ နာရီခွဲဝန်းကျင်ခန့်က ခလိန်ကျေးရွာသား (မိရိုးဖလာရွှေကျင်စားသောက်သူ)များက ပေါက်ပြား၊ သံတူရွင်းများဖြင့် ကျောက်ခဲများထုခွဲရာမှ ရွှေများ တွေ့ရှိခဲ့ကြောင်း သိရသည်။

ရွှေများထွက်သည့် သတင်းအရ မြို့နယ်ဦးစီးမှူး ဦးဇော်မြင့်သိန်း၊ မြို့နယ် သတ္တု(၂)တာဝန်ခံ ဦးကျော်မြင့်နိုင်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးရဲထွန်းအောင်၊ မြို့နယ်သစ်တောဦးစီးမှူး ဦးမြင့်ဦးနှင့် ဌာနဆိုင်ရာများ၊ ဝင်းခနိမ်ကျေးရွာအုပ်စု၊ တောင်ဘက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့်အတူ ခလိန်ဒေသသို့ ကွင်းဆင်းသွားရောက်ကြည့်ရှုခဲ့ရာ ဝင်းခနိမ်ကျေးရွာအုပ်စု ခလိန်ကျေးရွာတွင်နေထိုင်သော အိမ်ခြေ ၆၁ အိမ်ရှိသည့်အနက်မှ အိမ်ခြေ ၄၀ ခန့် ရွှေရရှိခဲ့ပြီး လွန်ခဲ့သောရက်များတွင် လူဦးရေ ၅၀၀ ခန့် ရွှေထွက်သည့်နေရာတွင် စုရုံးရောက်ရှိနေကြသဖြင့် KNU ငြိမ်းချမ်းရေးအဖွဲ့မှ ပြည်သူလူထုများ ပြဿနာတစ်စုံတစ်ရာ မဖြစ်ပွားစေရေး၊ ခိုက်ရန်မဖြစ်ပွားစေရေးအတွက် ယာယီထိန်းသိမ်းစောင့်ရှောက်ပေးထားသည်ကို စိစစ်တွေ့ရှိရကြောင်း သိရသည်။

အဆိုပါ ရွှေထွက်သည့် မြေနေရာသည် ရွှေကျင်မြို့ ပန်းဘဲတန်းရပ်ကွက်နေ ဦးသိန်းဝင်းက ပိုင်ဆိုင်ပြီး ၎င်းမြေကွက်အား ရွှေကျွန်းကြီးကုမ္ပဏီမှ ဦးသိန်းဝင်းနှင့် အကျိုးတူလုပ်ကိုင်ရန် အမှတ်(၂) သတ္တုတွင်းလုပ်ငန်းသို့ မတ် ၃ ရက်က လျှောက်ထားခဲ့ပြီး အမှတ်(၂) သတ္တုတွင်းလုပ်ငန်းမှလည်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ တင်ပြလျှောက်ထားပေးခဲ့သဖြင့် မတ် ၁၃ ရက်တွင် ရွှေကျွန်းကြီးကုမ္ပဏီမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပေးသွင်းရမည့် ရွှေ ၂၄ ကျပ်သားအား သွားရောက်ပေးသွင်းရမည်ဖြစ်ကြောင်း မှတ်တမ်းများအရ သိရသည်။

"မနေ့ကတော့ ရဲစခန်းကအဖွဲ့တွေ၊ အဲဒီကို တက်သွားတာတွေ့တယ်။ အဲဒီလိုဖြစ်တာကတော့ လေးရက်လောက်ရှိသွားပြီ။ သူကချောင်းတော့ မဟုတ်ဘူး။ သူများမောင်းခဲ့တဲ့ လုပ်ကွက်၊ အရင်တုန်းက ရွှေမောင်းခဲ့တဲ့ လုပ်ကွက်ကန်ကြီးပေါ့။ အဲဒီကန်က နေပြီးတော့ ရွှေမရဘူးဆိုပြီး လွှင့်ထားတဲ့အစာတွေပေါ့။ အခုရွှေတွေ တွေ့တာက အဲဒီစွန့်ပစ်စာတွေက နေရကြတာ။ ရွှေတွေကတော့ တအားထွက်တယ်။ နေရာကိုတောင်ဘက်ကမ်းက သွားရမှာ။ လောလောဆယ်တော့ တပ်နဲ့ တောဘက်ကပိတ်ထားတယ်။ အဲဒီလုပ်ကွက်ကို ဘယ်သူမှတော့ လုပ်ခွင့်မပြုသေးဘူး။ အဲဒီနေရာကို သွားလို့တော့ရတယ်။ သွားလုပ်လို့တော့မရဘူး။ ကျွန်တော်တောင် သွားဖို့ လုပ်ပြီးတော့ မသွားရဲလို့ မသွားလိုက်ဘူး"ဟု ရွှေကျင်မြို့ ဒေသခံတစ်ဦးက ပြောသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**



# ယီမင်အနောက်ပိုင်းတွင် ဆော်ဒီဦးဆောင်သည့် ညွန့်ပေါင်း လေတပ်ဖွဲ့တိုက်ခိုက်၍ လူ ၂၂ ဦးသေဆုံး

**ဂျီနီဗာ မတ် ၁၁**

ယီမင်နိုင်ငံအနောက်ပိုင်းရှိ ဈေးတစ်ဈေးကို ဆော်ဒီအာရေဗျဦးဆောင်သည့် ညွန့်ပေါင်းနိုင်ငံများအဖွဲ့လေတပ်မှ လေယာဉ်များက မတ် ၁၀ ရက်တွင် တိုက်ခိုက်ခဲ့ရာ လူ ၂၂ ဦးသေဆုံးပြီး လူပေါင်းများစွာထိခိုက်ဒဏ်ရာရကာ ဈေးမှာလည်း မီးလောင်ကျွမ်းခဲ့ကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပင်လယ်နီအနီးရှိ ငါးဖမ်းလုပ်ငန်းများလုပ်ကိုင်သည့် ခါအုခါမြို့မှ အာနိသင်လျော့ပါးသည့်မူးယစ်စေတတ်သော အရွက်များရောင်းချမှုဖြင့် လူသိများထင်ရှားသည့်ဈေးကို ညွန့်ပေါင်းလေတပ်မှ တိုက်လေယာဉ်များက ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ကယ်ဆယ်ရေးလုပ်သားများက မတ် ၁၀ ရက် ညပိုင်းတွင် မီးငြိမ်းသတ်ခဲ့ပြီး ရုပ်အလောင်းများကို အဆောက်အအုံအပြိုအပျက်အပိုင်းအစများအောက်မှဆွဲထုတ်ယူခဲ့ကြရသည်ဟု ဟိုဒီဒက်ရှ်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဟက်ရှမ်အဇာဇီက ပြောကြားသည်။ သေဆုံးသူအားလုံးမှာ အရပ်သားများဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ယင်းလေကြောင်းတိုက်ခိုက်မှုနှင့်ပတ်သက်၍ ဆော်ဒီဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူကမူ တစ်စုံတစ်ရာမှတ်ချက်ပေးပြောကြားခြင်းမရှိပေ။

ခါအုခါမြို့နှင့် ၎င်းမြို့အနီးရှိ ဟိုဒီဒတ်မြို့များသည် အီရန်၏ မဟာမိတ်ဟူသီ လက်နက်ကိုင်တိုက်ခိုက်ရေးသမားများ၏ ထိန်းချုပ်မှုအောက်တွင် ရှိနေသည်။ ဟူသီလက်နက်ကိုင်များသည် ၂၀၁၄ ခုနှစ်တွင် ယီမင်နိုင်ငံမြို့တော်ဆာနားကို တိုက်ခိုက်သိမ်းယူခဲ့ပြီး ဆော်ဒီအာရေဗျနိုင်ငံက ထောက်ခံမှုပေးထားသည့် ယီမင်သမ္မတ မန်ဆောဟာဒီနှင့် ၎င်း၏အစိုးရအဖွဲ့ဝင် များမှာ ပြည်ပသို့တိမ်းရှောင်ခဲ့ရသည်။

ဆော်ဒီအာရေဗျဦးဆောင်သော ညွန့်ပေါင်းလေတပ်က ယီမင်နိုင်ငံတွင်းရှိ စာသင်ကျောင်းများ၊ ဆေးရုံများ၊ ဈေးများနှင့် အရပ်သား နေအိမ်များကို တိုက်ခိုက်မှုများ အဆက်မပြတ်ပြုလုပ်ခဲ့ရာ မတ် ၁၀ ရက်တွင် ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုမှာ နောက်ဆုံးအကြိမ်ဖြစ်သည်။



ဆင်ဟွာ။



## ပူးပေါင်းဆောင်ရွက်မှုများအပေါ် ရုရှားနှင့် တူရကီခေါင်းဆောင်များ ကြိုဆိုထောက်ခံ

**မော်စကို မတ် ၁၁**

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တူရကီသမ္မတ ယီဆက်တေယပ်အာဒိုဂန်တို့က ၎င်းတို့နိုင်ငံများ၏ ဆီးရီးယားနိုင်ငံတွင် ပူးပေါင်းဆောင်ရွက်မှုများအပေါ် ကြိုဆိုထောက်ခံခဲ့ကြသည်။

ခေါင်းဆောင်နှစ်ဦးက မတ် ၁၀ ရက်တွင် မော်စကိုမြို့တော်၌ တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပခဲ့သည်။

ဆီးရီးယားအစိုးရနှင့် ဆန့်ကျင်ဘက်အဖွဲ့အစည်းများသည် ရုရှားနှင့် တူရကီနိုင်ငံတို့၏ ကြားဝင်ဖျန်ဖြေမှုကြောင့် အပစ်အခတ်ရပ်စဲပြီး တိုက်ရိုက်တွေ့ဆုံဆွေးနွေးမှုများ စတင်နေပြီဖြစ်ကြောင်း ပူတင်က ပြောကြားသည်။

မိမိတို့ခေါင်းဆောင်နှစ်ဦးသည် ဆီးရီးယားတွင် အိုင်အက်စ်ကဲ့သို့ အကြမ်းဖက်အဖွဲ့အစည်းများကို ပူးပေါင်းဆန့်ကျင်တိုက်ခိုက်ရေးအတွက် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့သွားမည်ဖြစ်ကြောင်းလည်း ပူတင်က အတည်ပြုပြောကြားသည်။

အာဒိုဂန်က ရုရှားနိုင်ငံမှ တူရကီနိုင်ငံကို ဖြတ်ကျော်တည်ဆောက်လျက်ရှိသည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်မှုစီမံကိန်း၏ တိုးတက်မှုများကို အားပေးထောက်ခံခဲ့သည်။ တူရကီတွင် ရုရှားနိုင်ငံ၏ အကူအညီဖြင့် နျူကလီးယားဓာတ်အားပေးစက်ရုံ တည်ဆောက်မည့် စီမံကိန်းကိုလည်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အာဒိုဂန်က ပြောကြားသည်။

၂၀၁၅ ခုနှစ်တွင် ဆီးရီးယားနိုင်ငံ၌ ရုရှားဗုံးကြဲလေယာဉ်တစ်စင်းကို တူရကီနိုင်ငံက ပစ်ချမှုဖြစ်ပွားပြီး နှစ်နိုင်ငံဆက်ဆံရေးအခြေအနေ တင်းမာခဲ့ရပြီးနောက်ပိုင်း နှစ်နိုင်ငံအပြန်အလှန်ဆက်ဆံရေး တိုးတက်ရန် အလေးထားလာခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ။**

## ထရန့်က အဘတ်စ်ကို အမေရိကန်သို့ ဖိတ်ခေါ်

**ဝါရှင်တန် မတ် ၁၁**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ရပ်ဆိုင်းထားသည့် အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ တိုင်ပင်ညှိနှိုင်းရေးအတွက် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်ကို အိမ်ဖြူတော်သို့လာရောက်ရန် ဖိတ်ခေါ်ခဲ့သည်။

ထရန့်နှင့် အဘတ်စ်တို့သည် ထရန့်သမ္မတတာဝန်စတင်ထမ်းဆောင်သည့် ဇန်နဝါရီလနောက်ပိုင်းမှစ၍ မတ် ၁၀ ရက်တွင် ပထမဆုံးအကြိမ် တယ်လီဖုန်းဆက်သွယ်စကားပြောဆိုခဲ့ကြသည်။

အရှေ့အလယ်ပိုင်းဒေသငြိမ်းချမ်းရေးသည် အကောင်အထည်ပေါ်လာနိုင်ဖွယ်ရှိပြီး သဘောတူညီမှုရရှိနိုင်မည့် အချိန်ရောက်ရှိလာပြီဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးသဘောတူညီမှုရရှိနိုင်ရေးအတွက် နှစ်ဖက်စလုံးက တိုက်ရိုက်ညှိနှိုင်းဆွေးနွေးရမည်ဖြစ်ကြောင်းနှင့် အမေရိကန်အနေဖြင့် ငြိမ်းချမ်းရေးရည်မှန်းချက်များ တိုးတက်မှုရရှိရေးအတွက် ပါလက်စတိုင်းနှင့် အစ္စရေးခေါင်းဆောင်များ အနီးကပ် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထရန့်ကပြောကြားသည်ဟု အိမ်ဖြူတော်တာဝန်ရှိသူများက ပြောကြားသည်။

အဘတ်စ်သည် မကြာမီကာလအတွင်း ဝါရှင်တန်သို့ သွားရောက်ဖွယ်ရှိကြောင်း ပါလက်စတိုင်းဘက်က ပြောကြားသည်။

ထရန့်သည် လွန်ခဲ့သည့်လက အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုကို ဝါရှင်တန်မြို့၌ လက်ခံတွေ့ဆုံစဉ် သမ္မတဟောင်း ဘာရက်အိုဘားမားထက် အစ္စရေးနိုင်ငံကို ပိုမိုအလေးထား လိုလားကြောင်းပြသခဲ့သည်။

ထရန့်က အစ္စရေးနိုင်ငံကို လိုလိုလားလားချဉ်းကပ်မှုအပေါ် ပါလက်စတိုင်းဘက်က စိုးရိမ်ခဲ့ရသည်။

**အင်န်အိတ်ချ်ကေ။**

## အာဖဂန်နစ္စတန် လေဆိပ်တစ်ခုကို အသေခံဗုံးခွဲတိုက်ခိုက်

**ကဘူး မတ် ၁၁**

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ခို့စ်ပြည်နယ်တွင် မတ် ၁၁ ရက် မွန်းလွဲပိုင်းက လေဆိပ်တစ်ခုကို ပစ်မှတ်ထားကာ အသေခံဗုံးခွဲတိုက်ခိုက်ပြီးနောက် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း အာဖဂန်နစ္စတန် တိုလိုရုပ်မြင်သံကြားသတင်းတွင် ဖော်ပြသည်။

ခို့စ်လေဆိပ်၏အရှေ့ဘက် ဂိတ်တံခါးတွင် အသေခံဗုံးဖောက်ခွဲသူတစ်ဦးက ဖောက်ခွဲရေးပစ္စည်းများတင်ဆောင်ထားသည့် ၎င်း၏မော်တော်ယာဉ်ကို ဖောက်ခွဲခဲ့ပြီးနောက် ပစ်ခတ်တိုက်ခိုက်မှုများဖြစ်ပွားခဲ့ကြောင်း တိုလို ရုပ်မြင်သံကြားသတင်းတွင် ဖော်ပြသည်။

ခို့စ်ပြည်နယ်ရဲတပ်ဖွဲ့အကြီးအကဲ ဖိုင်ဇူလာဂီရတ်က ယင်းတိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း အတည်ပြုပြောကြားသည်။

ခို့စ်ပြည်နယ်ရှိ စစ်ဘက်အခြေစိုက်စခန်းတစ်ခုကို မတ် ၁၁ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၃၀ မိနစ်တွင် သောင်းကျန်းသူများက တိုက်ခိုက်ခဲ့သည်ဟု ၎င်းက ဆင်ဟွာသတင်းသို့ ပြောကြားသည်။

ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ တိုက်ခိုက်မှုကျူးလွန်သူအား လုံခြုံရေးတပ်ဖွဲ့ဝင်များက သတ်ဖြတ်နိုင်ခဲ့သည်ဟု ပြောကြားခဲ့သော်လည်း အသေးစိတ်အချက်အလက်များကိုမူ တာဝန်ရှိသူများက ပြောကြားခြင်းမရှိပေ။ အမေရိကန်ဦးဆောင်သော နိုင်ငံခြားတပ်ဖွဲ့ဝင်များသည် ခို့စ်လေတပ်အခြေစိုက်စခန်း၌ တပ်စွဲထားသည်။ **ဆင်ဟွာ။**

## လက်ဝဲဝါဒီသူပုန်များ တိုက်ခိုက်၍ အိန္ဒိယလုံခြုံရေးတပ်ဖွဲ့ဝင် ၁၁ ဦးသေဆုံး

**နယူးဒေလီ မတ် ၁၁** - အိန္ဒိယနိုင်ငံအလယ်ပိုင်း ချတ်စ်ဂရာပြည်နယ်တွင် မတ် ၁၁ ရက်က လက်ဝဲဝါဒီ နာဆာလိုက်သူပုန်အဖွဲ့၏ တိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၁၁ ဦးထက်မနည်းသေဆုံးပြီး သုံးဦးထိခိုက်ဒဏ်ရာ ရရှိသွားကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ချတ်စ်ဂရာပြည်နယ် ဆက်ခ်မာခရိုင် ဘီဂျာရာဒေသတွင် ဗဟိုရဲတပ်ဖွဲ့၏အရန်တပ်ဖွဲ့မှ စစ်ရဲတပ်ဖွဲ့ဝင်များသည် လမ်းရှင်းလင်းရေး လေ့ကျင့်မှုပြုလုပ်နေစဉ် လက်နက်ကိုင်သူပုန်များက ပစ်ခတ်တိုက်ခိုက်၍ စစ်ရဲတပ်ဖွဲ့ဝင်ကိုးဦးမှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း အမည်ဖော်ပြခြင်းမရှိသည့် ရဲတပ်ဖွဲ့တာဝန်ရှိသူက ပြောကြားသည်။

အခင်းဖြစ်ပွားရာဒေသသို့ အိန္ဒိယရဲတပ်ဖွဲ့မှ အရန်တပ်ဖွဲ့ဝင်များအား စေလွှတ်ခဲ့ပြီး တိုက်ခိုက်မှုတွင် ပါဝင်ခဲ့သည့် လက်နက်ကိုင်သူပုန်များအား ဖမ်းဆီးရမိရေးအတွက် ပိတ်ဆို့ချေမှုန်းမှုများပြုလုပ်နေကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူက ပြောကြားသည်။

**ဆင်ဟွာ။**

## ပြည်တွင်းရေးရာ

# သီတဂူဆရာတော်ကြီး သက်တော် (၈၀)ပြည့် မွေးနေ့ ပင့်သံဃာအပါး ၁၀၀၀ အား ဆွမ်းကြီးလောင်း လှူဒါန်း

**စစ်ကိုင်း မတ် ၁၁**

သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ သက်တော် (၈၀)ပြည့် မွေးနေ့ အထိမ်းအမှတ်အဖြစ် တပည့်သံဃာတော်များနှင့် ပြည်တွင်း ပြည်ပမှ တပည့် ဒါယကာ ဒါယကာမများ၊ အလှူရှင်များက စစ်ကိုင်းမြို့ ထူပါရုံစေတီရင်ပြင်တော်တွင် စစ်ကိုင်းမြို့ မြို့မ ပင့်သံဃာတော် အပါး ၁၀၀၀ တို့အား ဆွမ်းကြီးလောင်းလှူ ကုသိုလ်ပြုခဲ့ကြသည်။

ထို့နောက် နံနက် ၈ နာရီ မိနစ် ၂၀ တွင် သီတဂူ မော်ကွန်းတိုက် ဆောက်လုပ်ရန် အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာ အကယ်ဒမီကျောင်း အရှေ့မြောက်ထောင့်နေရာ၌ ကျင်းပရာ သီတဂူဆရာတော်ကြီး အမှူးပြုသော ဆရာတော်များက သတ်မှတ်နေရာတို့၌ မင်္ဂလာအချိန်တွင် အုတ်မြစ်စီ မင်္ဂလာအခမ်းအနားဆောင်ရွက်ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

မတ် ၁၂ ရက် နံနက် ၅ နာရီတွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ စစ်ကိုင်းတောင်ရိုးရှိ ပင့်သံဃာတော်အပါး ၁၀၀၀ တို့အား ဆွမ်းကြီးလောင်းလှူကာ ညဦးယံတွင် သီတဂူ အဓိပတိဆရာတော်ကိုယ်တိုင် သီတဂူ သံဝေဇနိယ ဓမ္မဗိမာန်တော်ကြီးကို အခမ်းအနားဖြင့် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စိတ်ကြိုက်မြန်မာစာဖြေဆို

**နေပြည်တော် မတ် ၁၁**

တက္ကသိုလ်ဝင်စာမေးပွဲ စိတ်ကြိုက်မြန်မာစာဘာသာရပ်ကို ယနေ့နံနက် ၉ နာရီတွင် စတင်ဖြေဆိုရာ စာစစ်ဌာန သုံးခုတွင် ဖြေဆိုရန် စာရင်းသွင်းသူ သုံးဦးမှ နှစ်ဦး ဖြေဆိုပြီး တစ်ဦးပျက်ကွက်သဖြင့် ဖြေဆိုသည့်ရာခိုင်နှုန်း ၆၆ ဒသမ ၆၇ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

စိတ်ကြိုက်မြန်မာစာဘာသာရပ် ဖြေဆိုရန် တနင်္သာရီတိုင်းဒေသကြီး စာစစ်ဌာနတွင် ကျား တစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီး စာစစ်ဌာနတွင် မ တစ်ဦး၊ စင်ကာပူနိုင်ငံစာစစ်ဌာနတွင် မ တစ်ဦး စုစုပေါင်း သုံးဦး စာရင်းပေးသွင်းခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် စင်ကာပူနိုင်ငံစာစစ်ဌာန နှစ်ခုမှ နှစ်ဦးသာ ဖြေဆိုခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

**၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမှု အခြေပြဇယား**

ဘာသာ–စိတ်ကြိုက်မြန်မာစာ

ရက်စွဲ၊ ၁၁–၃–၂၀၁၇

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် | | | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | ကျား | မ | ပေါင်း | | |
| ၁ | တနင်္သာရီ | ၁ | ၁ (မောင်အောင်ရွှေ) | – | ၁ | – | – | ၀ | ၀.၀၀ | ၁ | – | ၁ | ၁၀၀.၀၀ | |
| ၂ | ရန်ကုန် | ၁ | – | ၁ (မမျိုးသီရိဝင်း) | ၁ | – | ၁ | ၁ | ၁၀၀.၀၀ | – | – | ၀ | ၀.၀၀ | |
| ၃ | စင်ကာပူနိုင်ငံ | ၁ | – | ၁ (မခင်မာကြည်) | ၁ | – | ၁ | ၁ | ၁၀၀.၀၀ | – | – | ၀ | ၀.၀၀ | |
| | စုစုပေါင်း | ၃ | ၁ | ၂ | ၃ | ၀ | ၂ | ၂ | ၆၆.၆၇ | ၁ | ၀ | ၁ | ၃၃.၃၃ | |

# ဆရာဝန်တင်ရွှေ စာပေဆု (၂၀၁၆) စာပေဆုရစာအုပ်များ ကြေညာ

**ရန်ကုန် မတ် ၁၁**

စာရေးဆရာကြီး ဆရာဝန်တင်ရွှေ အထိမ်းအမှတ်စာပေဆုများကို ၂၀၁၁ ခုနှစ်ထုတ်စာအုပ်များမှစ၍ ရွေးချယ်ချီးမြှင့်ခဲ့ရာ ယခု (၁၅) ကြိမ်မြောက် "ဆရာဝန်တင်ရွှေ စာပေဆု (၂၀၁၆)" အတွက် စာအုပ်လေးအုပ်နှင့် "စာပေဂုဏ်ဆောင်ဆု" ကို ဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ဆရာဝန်တင်ရွှေသည် "တင်ရွှေစာပေတိုက်"ကို ထူထောင်ခဲ့ပြီး မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ဗဟိုအမှုဆောင်ကော်မတီဝင်တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်သည်။

"ဆရာဝန်တင်ရွှေ စာပေဆု (၂၀၁၆)" စာပေဆုချီးမြှင့်ခံရသည့် စာအုပ်များမှာ ၂၀၁၅ ခုနှစ်အတွင်းထုတ်ဝေခဲ့သည့် စာအုပ်များအနက်မှ ဝင်းငြိမ်းဘာသာပြန်ဆိုပြီး ငါတို့စာပေက ထုတ်ဝေသည့် "နန်းကျဘုရင် (The King In Exile)" စာအုပ်၊ မခင်နု(ဒဿန)ရေးသားပြီး နေရီရီစာအုပ်တိုက်က ထုတ်ဝေသည့် ပုဂံဘုရား ပုဂံစကား ပုဂံသားစာအုပ်၊ ဒေါက်တာ ခင်စန်းမော်ရေးသားပြီး လင်းလွန်းခင်စာပေတိုက်က ထုတ်ဝေသည့် "အိမ်မွေးအချစ်တော်များ"စာအုပ်၊ ကျော်ကျော်လှိုင် ရေးသားပြီး Sun Thit Aung (KMA) ဘာသာပြန် ဆိုကာ SMART Knowledge Therapy က ထုတ်ဝေသည့် "A Study of the leadership skills of Ancient Myanmar Monarchs" စာအုပ်တို့ ဖြစ်ကြသည်။

ယခုနှစ်အတွက် ဆရာဝန်တင်ရွှေ "တစ်သက်သာ စာပေဂုဏ်ဆောင်ဆု" ကို စာရေးဆရာကြီး "ဦးဝင်းမောင် (မင်းယုဝေ)" အား ဆရာဝန်တင်ရွှေ စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့က ရွေးချယ်ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။


စာပေဆုပေးပွဲအခမ်းအနားကို ဧပြီ ၂ ရက်တွင် ရန်ကုန်မြို့ Novotel ဟိုတယ်၌ ကျင်းပမည်ဖြစ်ပြီး တင်ရွှေစာပေသို့ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များမှာ ၀၁-၅၃၆၄၄၄၊ ၀၉-၅၁၁၇၆၈၃တို့ ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# သိမ်ဖြူစာအုပ် လမ်းမကြီးပေါ်က စာပေဝါသနာရှင်တစ်ဦး၏ အတွေးစများ

ရန်ကုန်မြို့ သိမ်ဖြူစာအုပ်လမ်းမကြီးက စာပေဝါသနာရှင် စာကြမ်းပိုးများအတွက်တော့ တကယ့်အိုအေစစ်နေရာလေးတစ်ခုလို့ ပြော၍ရသည်။

အပတ်စဉ် စနေ၊ တနင်္ဂနွေရောက်လေတိုင်း သိမ်ဖြူစာအုပ်လမ်းမကြီးက သက်ဝင်လှုပ်ရှားလေ့ရှိသည်။ အပတ်စဉ်ဖြစ်၍ ရောင်းအားတက်ခြင်း၊ ကျခြင်း အတက်အကျရှိနေမည်ဖြစ်သော်လည်း သိမ်ဖြူစာအုပ်လမ်းမကြီးကား စာအုပ်ထုတ်ဝေသူ၊ စာအုပ် ဆိုင်ဖွင့်သူ စာပေလောကသားများနှင့် စာပေဝါသနာရှင် စာကြမ်းပိုးများအတွက်မူ အပတ်စဉ် ဆုံရပ်တစ်ခုဖြစ်နေခြင်းက သေချာသည်။



စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းတွင် ဖွင့်လှစ်ထားသည့် စာအုပ်အရောင်းဆိုင်များ၌ စာပေချစ်မြတ်နိုးသူများ စာအုပ်များ စိတ်ဝင်တစား ဖတ်ရှုဝယ်ယူ အားပေးနေကြစဉ်။

ကုန်လွန်ခဲ့သော ဆယ်စုနှစ်များကမူ ရန်ကုန်ပန်းဆိုးတန်းလမ်းမကြီးသည် လမ်းဘေးစာအုပ်ဆိုင်များ၏ ဘူမိနက်သန် နေရာတစ်ခုသာ။ စာပေဝါသနာရှင် စာကြမ်းပိုးများကလည်း တစ်ခေတ်တစ်ခါက ထုတ်ဝေခဲ့သည့် စာအုပ်များနှင့် ရှားပါးစာအုပ်များ ဝယ်လိုလျှင် ပန်းဆိုးတန်းစာအုပ်လမ်းမကြီးသို့သွားရသည်။

၁၉၈၈ ခုနှစ် မတိုင်ခင်က စာအုပ်ဈေးနှုန်းများကား ဈေးချိုသည်။ ကျီးပျော်စာပေက ထုတ်ဝေသည့် 'မေ့ပျောက်၍မရသော အောင်ဆန်း'စာအုပ်နှင့် မဟာစည်ဆရာတော်ကြီး၏ 'ပုရာဘေဒ' သုတ္တန်စာအုပ် နှစ်အုပ်ကို ငွေကျပ် ၂၀ ဖြင့် ကျွန်တော် ဝယ်ယူခဲ့ဖူးသည်။

ကျွန်တော့်ဖောက်သည် ဆိုင်ကမူ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ရုပ်ရှင်ရုံအောက်တွင်ရှိသည်။ ညပိုင်း ကျွန်တော်ပြန်လေတိုင်း သူ့ဆိုင်ကို ဝင်လေ့ရှိသည်။ အတ္ထုပ္ပတ္တိ စာအုပ်များက သူ့ဆိုင်တွင်စုံသည်။ တစ်အုပ်မှ ၃၅ ကျပ်မျှသာ။ နောက်ပိုင်း သူ့ကို ကျွန်တော်မတွေ့တော့။ အနီးအနား ဆိုင်များက လူများကိုမေးကြည့်တော့ 'ခင်ဗျား ဘော်ဒါအမွေရပြီး သူဌေးဖြစ်သွားလို့ စာအုပ်မရောင်းတော့ဘူး'ဟု ဆိုသည်။ ယခု သိမ်ဖြူစာအုပ်လမ်းမကြီးက လမ်းဘေးစာအုပ်ဆိုင်လေးများကို ငေးကြည့်လာရင်း သူ့ကို ကျွန်တော် သတိရလာသည်။ သူဌေးသားနှင့် စာပေသမားဘဝ ဘယ်ဟာက ကောင်းသလဲဟုလည်း စေ့ငုမေးမြန်းချင်သေးသည်။

တစ်ဆက်တည်းမှာပင် သူက သူဌေးဖြစ်သွား၍ စာပေလောကတွင် ဆက်လက်ကျင်လည်နေခြင်းရှိ မရှိကို ကျွန်တော် မသိတော့သော်လည်း ကျွန်တော်ကမူ လမ်းဘေးစာအုပ်တန်းလေးများကို ယခုတိုင် လျှောက်လှမ်းနေဆဲ၊ ငေးမောနေဆဲ။ ပိုက်ဆံပါလျှင် အနည်းဆုံးတစ်အုပ်ဝယ်မည်။ မပါလျှင် စာမြည်းအဖြစ် မြည်းစမ်းဖတ်ရှုရင်း ကြိုက်လျှင် တေးမှတ်ထားမည်။ ပိုက်ဆံလက်ထဲပိုလျှံမှ လာဝယ်ပါမည်။

ယခုစနေအပတ်တွင်မူ ဆရာအင်းစိန်အောင်စိုး၏ 'အုတ်ရိုးအတွင်း သံဆူးကြိုးဝင်းမှ လူဆိုးများ' စာအုပ်ကို ငွေကျပ် ၃၀၀၀ ဖြင့် ဝယ်ဖြစ်သည်။ စာရေးဆရာကြီး ရန်အောင်မောင်မောင်၏ 'ထောင်တစ်သက် အတွေ့အကြုံများ' စာအုပ်က အိမ်ရှိ စာအုပ်စင်တွင်ရှိသော်လည်း အုပ်ချုပ်သူ လူတန်းစားများ၏ ရှုထောင့်အပြင် အုပ်ချုပ်ခံ အကျဉ်းသားများ၏ ရှုထောင့်ကိုလည်း လေ့လာဖတ်ရှုဖို့ လိုသေးသည်။

ဆရာဇာဂနာ၏ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထအမည်ရှိ အကျဉ်းစံဘဝ အတွေ့အကြုံစာအုပ်များ၊ သတင်းစာဆရာကြီး ဦးဝင်းတင်၏ 'ဘာလဲဟဲ့ လူ့ငရဲ'၊ ဆရာမ မသီတာ စမ်းချောင်း၏ 'စမ်းချောင်း၊ အင်းစိန်၊ ဟားဗတ်'၊ ဆရာဇော်သက်ထွေး၏ 'အကျဉ်းစံဘဝ အတွေ့အကြုံ'စာအုပ်များကလည်း အထပ်ထပ်အခါခါ ဖတ်ရှု၍ မဝနိုင်သောစာအုပ်များ ဖြစ်လေသည်။

ခေတ်စနစ်ပြောင်းလဲမှုကြောင့်သာ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရသူများ၏ အကျဉ်းစံဘဝ အတွေ့အကြုံကို ကျွန်တော်တို့ဝယ်ယူဖတ်ရှုရခြင်းဖြစ်၍ တန်ဖိုးရှိလှသည်။ ဆရာအောင်စိုး၏ စာအုပ်မှာမူ သူတို့ ကျင်လည်ခဲ့ရာဘဝ အတွေ့အကြုံ ရှုထောင့်တစ်ခုမှ တင်ပြခြင်းဖြစ်၍ တစ်မျိုးတစ်မည်ထူးခြားပါလိမ့်မည်။

ထို့အတူ သိမ်ဖြူစာအုပ်လမ်းမကြီး၏ ပစ္စက္ခစာအုပ်ဆိုင်တန်းကလည်း တစ်မူထူးခြားနေပါသည်။ စာရေးသူ ဆရာအောင်စိုး၏ အမှတ်တရလက်မှတ်နှင့် 'ခင်မင်ခြင်းတွေရှိစေဖို့'ဟူသည့် အမှတ်တရစာသားလေးများကိုလည်း သူ့စာအုပ်တွင် တွေ့ရသည်။

အလားတူ သိမ်ဖြူစာအုပ်လမ်းမကြီးက စာပေဟောပြောပွဲများ၊ ဝတ္ထုထဲက ဇာတ်ကောင်များနှင့် စကားပြောခြင်း စသည့် စာပေလှုပ်ရှားမှုကဏ္ဍများကလည်း အတိတ်ပန်းဆိုးတန်းစာအုပ်လမ်းမကြီးနှင့် ကွာခြားနေသည်။

ကျွန်တော်ကတော့ ၁၉၀၅ ခုနှစ်က မြန်မာကျပ်ငွေ ၂ ဒသမ ၅ သန်းဖြင့် အကုန်အကျခံတည်ဆောက်ပြီးစီးခဲ့သော အင်္ဂလိပ်ခေတ်ရှေးဟောင်းဗိသုကာလက်ရာများဖြင့် ခံ့ညားထည်ဝါလှသည့် အတွင်းဝန်ရုံး (ဝန်ကြီးများရုံး)နှင့် ၁၉၀၂ ခုနှစ် တည်ဆောက်ခဲ့ပြီး ယခုနှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိ ဗဟိုပုံနှိပ်စက်ရုံတို့၏ အကြားတွင် ဖွင့်လှစ်ထားသည့် သိမ်ဖြူစာအုပ်လမ်းမကြီးကို ငေးကြည့်ရင်း တစ်ဆက်တည်းမှာပင် တစ်ချိန်က ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော နိုင်ငံ့ခေါင်းဆောင်ကြီးများ ကျောင်းသားဘဝမှာပင် စာပေဖတ်ရှုလေ့လာခဲ့ကြ၍သာ လွတ်လပ်ရေးအောင်ပန်းကို ရယူဆွတ်ခူးနိုင်ခြင်းဖြစ်ရာ မျိုးဆက်သစ်လူငယ်မောင်မယ်များလည်း စာပေဗဟုသုတများကို လေ့လာရှာမှီးကြဖို့ အတွင်းဝန်ရုံး(ဝန်ကြီးများရုံး)က သတိပေးနေသည့် သို့နှယ်ရှိနေသည်ကို တွေးမိပြန်သည်။

မြန်မာနိုင်ငံ၏သမိုင်းတွင် အလွန်အရေးပါခဲ့ပြီး (၂၀) ရာစုအစပိုင်းတွင် ရွှေကောက်ခံအစိုးရအဖွဲ့ စတင်ရုပ်လုံးပေါ်ရာ၊ ဒီမိုကရက်တစ်မြန်မာ့လူ့ဘောင်အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေစတင်ရေးဆွဲရာ၊ မြန်မာနိုင်ငံ၏ ပထမဦးဆုံး တိုင်းပြုပြည်ပြုလွှတ်တော် ကျင်းပခဲ့ရာနေရာ၊ ၁၉၄၇ ခုနှစ်တွင် မြန်မာ့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော နိုင်ငံ့ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသည့်နေရာ အတွင်းဝန်ရုံး (ဝန်ကြီးများရုံး) ဥပစာရှေ့ပလက်ဖောင်း၌ ဖွင့်လှစ်ရောင်းချပေးနေသော စာအုပ်ဆိုင်လေးများ၏ ပနံရလိုက်ဖက်မှုကြည့်ရင်း ပီတိလည်း ဖြစ်နေမိသည်။

သို့နှင့် ဤသမိုင်းဝင်နေရာရှေ့တွင် စာအုပ်ဆိုင်လေးများ စီစီရီရီဖြင့် ဖြစ်ပေါ်လာအောင် ဖွင့်လှစ်ခွင့်ပေးခဲ့သော စာရေးဆရာဘဝမှ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖြစ်လာသူ ဆရာဖေမြင့်နှင့်တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါသည်။

**ဆောင်းပါး -ခင်မောင်ထွေး**

**ဓာတ်ပုံ - ဇော်မင်းလတ်**

## ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး စစ်ဆေး

**ဟားခါး မတ် ၁၁**

ချင်းပြည်နယ် ဟားခါးမြို့တော်မှ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်၊ မြို့၊ ရွာများသို့ ဆက်သွယ်သွားလာ ပြေးဆွဲလျက်ရှိသော မော်တော်ယာဉ်လိုင်းကားများပေါ်တွင် ခရီးသွားပြည်သူများ လုံခြုံစိတ်ချ ဘေးအန္တရာယ်ကင်းရှင်းစွာ လိုက်ပါစီးနင်းသွားလာနိုင်ရေးတို့အတွက် မတ် ၁၀ ရက် နံနက် ၉ နာရီက ဟားခါးမြို့ ဝမ္မသူးမောင် အားကစားကွင်းအနီးရှိ မော်တော်ယာဉ်လိုင်းပေါင်းစုံဂိတ်နှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးအနီး ဗိုလ်ချုပ်လမ်းမကြီးပေါ်၌ ကွင်းဆင်းစစ်ဆေးသည်။

ယင်းသို့ ကွင်းဆင်းစစ်ဆေးရာ၌ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးဇော်မျိုးဝင်း၊ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှု ဌာနမှ ပြည်နယ်ဦးစီးမှူး ဦးကျော်လင်းထွန်း၊ ဟားခါးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်ဝင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲမှူးဘင်နီဖိုင်းနှင့် တပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်သောအဖွဲ့တို့က မော်တော်ယာဉ်များ ကြံ့ခိုင်မှုနှင့် ယာဉ်မောင်းလိုင်စင်များ ပါရှိမှု ရှိ-မရှိ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ အရက်သေစာ မူးယစ်သောက်စားမှု ရှိ-မရှိ စစ်ဆေးကြပြီး နောင်ကာလများတွင် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအပါအဝင် ခရီးသည်များအားလုံး ထိုင်ခုံခါးပတ်များ စနစ်တကျ ပတ်ထား ဆောင်ရွက်ရေးတို့ကို အသိပညာပေး စည်းရုံး ဟောပြောခဲ့ကြကြောင်း သိရသည်။ **ဟားခါး ခရိုင်ပြန်/ဆက်**

# ကမ်းပြိုကာကွယ်ရေးလုပ်ငန်းနှစ်ခု ဘတ်ဂျက်ကာလကျော်လွန်လုပ်ဆောင်ရမည်

**မုံရွာ မတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အဓိက ဖြတ်သန်းစီးဆင်းလျက်ရှိသော ချင်းတွင်းမြစ်၊ ဧရာဝတီမြစ်၊ မူးမြစ်နှင့် ချောင်းများတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု ဘတ်ဂျက်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေများဖြင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို လုပ်ဆောင်ပေးလျက်ရှိရာ ပြည်ထောင်စုဘတ်ဂျက်ဖြင့် လုပ်ဆောင်လျက်ရှိသော ကမ်းပြိုကာကွယ်ရေးလုပ်ငန်း သုံးခုမှ လုပ်ငန်းနှစ်ခုသည် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ခြင်းမရှိသဖြင့် သတ်မှတ်ကာလ ကျော်လွန်လုပ်ဆောင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြထားကြောင်း တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွေကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေနဲ့လုပ်ငန်း ၂၈ နေရာ၊ တိုင်းဒေသကြီးဖြည့်စွက်ရန်ပုံငွေနဲ့ လုပ်ငန်း သုံးနေရာ လုပ်ဆောင်နေပါတယ်။ ပြည်ထောင်စုဘတ်ဂျက်နဲ့ လုပ်ဆောင်တဲ့ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း သုံးနေရာမှာ တစ်ခုကတော့ သတ်မှတ်ကာလအတွင်းပြီးမှာပါ။ ကျန်တဲ့ လုပ်ငန်းနှစ်နေရာက လုပ်ငန်းကြီးတော့ သတ်မှတ်ကာလထက်ကျော်ပြီးမှ ပြီးမှာဖြစ်တဲ့အတွက် ဘဏ္ဍာနှစ်ကျော်လွန် လုပ်ဆောင်ခွင့်ပြုဖို့အတွက်ကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြထားပါတယ်" ဟု တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

ချင်းတွင်းမြစ်၊ ဧရာဝတီမြစ်နှင့် မူးမြစ်အတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအဖြစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၂၀၅၂ ဒသမ ၇၀ သန်းဖြင့် ၂၉ နေရာတွင်လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဖြည့်စွက်ရန်ပုံငွေ ကျပ် ၂၉၅ သန်းဖြင့် သုံးနေရာတွင်လည်းကောင်း၊ ပြည်ထောင်စုဘတ်ဂျက်မှ ငွေကျပ် ၉၀၈ သန်းဖြင့် သုံးနေရာတွင်လည်းကောင်း လုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုဘတ်ဂျက် ငွေကျပ် ၉၀၈ သန်းဖြင့် တမူးမြို့နယ် အတွင်းရှိ ကနန်ချောင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းသည် သတ်မှတ်ချိန်အတွင်းပြီးစီးမည်ဖြစ်ပြီး ရွှေဘိုခရိုင်အတွင်းရှိ ဝက်လက်မြို့နယ် မူးကြီးကျေးရွာ ကမ်းပြိုကာကွယ်ရေးနှင့် ဒီပဲယင်းမြို့နယ် မူးရိုးကုန်းကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတို့သည် လုပ်ငန်းကြီးသဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ခြင်း မရှိသဖြင့် ဘဏ္ဍာနှစ် ကျော်လွန်လုပ်ဆောင်နိုင်ရန် တင်ပြထားကြောင်း သိရသည်။



**ဝင်းဦး(ဧယျာတိုင်း)**

## ဂျပန် ချည်ထည်၊ လက်မှုထည်ဆိုင်ရာ ဒီဇိုင်းလုပ်ငန်းဆွေးနွေးပွဲကျင်းပ

**မန္တလေး မတ် ၁၁**

ဂျပန်နိုင်ငံဈေးကွက်အတွက် ချည်ထည်၊ လက်မှုထည်ဆိုင်ရာ ဒီဇိုင်းလုပ်ငန်းများကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုဆွေးနွေးပွဲကို မတ် ၁၀ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၄× ၇၈လမ်းထောင့် ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ ကျင်းပသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် အာဆီယံ-ဂျပန်စင်တာတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး အဆိုပါဆွေးနွေးပွဲသို့ မြန်မာ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ၊ ရက်ကန်းလုပ်ငန်းရှင်အသင်းမှ အသင်းသား ဒီဇိုင်းနှင့် ရက်ကန်းလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါမှ အဖွင့်အမှာစကား ပြောကြားပြီး မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းနှင့် အာဆီယံ-ဂျပန်စင်တာ စီမံချက်မန်နေဂျာ Ms. Michiko Shimizu တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ အသီးသီးပြောကြား၍ အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြသည်။

ထို့နောက် ကျွမ်းကျင်ပညာရှင် ဂျပန်နိုင်ငံ Gendar Merie Planning Office ဥက္ကဋ္ဌ Ms. Noriko Oki (Okura) မှ Handmade Textile and Design. ဂျပန်ချည်ထည်၊ လက်မှုထည်ဆိုင်ရာ ဒီဇိုင်းလုပ်ငန်းများနှင့် ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**၀၀၂**

# ကောင်းမွန်သော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှု တိုးမြှင့်ဆောင်ရွက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

**မကွေး မတ် ၁၁**

တရားဝင်သစ်တောထွက်ပစ္စည်းများ ဥပဒေနှင့်အညီ ကူးသန်းရောင်းဝယ် ဖွံ့ဖြိုးရေးဆိုင်ရာ ကောင်းမွန်သော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုတိုးမြှင့်ဆောင်ရွက်ခြင်း (FLEGT-VPA) ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို မတ် ၁၀ ရက် နံနက် ၉ နာရီက မကွေးမြို့နန်းထိုက်သူဟိုတယ်၌ ကျင်းပသည်။

အဆိုပါ (FLEGT-VPA) ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် မကွေးတိုင်းဒေသကြီး သယံဇာတ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်က မြန်မာနိုင်ငံ၏ သစ်တော ဖုန်းလွှမ်းမှုသည် ၁၉၇၅ ခုနှစ်မှာ ၆၁ ရာခိုင်နှုန်းရှိရာမှ ၂၀၁၀ ခုနှစ်တွင် ၄၇ ရာခိုင်နှုန်း၊ ၂၀၁၅ ခုနှစ်မှာ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းသို့ လျော့နည်းလာကြောင်း၊ ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ နှစ်ပေါင်း ၂၀ အတွင်း သစ်တောဖုံးလွှမ်းမှု ပျမ်းမျှနှစ်စဉ် သုည ဒသမ ၉၅ ရာခိုင်နှုန်း ဆုံးရှုံးနေသည်ကိုလည်း သစ်တောသယံဇာတ ကောက်ယူမှုစာရင်းများအရ တွေ့နိုင်ပါကြောင်း၊ သစ်တောပြုန်းတီးမှုကို ဖြစ်စေသော အကြောင်းအရင်း များစွာတွင် သစ်အလွန်အကျွံ ခုတ်လှဲထုတ်လုပ်ခြင်းသည် အရေးကြီးသော အကြောင်းရင်း တစ်ခုအဖြစ်ပါဝင်ကြောင်း၊ မြန်မာနိုင်ငံတွင် သစ်များကို အိမ်နီးချင်းနိုင်ငံများ အပါအဝင် အခြားနိုင်ငံများသို့ တရားမဝင် နည်းလမ်းမျိုးစုံဖြင့် တင်ပို့လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ အကျိုးဆက်များအနေဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးမှုများအပြင်၊ လူမှုစီးပွားရေးကိစ္စများကိုပါ ထိခိုက်လာပြီး နိုင်ငံအတွင်းတွင် အကျင့်ပျက်ခြစားမှုများကိုလည်း ဖြစ်ပေါ်လာစေကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင်သစ်ထုတ်လုပ်မှုများကြောင့် နိုင်ငံတော်ဝင်ငွေ ထိခိုက်နစ်နာနေရကြောင်း၊ တရားဥပဒေစိုးမိုးမှု အားနည်းခြင်း၊ စီးပွားရေးလက်ဝါးကြီးအုပ်သူများ၏ မြေယာရယူမှုများကြောင့် ဌာနေတိုင်းရင်းသားများမှာ ၎င်းတို့၏ မူလရပိုင်ခွင့်နှင့် အခွင့်အရေးများ ဆုံးရှုံးနေရကြောင်း ဝန်ကြီးက ဆိုသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု၏ လူမှုစီးပွား လုံခြုံစိတ်ချရရေးနှင့် စဉ်ဆက်မပြတ် ညီညွတ်မျှတသော သစ်တောသယံဇာတ ခွဲဝေသုံးစွဲနိုင်ရေးကို အထောက်အပံ့ဖြစ်စေတဲ့ သစ်တောစီမံခန့်ခွဲအုပ်ချုပ်ခြင်း တိုးတက်ကောင်းမွန်လာစေရန်အတွက် FLEGT-VPA ကို မြန်မာနိုင်ငံတွင် လုပ်ဆောင်ရန် လိုအပ်ခြင်းဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲတွင် National FLEGT Facilitator ဖြစ်သူ ဦးကျော်ထွန်းက အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်များ၊ FLEGT နှင့် ပတ်သက်သည့် အကြောင်းအရာများနှင့် တရားဝင်သစ်ဖြစ်ကြောင်း အာမခံသည့် စနစ်နှင့်ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံ၌ FLEGT-VPA လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မြမြထွေးက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ FLEGT-VPA တွင် အရပ်ဘက် လူမှုအဖွဲ့အစည်းကဏ္ဍ၏ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအကြောင်းကို မကွေးတိုင်းဒေသကြီးမှ စိမ်းရောင်စိုသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး Green Network Sustainable Group ညှိနှိုင်းရေးမှူး ဦးမျိုးမြင့်ဦး (ခ) ဦးအိုလာက ရှင်းလင်းတင်ပြကာ ပုဂ္ဂလိကကဏ္ဍ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအကြောင်းကို မြန်မာ နိုင်ငံ သစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များ အသင်းချုပ် (MFPMF) မှ အကြံပေး ပုဂ္ဂိုလ်ဦးမျိုးမင်းက ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်များအရ အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ အုပ်စုကိုယ်စားလှယ်များက ပြန်လည်ဆွေးနွေးတင်ပြခြင်းနှင့်အလုပ်ရုံဆွေးနွေးပွဲ ရလဒ်များအား စုစည်းတင်ပြခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

EU \ FLEGT Action Plan တွင် သစ်ထုတ်သော နိုင်ငံများအတွက် အထောက်အပံ့ တစ်ခုဖြစ်စေရန်၊ တရားဝင်သစ်ကုန်သွယ်မှုကို တိုးမြှင့်ဆောင်ရွက်စေရန်၊ တရားဝင်သစ် ဝယ်ယူရေးမူဝါဒ (Public Procurement Policy) ကို တိုးမြှင့်ဆောင်ရွက်စေရန်၊ ရှေ့ပြေးလုပ်ဆောင်မည့် ပုဂ္ဂလိက လုပ်ငန်းရှင်များကဏ္ဍ (Private Sector) ကို အထောက်အပံ့ဖြစ်စေရန်၊ ငွေကြေးထောက်ပံ့မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ လုံခြုံစိတ်ချရသော အကာအကွယ်အစီအမံများ (Safeguards) ဆောင်ရွက်ထားရှိလာစေရန်၊ ရှိပြီးသော (သို့မဟုတ်) အသစ်ပြင်ဆင်ထားသော ဥပဒေများကို သက်ဝင်ကျင့်သုံးလာစေခြင်းဖြင့် စီမံချက် (FLEGT Action Plan) ကို အထောက်အပံ့ဖြစ်စေရန်၊ မငြိမ်းချမ်းသော နေရာ ဒေသများမှ သစ်ထုတ်မှုများ (Conflict Timber)နှင့် ဆက်နွှယ်သည့်ပြဿနာများကို ဖြေရှင်းနိုင်စေရန် စသည်တို့ကို အဓိကထား လုပ်ဆောင်သွားမှာ ဖြစ်ကြောင်း တာဝန်ရှိသူ တစ်ဦးထံမှ သိရသည်။

ဆွေးနွေးပွဲသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ အရာရှိများ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ မကွေးတိုင်းဒေသကြီးရှိ CSOs အဖွဲ့များမှ ကိုယ်စားလှယ်များ၊ သစ်တောထွက်ပစ္စည်းဆိုင်ရာ ပုဂ္ဂလိက လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ FLEGT Interim Task Force မှ အဖွဲ့ဝင်များနှင့် FLEGT Secretariat ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**



# မြန်မာပြည်မှာ အလုပ်လုပ်ကြသူများ

ထိုက်

**အခွင့်အလမ်းတွေ ဆုံးရှုံးရတယ်**

အခုနောက်ပိုင်း မြန်မာပြည်က လုပ်ငန်းခွင်တွေမှာ အခြေခံလုပ်သားနေရာတွေကို နိုင်ငံခြားသားအလုပ်သမားတွေ ခေါ်ယူသုံးနေတဲ့အတွက် ကိုယ့်နိုင်ငံသားတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ဆုံးရှုံးရတယ်ဆိုပြီး မကျေမနပ်ပြောဆိုနေသံတွေ ကြားနေရပါတယ်။ အမှန်တကယ်လည်း ယခုလက်ရှိ မြန်မာပြည်ရဲ့လုပ်ငန်းခွင် (အထူးသဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပါတဲ့ ဆောက်လုပ်ရေး၊ တယ်လီကွန်း၊ ကုန်ထုတ်လုပ်မှု၊ ခရီးသွားနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းကဏ္ဍ)တွေမှာ နိုင်ငံခြားသားအလုပ်သမားတွေ တော်တော်များများတွေ့လာနေရပါတယ်။ ဒါက ဟိုအရင်ကတည်းကလည်း ရှိတော့ရှိခဲ့ပေမယ့် အဲဒီတုန်းကတော့ ရာထူးမြင့် ပညာရှင်လိုနေရာမျိုး၊ မန်နေဂျာနေရာမျိုးတွေကိုသာ ခန့်ထားခဲ့ကြတာ များတယ်။ အခုကျတော့ လက်ညှိုးထိုးမလွဲရှိနေတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းခွင်တွေရဲ့ အောက်ခြေ အခြေခံဝန်ထမ်းနေရာတွေမှာပါ ဘင်္ဂလားဒေ့ရှ်လို၊ ဗီယက်နမ်လို၊ ပြည်မကြီးက တရုတ်လို နိုင်ငံသားတွေကို တွေ့လာနေရပြီ။

**သူတို့က ကိုယ့်ဆီလာအလုပ်လုပ်၊ ကိုယ်က သူတို့ဆီ သွားလုပ်**

ကျွန်မကိုယ်တိုင်လည်း သူတစ်ပါးနိုင်ငံမှာ သွားရောက်လုပ်ကိုင်ဖူးသူမို့ အခု မကျေမနပ်ဖြစ်နေကြတဲ့ ခံစားချက်တွေကို သိပ်နားလည်ပါတယ်။ ကိုယ့်နိုင်ငံမှာ အလုပ်အကိုင်တွေ ရှားပါးတုန်းကလည်း ကိုယ်က သူများနိုင်ငံမှာ သွားလုပ်နေရတယ်။ အခု ကိုယ့်ဆီမှာ အခွင့်အလမ်းတွေ ပွင့်လာတဲ့အချိန်ကျတော့လည်း သူတို့ခေါ်လာတဲ့ အလုပ်သမားတွေက ကိုယ့်အလုပ်တွေကို လာဝင်လုပ်နေပြီး ကိုယ့်နိုင်ငံသားတွေက အခုအချိန်အထိ သူများနိုင်ငံမှာ သွားလုပ်နေရတုန်းဆိုတော့ ဘယ်လောက်အထိ မခံချင်ဖြစ်နေကြမယ်ဆိုတာ ကောင်းကောင်းသိပါတယ်။

**အဖြေရှာကြဖို့လို**

ဒါပေမယ့် ကျွန်မတို့ ပြဿနာတစ်ခုကို မျက်စိစုံမှိတ် မကျေမနပ်ဖြစ်နေတာထက် ဘာကြောင့် မကောင်းတာလဲ အဖြေရှာစေချင်တယ်။ ဘယ်လိုကောင်းအောင်လုပ်ကြမလဲ အဖြေရှာစေချင်ပါတယ်။ အမုန်းစကားတွေ အငြင်းပွားနေရုံနဲ့ အဖြေမှန်တစ်ခုဆီ ဦးမတည်တတ်ပါဘူး။ အခြေခံအကြောင်းအရင်းကို ရှာဖွေပြီး အမှန်တရားတစ်ခုကို ဆန်းစစ်လေ့လာကြည့်ရအောင်ပါ။ ဒီနေရာမှာ သကြားဖုံးထားတဲ့ အပေါ်ယံအခွံတွေကို ဖယ်ထုတ်စစ်ချပြီး အမှန်တရားကို မြင်တတ်ဖို့၊ လက်ခံတတ်ဖို့တော့ လိုပါတယ်။

**ဘယ်သူတွေ လုပ်ကိုင်ခွင့်ရလဲ**

ကျွန်မ လေ့လာမိသလောက်ဆိုရင် မြန်မာပြည်မှာ ရင်းနှီးမြှုပ်နှံချင်တဲ့ ဘယ်နိုင်ငံခြားအဖွဲ့အစည်း၊ ဘယ်ကုမ္ပဏီမဆို မြန်မာ့နိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် (MIC-Myanmar Investment Commission) အမ်အိုင်စီမှာ လုပ်ကိုင်ခွင့်ပါမစ်လျှောက်လွှာတင်ပြီး ခွင့်ပြုချက်ရမှသာ လုပ်ကိုင်ခွင့်ရှိပါတယ်။ အဲဒီလျှောက်လွှာတင်ရာမှာ လိုအပ်တဲ့အချက်အလက်စာရင်းကိုလည်း သူတို့ဝက်ဘ်ဆိုက်ထဲမှာ ဝင်လေ့လာလို့ရပါတယ်။ အချက်အလက်တွေ အများကြီးထဲမှာမှ ကျွန်မက လုပ်ငန်းခွင်အတွက် အလုပ်သမားခန့်ထားတဲ့အပိုင်းလေးကိုပဲ လေ့လာသုံးသပ်ချင်ပါတယ်။ အဲဒီထဲမှာ နိုင်ငံခြားသားကို ခန့်ဖို့ စည်းမျဉ်းဥပဒေနဲ့ မြန်မာနိုင်ငံသားကိုခန့်ဖို့ စည်းမျဉ်းဥပဒေကို နှစ်ပိုင်းခွဲပြီး ဖော်ပြထားပါတယ်။

**နိုင်ငံခြားသားကို ခန့်မယ်ဆိုရင်**

မြန်မာနိုင်ငံမှာ လုပ်ပိုင်ခွင့်ပါမစ်ကျထားပြီးတဲ့ ဘယ်အဖွဲ့အစည်းမဆို နိုင်ငံခြားသား မန်နေဂျာ၊ ပညာရှင်၊ အလုပ်သမား စသဖြင့် တရားဝင်ခန့်ခွင့်ရှိပါတယ်။ ဒါပေမယ့် ဖြစ်နိုင်ရင် မြန်မာနိုင်ငံသားကို ဦးစားပေးဖို့ တိုက်တွန်းထားပါတယ်။ နိုင်ငံခြားသားကိုခန့်ဖို့ လိုအပ်ချက်တွေက သုံးချက်ရှိပါတယ်။ ပထမအချက်က လုပ်ငန်းရှင်ဟာ သူခန့်ဖို့လျာထားတဲ့ နိုင်ငံခြားသားအလုပ်သမားအရေအတွက်ကို ရင်းနှီးမြှုပ်နှံမှုလျှောက်လွှာမှာ ဖြည့်စွက်ဖော်ပြပြီး အမ်အိုင်စီကိုတင်ရပါတယ်။ ဒုတိယအနေနဲ့ အမ်အိုင်စီ ခွင့်ပြုချက်ရပြီဆိုလျှင် ကုမ္ပဏီအနေနဲ့ လျှောက်လွှာမှာ ဖော်ပြခဲ့တဲ့အတိုင်း နိုင်ငံခြားသားများ ခန့်ထားခြင်းနှင့် ပါမစ်အတွက် ဆက်လက်လျှောက်ရပါမယ်။ ပြီးရင်တော့ အမ်အိုင်စီရဲ့ အတည်ပြုချက်နဲ့အတူ အလုပ်လုပ်ခွင့်ပါမစ်ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အောက်မှာရှိတဲ့ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှာ လျှောက်ရပါတယ်။ နေထိုင်ခွင့်နဲ့ ဗီဇာတွေကတော့ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနဆီက ရယူရပါမယ်။

**မြန်မာနိုင်ငံသား အလုပ်သမားတွေကို ခန့်မယ်ဆိုရင်**

ကျွန်မတို့ မြန်မာနိုင်ငံသားတွေကို အလုပ်ခန့်ဖို့အတွက်ကိုတော့ မြန်မာ့နိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ မှတ်ပုံတင်ထားတဲ့ စီးပွားရေးလုပ်ငန်းအားလုံး လိုက်နာရမယ့်အချက်တွေရှိပါတယ်။ မြန်မာနိုင်ငံအတွင်း လုပ်ငန်းစတင်လည်ပတ်ပြီး ပထမ နှစ်နှစ်အတွင်းမှာ ကျွမ်းကျင်လုပ်သားနဲ့ ပညာရှင်ရဲ့ ၂၅ ရာခိုင်နှုန်းက မြန်မာနိုင်ငံသားဖြစ်ရပါမယ်။ ဒုတိယနှစ်မှာတော့ ၅၀ ရာခိုင်နှုန်းခန့်အပ်ပြီး တတိယနှစ်မှာ ၇၅ ရာခိုင်နှုန်းအထိ ဖြစ်ရပါမယ်။ နိုင်ငံသားတွေအတွက် လုပ်ငန်းခွင်အရည်အချင်းတိုးတက်ဖို့ တွဲခေါ်သင်ယူပေးရပါမယ်။ ဒါမှ သူတို့ဆီက နည်းပညာတွေ၊ အတွေ့အကြုံတွေကို ကိုယ့်ဆီကသူတွေရရှိပြီး သတ်မှတ်ထားတဲ့အချိန်ကျရင် သူတို့နေရာတွေမှာ အစားထိုးခန့်ထားနိုင်မှာပါ။ အောက်ခြေ အခြေခံရာထူးနေရာတွေမှာ မြန်မာနိုင်ငံသားတွေကို ခန့်ရပါမယ်။ ရာထူးမြင့်နေရာတွေအတွက် လစာကို တစ်ပြေးညီပေးရပါမယ်။ ဥပမာ ရာထူးချင်းတူပေမယ့် မြန်မာနိုင်ငံသားကို လျှော့ပေးတာမျိုး မလုပ်ဖို့ပါ။ အလုပ်ခန့်စာကို မြန်မာပြည်ရဲ့အလုပ်သမားဥပဒေအတိုင်း လိုက်နာချုပ်ဆိုရပါမယ်။ အဲဒီမှာ အနည်းဆုံး လစာ၊ ခွင့်နဲ့ အလုပ်ပိတ်ရက်ခံစားခွင့်၊ အချိန်ပိုကြေး၊ ထိခိုက်နစ်နာမှုလျော်ကြေး၊ အာမခံ၊ လူမှုဖူလုံရေး စသည်ဖြင့် အလုပ်သမားဥပဒေမှာ သတ်မှတ်ထားတဲ့အတိုင်း လိုက်နာရမှာပါ။

**ဥပဒေအရတော့ သိပ်ကို ကောင်းပါတယ်**

အခု ကျွန်မရေးပြခဲ့တဲ့ အပိုင်းနှစ်ပိုင်းက ကျွန်မတို့ဆီက လုပ်ငန်းတွေမှာ နိုင်ငံခြားသားနဲ့ နိုင်ငံသားအလုပ်သမားတွေကိုခန့်ဖို့ သတ်မှတ်ထားတဲ့ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများပဲ ဖြစ်ပါတယ်။ လုပ်ငန်းအစမှာ နိုင်ငံခြားသားတွေနဲ့ တွဲဖက်လုပ်ကိုင် ပညာယူရင်း ကာလတစ်ခုအရောက်မှာ ကိုယ့်နိုင်ငံသားတွေနဲ့ အစားထိုးလုပ်ကိုင်သွားမှာမို့ အင်မတန်ကောင်းမွန်ပြည့်စုံလှပါတယ်။ ဒါပေမယ့် ဒီဥပဒေများကို တကယ်ပဲ ကျွန်မတို့ဆီမှာ လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေကြတဲ့ လုပ်ငန်းရှင်တွေ တကယ်လိုက်နာရဲ့လား ဆိုတာကတော့ တွေးစရာဖြစ်ပါတယ်။ သူတို့ကို လုပ်ငန်းစလုပ်ခွင့် မပေးခင်မှာကို အချင်းချင်းချိတ်ဆက်ပြီး ပူးပေါင်းလုပ်ဆောင်သွားကြရမယ့် ဝန်ကြီးဌာနတွေ အများကြီးရှိပါတယ်။

**ပူးပေါင်းလုပ်ဆောင်ကြရမယ်**

ဥပမာ သူတို့တွေ စာရင်းပေးထားတဲ့အတိုင်း နိုင်ငံခြားသား အလုပ်သမားတွေကို တကယ် ခန့်၊ မခန့်၊ အလုပ်သမားဥပဒေမှာ ပါတဲ့အတိုင်း မြန်မာနိုင်ငံသားတွေကို ခန့်ရမယ်လို့ သတ်မှတ်ထားတဲ့ ရာခိုင်နှုန်းအချိုးအတိုင်းရော တကယ် ခန့်၊ မခန့်၊ နိုင်ငံခြားသားတွေပြန်သွားတဲ့အခါ သူတို့နေရာမှာ ကိုယ့်နိုင်ငံသားတွေကို အစားထိုးခန့်သလား၊ ဒါမှမဟုတ် နောက်ထပ် နိုင်ငံခြားသားကိုပဲ ထပ်ရှာဖွေခန့်သလားဆိုတာတွေ စောင့်ကြည့်ဖို့ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှာ တာဝန်ရှိပါတယ်။ အဲဒီအလုပ်သမားတွေ ဘယ်လိုနေထိုင်ခွင့်ပါမစ်၊ အလုပ် လုပ်ခွင့်ပါမစ်၊ ဘာဗီဇာတွေနဲ့နေတယ်ဆိုတာ စစ်ဆေးဖို့ကျတော့ လူဝင်မှု ကြီးကြပ်ရေးဦးစီးဌာနနဲ့ သက်ဆိုင်သွားပါပြီ။ အဲလိုသိပြီးရင်တော့ မြန်မာပြည်မှာ အလုပ်လုပ်သူ ဝန်ထမ်းတိုင်း ပေးဆောင်ရမယ့် ဝင်ငွေခွန်ကို ကောက်ခံဖို့က အခွန်ဌာနနဲ့ဆိုင်သွားပြန်ပြီ။ အဲဒီထဲက အချိတ်အဆက် တစ်ခုလောက်လွဲတာနဲ့ ကိုယ့်တိုင်းပြည်အနေနဲ့ ရသင့်ရထိုက်တာတွေမရဘဲ ဆုံးရှုံးနစ်နာနိုင်တာမို့ ဌာနအချင်းချင်း ပူးပေါင်းလုပ်ဆောင်မှုက သိပ်အရေးကြီးလှပါတယ်။

**ဗီဇာ၊ နေထိုင်ခွင့်နဲ့ အလုပ်လုပ်ခွင့်**

အများစုက သိပြီးသားပေမယ့် တချို့နားလည်မှုလွဲနေတာကို နည်းနည်းလောက်ရှင်းပြချင်ပါတယ်။ ဗီဇာဆိုတာ ပြည်ဝင်ခွင့်ပါ။ ဗီဇာမှာလည်း တစ်ကြိမ်တည်း အဝင်လုပ်ခွင့်ရှိတဲ့ Single entry နဲ့ သတ်မှတ်ထားတဲ့ ကာလအတွင်း တစ်လ၊ သုံးလ စသဖြင့် အကြိမ်ကြိမ် ဝင်ခွင့်ရှိတဲ့ Multiple entry ဆိုပြီး ခွဲထားပါတယ်။ Multiple entry ရထားတဲ့သူက အဲဒီကာလအတွက် ဗီဇာထပ်လျှောက်စရာ မလိုတော့ပါဘူး။ အခုဆိုရင် တချို့ နှစ်နိုင်ငံ ဗီဇာကင်းလွတ်ခွင့် သဘောတူညီချက်ရထားတဲ့ နိုင်ငံတွေဆိုရင်လည်း ဗီဇာလျှောက်စရာမလိုတော့ပါဘူး။ ဗီဇာမှာမှ စီးပွားရေးဗီဇာ၊ အလည်အပတ်ဗီဇာ၊ ကျောင်းသားဗီဇာ စသဖြင့် ထပ်ကွဲပါသေးတယ်။ ဗီဇာရထားပြီးပေမယ့် အဲဒီသက်ဆိုင်ရာနိုင်ငံမှာ ဘယ်နှရက်နေခွင့်ပေးမယ်ဆိုတာကတော့ အင်မီဂရေးရှင်းနဲ့ ဆိုင်သွားပါပြီ။ လေဆိပ်အဝင် ကောင်တာက အရာရှိက ဘယ်နှရက်၊ ဘယ်နှလဆိုပြီး တုံးထုပေးလိုက်တာ နေထိုင်ခွင့်ပါ။ ပြီးတော့မှ အဲဒီနေထိုင်ခွင့်အတွင်းမှာ နေရင်းနဲ့ အလုပ်ရှာလို့ရရင် ခုနကပြောတဲ့ အလုပ်လုပ်ခွင့်ကတ်ကို ပေးတာပါ။ အလုပ်လုပ်ခွင့်ကတ် နောက်ကျောတွေမှာ ဝိုက်ကတ်သဘောမျိုး အကြိမ်ကြိမ်ဝင်ခွင့်ရှိတဲ့ Multiple entry ကိုပါ ထည့်သွင်းထားတာမို့ အဲဒီကတ်ကိုင်ဆောင်ထားတဲ့သူဟာ သူအလုပ်လုပ်နေတဲ့ သက်ဆိုင်ရာနိုင်ငံကို အလုပ်လုပ်ခွင့်ကတ် သက်တမ်းရှိနေသရွေ့ ဗီဇာမလိုဘဲ ဝင်ထွက်နေလို့ရပါတယ်။

**မလိုက်နာလို့ မရအောင် တင်းကျပ်လှတယ်**

ကျွန်မတို့ မြန်မာပြည်က သူများမီအောင်လိုက်မယ်လို့ ကြုံးဝါးလေ့ရှိတဲ့ စင်ကာပူက စနစ်နဲ့ပဲ အရင်နှိုင်းယှဉ်ကြည့်ချင်ပါတယ်။ ကျွန်မတို့ စင်ကာပူမှာ အလုပ်သွားရှာတဲ့အခါမှာ စင်ကာပူနိုင်ငံမှာ နေထိုင်ခွင့် တစ်လပဲ စပေးပါတယ်။ ပြီးရင် နောက်တစ်လ ထပ်တိုးခွင့် ရှိပါတယ်။ နှစ်လအတွင်းမှာမှ အလုပ်ရှာမရရင် စင်ကာပူနိုင်ငံက ပြန်ကို ထွက်ရပါတယ်။ အလုပ်ရှာတော့လည်း အလုပ်ရှင်က ဘယ်လောက်ပဲကြိုက်လွန်းလို့ ခန့်ချင်နေပါစေ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက လုပ်ကိုင်ခွင့်ပါမစ် (work permit) ထုတ်ပေးမှ လုပ်ခွင့်ရှိပါတယ်။ အဲဒီမှာ ခုနကနိုင်ငံသားနဲ့ နိုင်ငံခြားသားအလုပ်သမားခန့်ရမယ့် အချိုးကဏ္ဍနဲ့ ဆိုင်လာပါပြီ။ သတ်မှတ်ထားတဲ့ အချိုးအတိုင်းမရှိရင် ဘယ်နိုင်ငံခြားသားမှ ခန့်ခွင့်မပေးပါဘူး။ အင်မတန်တင်းကျပ်လှပါတယ်။

**အချိန်မရွေးကောက်စစ်လို့ရတယ်**

အပြင်သွားတဲ့အချိန်တွေမှာ အလုပ်လုပ်တဲ့သူတိုင်းဟာ ထုတ်ပေးထားတဲ့ အလုပ်လုပ်ခွင့်ကတ်ကို ကိုယ်နဲ့မကွာ ဆောင်ထားရပါတယ်။ အလည်သွားတဲ့သူဆိုရင်တော့ ပတ်စပို့ပေါ့။ အဲလိုခွဲထားတာကြောင့် အချိန်မရွေး ကောက်စစ်လိုက်ရင် ဒီလူက ဘယ်လိုနေထိုင်ခွင့်နဲ့ နေနေတာလဲဆိုတာ ဘယ်လိုမှ ညာလို့မရပါဘူး။ အလုပ်လုပ်ခွင့်ပေးထားတဲ့ သက်တမ်းကျော်နေရင်၊ ဒါမှမဟုတ် အလည်အပတ်အတွက် နေခွင့်ပေးထားတဲ့ သက်တမ်းကျော်နေပြီဆိုရင် သေပြီသာမှတ်ပါတော့။ လူအားလုံးကို သူတို့ရဲ့ သက်ဆိုင်ရာ ကတ်နံပါတ်တွေနဲ့ တွဲရက် စာရင်းသွင်းထားတာမို့ ကွန်ပျူတာထဲမှာ ကောက်ကြည့်လိုက်တာနဲ့ ဘယ်ကုမ္ပဏီမှာ ကျွမ်းကျင်လုပ်သားက ဘယ်နှယောက်၊ ကျွမ်းကျင်မဟုတ်တာက ဘယ်နှယောက်၊ အမြဲတမ်းနေထိုင်ခွင့် ပီအာက ဘယ်နှယောက်၊ စင်ကာပူနိုင်ငံသားက ဘယ်နှယောက် ရှိတယ်ဆိုတာ ချက်ချင်း စာရင်းထုတ်ပေးလို့ရပါတယ်။

**ဘယ်လိုခွဲခြားသိနိုင်မလဲ**

ကျွန်မတို့ဆီမှာ အဲလိုစာရင်းအတိအကျ ကောက်ယူနိုင်ပြီလား။ မြန်မာပြည်မှာ အလုပ်ဗီဇာနဲ့ လာလုပ်နေတဲ့ နိုင်ငံခြားသားအရေအတွက် ဘယ်လောက်ရှိတယ်ဆိုတာ သိချင်ရင် ချက်ချင်းသိနိုင်မလား။ ဘယ်လိုနည်းနဲ့ သိနိုင်သလဲ။ အဲဒီလိုစနစ်မျိုး ကျွန်မတို့ဆီမှာ ရှိနေပြီလား။ အခု ကျွန်မတို့ နိုင်ငံသားတွေ မကျေမနပ်ဖြစ်နေကြတဲ့ သူတို့ရဲ့အလုပ်အကိုင် အခွင့်အလမ်းတွေကို လုယူနေတယ်ဆိုတဲ့ နိုင်ငံခြားသားအလုပ်သမားတွေက ဘယ်လို ဗီဇာ၊ ဘယ်လိုနေထိုင်ခွင့်၊ ဘယ်လိုပါမစ်တွေနဲ့ နေထိုင်နေကြတယ်ဆိုတာ ကျွန်မတို့ သိနိုင်ပြီလား။ စီးပွားရေးဗီဇာ၊ အလည်အပတ်ဗီဇာနဲ့ ဝင်လာတဲ့သူတွေ အလုပ်လုပ်နေလား၊ မလုပ်နေလား စစ်ဆေးနိုင်ပြီလား။

**အားလုံးမှာ အလုပ်လုပ်ခွင့်ကတ် တကယ်ရှိနေလား**

အခုပြောခဲ့တာတွေက အမ်အိုင်စီရဲ့ ခွင့်ပြုချက်နဲ့ လုပ်ကိုင်နေတဲ့ ကုမ္ပဏီတွေ၊ အဖွဲ့အစည်းတွေအတွက်ပဲ ရှိပါသေးတယ်။ အမ်အိုင်စီမှာ မလျှောက်ဘဲ လုပ်ကိုင်နေတဲ့ တခြားလုပ်ငန်းခွင်၊ ကုမ္ပဏီတွေက ခန့်ထားတဲ့ ဝန်ထမ်းတွေကိုရော ဘယ်လိုစစ်ဆေးမှုတွေ လုပ်နိုင်မလဲ။ ဘယ်လုပ်ငန်းမှာ နိုင်ငံခြားသားအရေအတွက် ဘယ်လောက်၊ ဘယ်လိုအလုပ်လုပ်ခွင့်၊ ဘယ်လိုဗီဇာတွေနဲ့ နေထိုင်ခွင့်ရနေလဲ သိနိုင်ကြမလား။ သတင်းပေးကြပါလို့ ထိုင်ပြောနေရုံနဲ့တော့ ကိုယ့်ရှေ့ကိုအရောက် ဘယ်သူမှ လာသတင်းပို့မှာ မဟုတ်တာတော့ သေချာပါတယ်။ စာရင်းဇယား အတိအကျမရှိ၊ မသိနိုင်တာဟာ အင်မတန်အန္တရာယ်များလှပါတယ်။ ဥပမာ- မတော်တဆ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရခဲ့ရင် အသက်အာမခံကိစ္စ၊ လုံခြုံရေးကိစ္စ စသဖြင့် တွေးကြည့်ကြပါ။ ဘယ်သူက ဘယ်လို တာဝန်ယူကြမှာလဲ။ နောက်ပြီး စာရင်းအတိအကျမကောက်နိုင်တဲ့အတွက် အလည်အပတ်ဗီဇာနဲ့ ဝင်လာသမျှကို မြန်မာပြည်ကို နိုင်ငံခြားသားခရီးသွား အယောက် ဘယ်နှထောင်၊ ဘယ်နှသောင်း ဝင်လာပါတယ်ဆိုတဲ့ သတင်းအမှားတွေလည်း ပေးမိနိုင်သေးတယ် မဟုတ်လား။

**ကိုယ့်နိုင်ငံသားတွေကို တကယ်ကာကွယ်ပေးနိုင်ရမှာပေါ့**

တကယ်သာ သတ်မှတ်ထားတဲ့ စည်းမျဉ်းဥပဒေတွေအတိုင်း ကိုယ့်နိုင်ငံသားကို ကာကွယ်ပေးထားနိုင်မယ်ဆိုရင် ကျွန်မတို့ မြန်မာအလုပ်သမားတွေ ဘာမှစိတ်ပူစရာ၊ မကျေမနပ်ဖြစ်နေစရာ မလိုတော့ပါဘူးလေ။ အခြေခံအလုပ်သမားနေရာတွေသာမက၊ ရာထူးနေရာ အားလုံးကို သတ်မှတ်ထားတဲ့ အလုပ်သမားဥပဒေက ရာခိုင်နှုန်းအချိုးအတိုင်း စနစ်တကျ ခန့်ထားပါတယ်ဆိုတာ ရှင်းပြနိုင်ရင် အားလုံးကျေနပ်သွားမှာပါ။ ဒ့ါအပြင် ဘယ်သူက ဘယ်လစာနဲ့ လုပ်နေမှန်းသိနေပြီဆိုရင် ဝင်ငွေခွန်ဆောင်ရမယ့်သူ စာရင်းအရေအတွက်တွေကိုလည်း မှန်မှန်ကန်ကန်သိနေမှာမို့ တိုင်းပြည်လည်း အခွန်တွေတိုးရမှာမို့ သိပ်ကိုကောင်းမှာပေါ့။ ဒါပေမယ့် ကျွန်မတို့ဆီမှာ ဒီလို စည်းမျဉ်းဥပဒေတွေ ရှိထားတယ်ဆိုတာကို သက်ဆိုင်ရာဌာနက တာဝန်ရှိသူတွေ သိရှိဖို့တော့ အရေးကြီးပါတယ်။ သိရှိရုံနဲ့တင် မပြီးသေးပါဘူး။ ဥပဒေအတိုင်း မလိုက်နာရင် အကြောင်းကြားဖို့၊ သတိပေးအရေးယူဖို့ကလည်း လိုအပ်ပါတယ်။ လက်ရှိအခြေအနေအရတော့ စာရင်းဇယားမရှိဘဲ လက်တစ်လုံးခြားလုပ်နေတဲ့သူတွေ များနေတယ်ဆိုတာ အခုကြားနေရတဲ့ အသံတွေက သက်သေပါပဲ။

**လုပ်နေသူတိုင်း ကျွမ်းကျင်ကြလား**

ဒီမှာလာလုပ်နေတဲ့ အလုပ်ရှင်တိုင်း မြန်မာပြည်မှာ ချမှတ်ထားတဲ့ ဥပဒေတွေကို မဖြစ်မနေလိုက်နာအောင် တင်းကျပ်ထိန်းချုပ်ခဲ့ရင် လုပ်ငန်းရှင်များက မင်းတို့ဆီမှာ အရည်အချင်းမီ ကျွမ်းကျင်အလုပ်သမားတွေ အဆင်သင့်မရှိလို့ ငါတို့က ခေါ်လာရတာလို့ ပြောနိုင်ပါတယ်။ နိုင်ငံခြားသားတွေမရှိဘဲ မင်းတို့ချည်းပဲ လုပ်နိုင်ပြီလား၊ ဒါမှမဟုတ် နိုင်ငံခြားသားတွေကို လျှော့ချပြီး လက်တွေ့အကောင်အထည်ဖော်နိုင်ပြီလား၊ မင်းတို့က အဆင်သင့်ဖြစ်နေကြပြီလား၊ အသိအမှတ်ပြုလက်မှတ်တွေရော ရှိကြလားလို့လည်း ပြန်မေးကြမှာ သေချာပါတယ်။ ဒါကလည်း ထပ်ဆွေးနွေးရဦးမယ့် အချက်တစ်ချက်ဆိုတာ မှန်ပါတယ်။ သို့သော်လည်း အဲဒီအကြောင်းပြချက်နဲ့ဖြင့်တော့ ကျွန်မတို့ တိုင်းပြည်မှာ အစစ်အဆေး၊ အမေးအမြန်းမရှိ ဝင်ချင်သလို ဝင်၊ ထွက်ချင်သလို ထွက်၊ လုပ်ချင်သလို လုပ်ခွင့်ပြုနေရမှာတော့ မဟုတ်သေးပါဘူး။ ဒါဆို အခု နိုင်ငံခြားသား အလုပ်သမားတွေမှာရော ဘာလက်မှတ်တွေ ရှိသလဲလို့ ကျွန်မတို့က စစ်ဆေးပြီးမှ လုပ်ခွင့်ပြုတာလား။ သူတို့ရဲ့ ကျွမ်းကျင်မှုကိုရော ဘယ်လိုတိုင်းတာကြမှာလဲ။ ကိုယ့်နိုင်ငံမှာ ချမှတ်ထားတဲ့ ဥပဒေတွေကို ကိုယ်ကိုယ်တိုင်လေ့လာသိရှိ၊ လေးစားလိုက်နာပြနိုင်မယ်ဆိုမှ တခြားသူတွေကိုလည်း လိုက်နာအောင် တင်းကျပ်ထိန်းချုပ်ဖို့ မခက်တော့ဘူးမဟုတ်ပါလား။ ။

# ယာယီတိုက်ပွဲရှောင်စခန်းနေ မိသားစုများအား နေရာချထားပေးနိုင်ရေး ဆောင်ရွက်

**မြစ်ကြီးနား မတ် ၁၁**

ကချင်ပြည်နယ်အတွင်း ယာယီတိုက်ပွဲရှောင်စခန်းများရှိ မိသားစုများအား လူမှုရေး၊ စားသောက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးတို့ကို ပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြန်လည်ထူထောင်ရေးနှင့် နေရာချထားပေးနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက မြစ်ကြီးနားမြို့ ပလနကျေးရွာအုပ်စု ငွေပျော်စံပြကျေးရွာအနီးရှိ မြေနေရာအား ကွင်းဆင်းကြည့်ရှုပြီး ပြည်နယ်ဝန်ကြီးချုပ်က တိုက်ပွဲရှောင်မိသားစုများအတွက် နေထိုင်စရာမြေနေရာရရှိရေး ဆောင်ရွက်ရာတွင် စားဝတ်နေရေး၊ အလုပ်အကိုင် အခွင့်အလမ်းရရှိရေးတို့ကိုပါ ထည့်သွင်းစဉ်းစား၍ အချက်အချာကျသည့်နေရာတစ်ခုဖြစ်စေရေး လုပ်ထုံး၊ လုပ်နည်းဥပဒေများနှင့် စီစဉ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားပြီး ငွေပျော်စံပြကျေးရွာ၌ သချိုင်းမြေနေရာရရှိရေး ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



ကချင်ပြည်နယ်အတွင်း ၂၀၁၁ ခုနှစ် ဇွန်လမှစတင်၍ ပဋိပက္ခဖြစ်ပွားမှုကြောင့် နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်စခန်း ၉၀ ကျော်တွင် မိသားစုဝင် ၈၀၀၀ ကျော် နေထိုင်လျက်ရှိရာ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ UN , NGOs , INGOs အဖွဲ့များက ၎င်းမိသားစုဝင်များအတွက် စားနပ်ရိက္ခာနှင့် အလုပ်အကိုင်ရရှိရေးတို့အတွက် ကူညီထောက်ပံ့ပေးလျက်ရှိသည်။

**ပြည်နယ်(ပြန်/ဆက်)**

# လောက်ကိုင်မြို့နယ်နှင့် ကုန်းကြမ်းမြို့နယ်တို့၌ ညမထွက်ရအမိန့် ထုတ်ပြန်

**နေပြည်တော် မတ် ၁၁**

လောက်ကိုင်မြို့နယ်နှင့် ကုန်းကြမ်းမြို့နယ်တို့တွင် မတ် ၁၀ ရက်မှ စတင်၍ ည ၉ နာရီမှ နံနက် ၆ နာရီအထိ ညမထွက်ရအမိန့် ပုဒ်မ-၁၄၄ ထုတ်ပြန်ခဲ့ပြီး တာဝန်ရှိသူများက မြို့နယ်များတွင် အသံချဲ့စက်များဖြင့် လှည့်လည်ကြေညာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# လောက်ကိုင်မြို့မှ တိုက်ပွဲရှောင်ပြည်သူများ လားရှိုးမြို့ မန်ဆူကျောင်းတိုက်သို့ ထပ်မံရောက်ရှိ

**လားရှိုး မတ် ၁၁**

လားရှိုးမြို့ သီရိမင်္ဂလာ မန်ဆူကျောင်းတိုက်တွင် လောက်ကိုင်မြို့မှ တိုက်ပွဲရှောင်ပြည်သူ ၁၉၅ ဦး ယနေ့ထပ်မံရောက်ရှိလာကြောင်း သိရသည်။

အဆိုပါ မိသားစုဝင်များအား လားရှိုးခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ နေရပ်သို့ပြန်ရန်အတွက် မော်တော်ယာဉ် ၁၀ စီးဖြင့် မန္တလေးမြို့သို့ စီစဉ်ပို့ဆောင်ပေးခဲ့သည်။

တိုက်ပွဲရှောင်ပြည်သူများကို ဌာနဆိုင်ရာများ၊ ပရဟိတအဖွဲ့များ၊ အလှူရှင်များက လိုအပ်သည်များကို ကူညီပေးခြင်း၊ စားသောက်ဖွယ်ရာများ လှူဒါန်းခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **ဇော်လွင် (လားရှိုး)**

# မြန်မာသတင်းမီဒီယာစာတမ်းဖတ်ပွဲနှင့် စာနယ်ဇင်းဈေးရောင်းပွဲတော် ကျင်းပမည်

**ရန်ကုန် မတ် ၁၁**

မြန်မာနိုင်ငံသတင်းမီဒီယာသမိုင်းကို လူငယ်သတင်းသမားများနှင့် ပြည်သူများ လေ့လာသိရှိနိုင်စေရန်နှင့် သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ကြီးမှူး၍ ပထမအကြိမ် မြန်မာသတင်းမီဒီယာစာတမ်းဖတ်ပွဲကို မတ် ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါစာတမ်းဖတ်ပွဲတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ စာတမ်း ၁၀ စောင်အပါအဝင် စုစုပေါင်းစာတမ်း ၁၂ စောင်ကို ဖတ်ကြားသွားမည်ဖြစ်သည်။

မြန်မာသတင်းမီဒီယာစာတမ်းဖတ်ပွဲနှင့်အတူ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်၊ ရုပ်သံထုတ်လွှင့်မှု စသောလုပ်ငန်းများအကြောင်းကို ပြသမည့် စာနယ်ဇင်းဈေးရောင်းပွဲတော်ကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။ ပထမအကြိမ် ကျင်းပသည့် မြန်မာသတင်းမီဒီယာစာတမ်းဖတ်ပွဲနှင့် စာနယ်ဇင်းဈေးရောင်းပွဲတော်သို့ အများပြည်သူမည်သူမဆို လာရောက်လေ့လာနိုင်ရန် ဖိတ်ကြားထားသည်။ ရန်ကုန်မြို့တော်ဝန်၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာသတင်းမီဒီယာစာတမ်းဖတ်ပွဲကို မြို့တော်ခန်းမ၌ ကျင်းပနိုင်ခြင်းဖြစ်ကြောင်း သိရသည်။ **(အောင်သူရ)**



# တိုက်ပွဲရှောင်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**လားရှိုး မတ် ၁၁**

ကလေးလူကြီးပါဝင်သော လောက်ကိုင်တိုက်ပွဲရှောင်ပြည်သူများသည် မတ် ၁၀ ရက် မွန်းလွဲပိုင်းနှင့် ညဦးပိုင်းတို့တွင် လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်သို့ ထပ်မံရောက်ရှိလာကြသည်။

တိုက်ပွဲရှောင်ပြည်သူများအား မန်ဆူရှမ်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပုညနန္ဒနှင့် ကူညီစောင့်ရှောက်ရေးအဖွဲ့ဝင်များက ကြိုဆိုနေရာချထားပေးကြသည်။ တိုက်ပွဲရှောင်ပြည်သူများနှင့်အတူပါရှိလာသည့် ထိခိုက်ဒဏ်ရာရသူများနှင့် မကျန်းမာသူများကိုလည်း ပြည်သူ့ကျန်းမာရေးဌာနနှင့် တပ်မတော်ဆေးတပ်ဖွဲ့တို့က ဆေးဝါးကုသပေးခဲ့ကြသည်။

တိုက်ပွဲရှောင်ပြည်သူများအား မန်ဆူရှမ်းကျောင်းတိုက်မှတစ်ဆင့် ၎င်းတို့၏ နေရပ်ဒေသအသီးသီးသို့ ပြန်လည်သွားရောက်နိုင်ရေးအတွက် မော်တော်ယာဉ်များဖြင့် စီစဉ်ကူညီပေးသွားမည်ဖြစ်သည်။ တိုက်ပွဲရှောင်ပြည်သူများအတွက် ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်ပအလှူရှင်များနှင့် တစ်ဦးချင်းစေတနာရှင်များက စားသောက်ဖွယ်ရာပစ္စည်းများနှင့် အလှူငွေများကို နေ့စဉ်လာရောက်လှူဒါန်းပေးခဲ့ကြသည်။

လောက်ကိုင်ဒေသတွင် ကျန်ရှိနေသေးသော တိုက်ပွဲရှောင်ပြည်သူများအား အကူအညီပေးရန်နှင့် ပြန်လည်ခေါ်ဆောင်လာနိုင်ရန်အတွက် အကယ်ဒမီဝေဠုကျော်ဦးဆောင်သည့် ဝေဠုကျော်ဖောင်ဒေးရှင်းနှင့် ကြက်ခြေနီများ၊ ဒေသခံပရဟိတအဖွဲ့များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာသွားကြကြောင်း သိရသည်။ **(သီပေါကိုလတ်)**

## ○ ကျောဖုံးမှ

နှစ်သင်းစလုံး ပင်နယ်တီကန်ခွင့်များရခဲ့ပြီး ၄ မိနစ်တွင် GFA မှ မိုင်းအိုက်နိုင်၊ ၁၄ မိနစ်တွင် ရခိုင်အသင်းမှ မက်သယူးတို့က ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့သည်။ ၃၂ မိနစ်တွင် ကွင်းလယ်လူ မတ်စ်က GFA အတွက် အဝေးကန်ချက်ဖြင့် ဒုတိယဂိုးသွင်းခဲ့ပြီး ယင်းဂိုးမှာ ယခုရာသီ MNL ပြိုင်ပွဲ၏ ဂိုး ၁၀၀ မြောက် သွင်းဂိုးလည်းဖြစ်ခဲ့သည်။ GFA အသင်း၏ ဦးဆောင်မှုမှာ နှစ်မိနစ်သာကြာခဲ့ပြီး ၃၄ မိနစ်တွင် မက်သယူးက ရခိုင်အတွက် ချေပဂိုးပြန်သွင်းခဲ့သည်။

ဒုတိယပိုင်းတွင် GFA အသင်းက သရေရလဒ်ကို ထိန်းရန် ခံစစ်ဦးစားပေးကစားခဲ့ရာ ရခိုင်အသင်း ပိုဖိကစားနိုင်ခဲ့သည်။ ရခိုင်အသင်းသည် ဖိကစားနိုင်သော်လည်း စိတ်ကြိုက်ထိုးဖောက်နိုင်ခြင်းမရှိရာ ပထမပိုင်းလောက် ပွဲမှာသွက်လက်မှုမရှိခဲ့ပေ။ ပွဲပြီးခါနီးတွင် ရခိုင်အသင်း အနိုင်ဂိုးရခဲ့ပြီး ကောင်းမြတ်ဟန်က ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ ရခိုင်အသင်းသည် ယခုပွဲ အနိုင်ရလဒ်ကြောင့် ဇွဲကပင်နှင့် ဧရာဝတီကို ဖိအားပေးနိုင်ခဲ့သည်။

ပွဲစဉ် (၉) တတိယနေ့ကို မတ် ၁၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အောင်ဆန်းကွင်း၌ ဇွဲကပင်နှင့် ရန်ကုန်၊ မော်လမြိုင်ကွင်း၌ Southern နှင့် နေပြည်တော်၊ ပုသိမ်ကွင်း၌ ဧရာဝတီနှင့် ချင်းယူနိုက်တက်တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ စိုးညွန့်**

# မြဝတီမြို့နယ်တွင် ငွေစက္ကူကျပ်တစ်သောင်းတန်အတုများ သိမ်းဆည်းရမိ

**မြဝတီ မတ် ၁၁**

မြဝတီမြို့နယ် အင်ကြင်းမြိုင်ကျေးရွာအုပ်စုတွင် မြန်မာငွေစက္ကူ ကျပ်တစ်သောင်းတန်အတုများ သိမ်းဆည်းရမိခဲ့ကြောင်း မြဝတီ မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မတ် ၁၀ ရက် ည ၁၁ နာရီခွဲခန့်က မြဝတီမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ မြို့ပေါ်ရပ်ကွက်များအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ငွေစက္ကူအတုဟု ယူဆရသည့် မြန်မာငွေကျပ်တစ်သောင်းတန်များ အင်ကြင်းမြိုင်ကျေးရွာတွင် သုံးစွဲနေသည်ဟု သတင်းရသဖြင့် မြဝတီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ည ၁၁ နာရီခွဲက ငုဝါလမ်းထိပ်တွင် လူတစ်ဦးအားတွေ့ရှိသဖြင့် စစ်မေးရာ ၎င်းမှာ ကျော်မြင့်(ခ)ကျော်ကိုကိုမြင့် (၄၀)နှစ် အမှတ်(၄)ရပ်ကွက် မြဝတီမြို့နေသူဖြစ်ကြောင်း သိရပြီး ၎င်းဝတ်ဆင်ထားသည့် RC တံဆိပ်ပါ ဖြူညို၊ အစင်းကျားပါ ကျားဝတ်အင်္ကျီလက်ရှည်ဝဲဘက်အိတ်ကပ်အတွင်းမှ ကတ-၂၈၇၇၆၄၃၊ ကန-၇၁၂၃၄၉၆ အက္ခရာနံပါတ်ပါ မြန်မာငွေစက္ကူအတုဟု ယူဆရသော ကျပ် တစ်သောင်းတန် ၁၅ ရွက်အား တွေ့ရှိသဖြင့် သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

မြန်မာငွေကျပ်တစ်သောင်းတန်အတုဟု ယူဆရသော ငွေစက္ကူနှင့်ပတ်သက်၍ ကျော်မြင့်(ခ)ကျော်ကိုကိုမြင့်အား စစ်မေးရာ ယင်းငွေစက္ကူ ၁၅ ရွက်အား မတ် ၇ ရက် နံနက် ၇ နာရီခွဲတွင် ယခင်ထိုင်းနိုင်ငံမဲဆောက်မြို့တွင် အတူအလုပ်လုပ်ကိုင်ခဲ့ဖူးသော ကိုစိုင်း(စုံစမ်းဆဲ)ဆိုသူက မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ဘုရင့်နောင်ဈေးရှေ့တွင် ကျပ်တစ်ထောင်တန် ငွေစက္ကူအစစ် ၁၀ ရွက်နှင့်အတူ ငွေ တစ်သိန်းခြောက်သောင်းအား ဆေးဝါးကုသရန် ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျပ်တစ်ထောင်တန် ငွေစက္ကူ ၁၀ ရွက်အားသုံးစွဲပြီး မတ် ၉ ရက် နံနက် ၈ နာရီခွဲတွင် ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတားမှတစ်ဆင့် ထိုင်းနိုင်ငံ မဲဆောက်မြို့ရှိ ကျောင်းသားဆေးခန်းသို့ ဆေးကုသရန်သွားရောက်ခဲ့ကြောင်း၊ ဆေးခန်းမှ မတ် ၁၃ ရက်တွင် လာရောက်ပြသရန် ရက်ချိန်းပေးခဲ့သဖြင့် မြဝတီမြို့နယ် အင်ကြင်းမြိုင်ကျေးရွာတစ်ဖက်ကမ်းရှိ ထိုင်းနိုင်ငံဘက်ခြမ်း မယ်ကုလွမ်းကျေးရွာမှ အင်ကြင်းမြိုင်ကျေးရွာအတွင်းသို့ သောင်ရင်းမြစ်အား ဖြတ်ကူးကာ ပြန်လည်ဝင်ရောက်လာခဲ့ပြီး ယခုကဲ့သို့ ဈေးဝယ်နေစဉ် ငွေစက္ကူအတုများဖြစ်သဖြင့် သက်ဆိုင်ရာမှ ထိန်းသိမ်းခြင်းခံရကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

❐

# မောင်တောမြို့နယ်၌ နယ်ခြားစောင့်ရဲတပ်ဖွဲ့ထံမှ လက်နက်နှင့် ဆက်စပ်ပစ္စည်းများ လုယူထွက်ပြေး

**နေပြည်တော် မတ် ၁၁**

မောင်တောမြို့နယ် အောင်ဇံရွာတွင် လူငါးဦးအား ရဲကင်းသို့ခေါ်ယူစစ်ဆေးစဉ် ရဲတပ်ဖွဲ့ဝင်များအား လုံးထွေးတိုက်ခိုက်၍ လက်နက်သုံးလက်နှင့် ခဲယမ်းအချို့ လုယူထွက်ပြေးသွားကြောင်း သိရသည်။

မောင်တောမြို့နယ် နယ်မြေ(၂) အောင်ဇံရွာတွင် ဆိုင်ကယ်ငါးစီးဖြင့် တရားမဝင်ပစ္စည်းများ တင်ဆောင်လာကြောင်း ယနေ့ညနေပိုင်းတွင် ရွာသားတစ်ဦး၏ သတင်းပေးချက်အရ အောင်ဇံရဲကင်းမှူးနှင့်အဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဆိုင်ကယ်စီးလာသူ ငါးဦးအားတွေ့ရှိသဖြင့် အောင်ဇံရဲကင်းသို့ခေါ်၍ စစ်ဆေးရာ ၎င်းတို့နှင့်အတူ ဘီယာဘူး၊ ဆားကစ်ပြားနှင့် ရီမုများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

မသင်္ကာသူများအား စစ်ဆေးနေစဉ် ၎င်းတို့က ရဲတပ်ဖွဲ့ဝင်ငါးဦးအား လုံးထွေးတိုက်ခိုက်၍ ရဲကင်းမှ ဘီအေ ၉၄ နှစ်လက်(ကျည်အိမ်ကျည်မပါ)နှင့် ဘီအေ ၆၃ တစ်လက် (ကျည်အိမ်တစ်ခု ကျည်ဆန် ၁၅ တောင့်)တို့အားလုယူ၍ နယ်စပ်မှတ်တိုင် ၄၃ ဘက်သို့ ထွက်ပြေးသွားကြောင်း သိရသည်။

လက်နက်များ လုယူထွက်ပြေးသွားသူများအား နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များက လိုက်လံရှင်းလင်းလျက်ရှိပြီး ဖြစ်စဉ်အား ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်ခြားစောင့်တပ်သို့ အကြောင်းကြားထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကျင်းပ



အတွက် ကြိုတင်ပြင်ဆင်နေမှု၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)၏ ရုံးလုပ်ငန်းဆိုင်ရာများနှင့် အထွေထွေ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**သူရဇော်၊ ဖြိုးသန့်(သတင်းစဉ်)**

**နေပြည်တော် မတ် ၁၁**

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)၏ လုပ်ငန်းကော်မတီများမှ ညှိနှိုင်းမှုရလဒ်များကို သုံးသပ်နိုင်ရန်နှင့် ရှေ့လုပ်ငန်းစဉ်များ ရေးဆွဲနိုင်ရေးအတွက် ပူးတွဲကော်မတီအတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ကျင်းပသည်။**(ယာပုံ)**

အစည်းအဝေးသို့ အတွင်းရေးမှူးအဖွဲ့ဝင် ဦးခင်ဇော်ဦး၊ ဒေါက်တာ လျန်မှုန်းဆာခေါင်း၊ စိုင်းကျော်ညွန့်၊ ဦးဇော်ဌေး၊ ဦးစိုင်းလ၊ ဦးနိုင်ငံလင်း၊ ဦးလှမောင်ရွှေ၊ ဒေါ်စောမြရာဇာလင်း၊ မင်းကျော်ဇေယျာဦး၊ ဗိုလ်ချုပ်စိုးနိုင်၊ ဦးမျိုးဝင်း၊ ဦးတာလှဖေ၊ ဦးအောင်စိုး၊ ခွန်မြင့်ထွန်းနှင့် ဦးမြင့်စိုးတို့ တက်ရောက်ကြသည်။

ယနေ့ကျင်းပသည့် အစည်းအဝေးတွင် လုပ်ငန်းကော်မတီအစည်းအဝေးများ ကျင်းပနိုင်ခဲ့မှု၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်နေမှု၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)၏ ရုံးလုပ်ငန်းဆိုင်ရာများနှင့် အထွေထွေ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

# တိုင်းပြည်ကြီးကို ငြိမ်းချမ်းအောင်လုပ်ရမယ့် လုပ်ငန်းစဉ်ထဲမှာ လူထုအသံကလည်း အရေးကြီးပါတယ်

## ဒေါက်တာ လျန်မှုန်းဆာခေါင်း

**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ၏ လုပ်ငန်းကော်မတီအစည်းအဝေးများကို မတ် ၈ ရက်မှ ၁၀ ရက်အထိ နေပြည်တော် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ကျင်းပခဲ့သည်။**

**အဆိုပါ လုပ်ငန်းကော်မတီအစည်းအဝေးများ နှင့်စပ်လျဉ်း၍ ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့၏ အစည်းအဝေးကိုလည်း ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပခဲ့ရာ အစည်းအဝေးတွင် ပါဝင်ဆွေးနွေးကြသူများ၏စကားသံများကို ယခုလိုကြားသိရသည် -**



ဦးလှမောင်ရွှေ



ဒေါက်တာ လျန်မှုန်းဆာခေါင်း



စိုင်းကျော်ညွန့်

**ဦးလှမောင်ရွှေ**
**(ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့ဝင်)**

"ဒီနေ့ကျင်းပတဲ့ အတွင်းရေးမှူးများ အစည်းအဝေးမှာ လုပ်ငန်းကော်မတီတွေက ထွက်ပေါ်လာတဲ့အချက်အလက်တွေကို ဘယ်လိုစုစည်းရမယ်၊ ဘယ်လိုပုံစံမျိုးနဲ့ UPDJC ကို တင်ပြရမယ် ဆိုတဲ့အချက်တွေကို အဓိကထားဆွေးနွေးခဲ့ပါတယ်။ ဒါ့အပြင် ရှေ့ဆက်ပြီး ငြိမ်းချမ်းရေးညီလာခံအတွက်ပြင်ဆင်နေတဲ့ လုပ်ငန်းတွေကိုလည်း ဆွေးနွေးခဲ့ပါတယ်" ဟု ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့ဝင် ဦးလှမောင်ရွှေက ပြောသည်။

ညီလာခံမကျင်းပမီ လုပ်ငန်းကော်မတီနှင့် အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးများ ဆက်လက်ကျင်းပသွားမည် ဖြစ်ပါကြောင်း၊ လေးရက်ကြာကျင်းပခဲ့သည့် အစည်းအဝေးများတွင် ပါဝင်ဆွေးနွေးကြသော ကိုယ်စားလှယ်များအနေဖြင့် လူသစ်များဖြစ်သော်လည်း တက်တက်ကြွကြွနှင့် အားကြိုးမာန်တက် ပါဝင်ဆွေးနွေးခဲ့ကြပါကြောင်း၊ ထို့ပြင် အတွင်းရေးမှူးအဖွဲ့ အနေဖြင့်လည်း နေ့စဉ်တွေ့ဆုံ ဆွေးနွေးကြသည့်အတွက် အစည်းအဝေးရလဒ်များသည် ပိုမိုချောမွေ့ အဆင်ပြေလာသည်ကို တွေ့ရပါကြောင်း ၎င်းက ပြောကြားသည်။

**ဒေါက်တာ လျန်မှုန်းဆာခေါင်း**
**(ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့ဝင်)**

"လုပ်ငန်းကော်မတီ အစည်းအဝေးတွေကို ပထမဆုံး ကျင်းပနိုင်ခဲ့ပြီး ကျွန်တော်တို့အနေနဲ့ အတွေ့အကြုံအများကြီးရပါတယ်။ အရင်က လုပ်ငန်းကော်မတီတွေမှာ ဘာတွေလုပ်မယ်၊ ဘယ်လိုလုပ်မယ်ဆိုပြီး ကျွန်တော်တို့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ ဆွေးနွေးတင်ပြခဲ့ပါတယ်။ တကယ့်လက်တွေ့လုပ်ဆောင်တဲ့အခါမှာ ကျွန်တော်တို့ ရေးဆွဲထားတာတွေနဲ့ ကိုက်ညီတာရှိသလို မကိုက်ညီတာတွေကိုလည်း တွေ့ရပါတယ်။ ဒါတွေကို ကျွန်တော်တို့ ပြန်လည်သုံးသပ်နိုင်ခဲ့ပါတယ်။" ဟု အတွင်းရေးမှူးအဖွဲ့ဝင် ဒေါက်တာ လျန်မှုန်းဆာခေါင်းက ပြောသည်။

ယခု အစည်းအဝေးများ၏ အတွေ့အကြုံအရ နောင်ဆက်လက်ကျင်းပမည့် လုပ်ငန်းကော်မတီအစည်းအဝေးများ၌ ယခုထက် ပိုမိုပြီး အချက်အလက်စုံလင်ပြည့်စုံစွာ တင်ပြနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် လုပ်ငန်းကော်မတီအလိုက် အရေးကြီးသည့် အချက်များတွင် နည်းပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များကိုလည်း လိုအပ်သလိုခေါ်ယူဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နေရာတိုင်းကဏ္ဍအလိုက် ပညာရှင်များနှင့် ကျွမ်းကျင်သူများကို ခေါ်ယူဆွေးနွေးသင့်ကြောင်း ဒေါက်တာလျန်မှုန်းဆာခေါင်းက ပြောကြားသည်။

"ကျွန်တော်တစ်ဦးတည်းအမြင်နဲ့ သုံးသပ်ရရင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကနေ တက်လာတဲ့ စာတမ်းတွေက အင်မတန်မှ ကောင်းပါတယ်။ လူထုအသံလည်း ပါပါတယ်။ တိုင်းပြည်ကြီးကို ငြိမ်းချမ်းအောင် လုပ်ရမယ့် လုပ်ငန်းစဉ်ထဲမှာ လူထုအသံကလည်း အရေးကြီးပါတယ်။ အဲဒါကြောင့် လူထုပါဝင်ပတ်သက်နိုင်တဲ့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကို ကျင်းပရခြင်း ဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

**စိုင်းကျော်ညွန့်**
**(ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့ဝင်)**

"လုပ်ငန်းကော်မတီအစည်းအဝေးတွေ လုပ်လိုက်တာက အကျိုးအမြတ်အများကြီးရှိပါတယ်။ နောင်အစည်းအဝေးတွေကျရင် ကျွန်တော်တို့ ဘယ်လိုဆွေးနွေးမယ်၊ ဘယ်လိုခေါင်းစဉ်တွေကနေ ဆွေးနွေးမယ်၊ ခေါင်းစဉ်ငယ်တွေကို ဘယ်လိုခွဲမယ်ဆိုတာကအစ အခုတက်လာတဲ့ စာတမ်းတွေအပေါ်မှာ မူတည်ပြီး ပုံကြမ်းလောင်းနိုင်ခဲ့ပါတယ်။ အခုပုံကြမ်းတွေအပေါ် မူတည်ပြီး ဆွေးနွေးမှုတွေကို ဒီထက်ပိုပြီး အလွယ်တကူလုပ်နိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု စိုင်းကျော်ညွန့်က ဆိုသည်။

**တွေ့ဆုံမေးမြန်း - မိမိဖြိုး**
**အေးအေးသန့်(သတင်းစဉ်)**
**ဓာတ်ပုံ - ကျော်ဇင်ထိုက်(သတင်းစဉ်)**

# ပဋိပက္ခဒဏ်သင့် ဒေသခံပြည်သူများအတွက် အဆောက်အအုံများပြီးစီး ရိက္ခာဆန်များလွှဲပြောင်းပေးအပ်



**မြဝတီ မတ် ၁၁**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် လေးကေ့ကော်မြို့သစ်တွင် မြန်မာနိုင်ငံ အရှေ့တောင်ဒေသရှိ ပဋိပက္ခဒဏ်သင့် ဒေသခံပြည်သူများအတွက် တည်ဆောက်သောအဆောက်အအုံများ ပြီးစီးမှုအထိမ်းအမှတ်အခမ်းအနားနှင့် ရိက္ခာဆန်များ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို မတ် ၁၀ ရက် နံနက် ၉ နာရီက ဒူးပလာယာ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်တို့က အဖွင့်အမှာစကားပြောကြားပြီး ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ရိုဟီဆာဆာကာဝါ၊ မြန်မာနိုင်ငံ ဂျပန်သံရုံး ဒုတိယသံအမတ်ကြီး မစ္စတာ မာဂူယာမာတို့က လုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြောကြားကာ ကရင်အမျိုးသားအစည်းအရုံး(KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ဆာ့သူးလေအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းတို့က ထောက်ပံ့ငွေများပေးအပ်ခဲ့ပြီး လေးကေ့ကော်မြို့သစ် တည်ဆောက်ရေးနှင့် စီမံခန့်ခွဲမှုကော်မတီမှ ဧည့်သည်တော်များအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်၊ ကရင်အမျိုးသားအစည်းအရုံး(KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုး၊ ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ရိုဟီဆာဆာကာဝါ၊ မြန်မာနိုင်ငံ ဂျပန်သံရုံး ဒုတိယသံအမတ်ကြီး မစ္စတာ မာဂူယာမာတို့က မြန်မာနိုင်ငံအရှေ့တောင်ဒေသရှိ ပဋိပက္ခဒဏ်သင့် ဒေသခံပြည်သူများအတွက် တည်ဆောက်သော အဆောက်အအုံများ ပြီးစီးမှုအထိမ်းအမှတ်ကျောက်တိုင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါအဆောက်အအုံများကို ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းက ကူညီထောက်ပံ့လှူဒါန်းပြီး ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ရိက္ခာဆန်များလွှဲပြောင်းပေးအပ်ကာ အမှတ်တရသစ်ပင်များစိုက်ပျိုး၍ ငြိမ်းချမ်းရေးအထိမ်းအမှတ် ချိုးဖြူငှက်များ လွှတ်ခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မြန်မာ့လက်ဖက်စိုနှင့် လက်ဖက်ခြောက် ပြည်ပစျေးကွက်သို့ တင်ပို့နေသော်လည်း အသိအမှတ်ပြုလက်မှတ်ရရှိရန် ခက်ခဲနေ

**မန္တလေး မတ် ၁၁**

မြန်မာ့လက်ဖက်စိုနှင့် လက်ဖက်ခြောက် ပြည်ပစျေးကွက်သို့ တင်ပို့နေသော်လည်း အော်ဂဲနစ် အသိအမှတ်ပြုလက်မှတ်များရရှိရန် အခက်အခဲများ ဖြစ်နေကြောင်း မြန်မာ့လက်ဖက်အစုအဖွဲ့မှ အတွင်းရေးမှူး ဦးသိန်းထွေးက ပြောသည်။



မြန်မာ့လက်ဖက်စို၊ အချိုခြောက်နှင့် အခါးခြောက်တို့ကို ၂၀၁၉ ခုနှစ်တွင် ဥရောပနှင့် အာရှသို့ စျေးကွက်ရရှိရန် ရည်ရွယ် ဆောင်ရွက်လျက်ရှိပြီး ယခုအခါ မြန်မာ့လက်ဖက်ခြောက်အား ဂျာမနီနိုင်ငံသို့တင်ပို့ကာ အမေရိကန်နိုင်ငံသို့ လက်ဖက်အစိုတင်ပို့နေပြီး ဂျပန်နိုင်ငံမှ ဝယ်ယူရန် ကမ်းလှမ်းမှုရှိနေကြောင်း သိရသည်။

"ပြည်ပကို တင်ပို့ဖို့အတွက် တောင်သူတွေအနေနဲ့ အော်ဂဲနစ်လက်မှတ်ရရှိဖို့ ခက်ခဲနေတယ်။ လုပ်မယ်ဆိုရင်လည်း ကုန်ကျစရိတ်က မြင့်မားနေပါတယ်။ ဒါကြောင့် ပြည်တွင်းအော်ဂဲနစ်အသိအမှတ်ပြုအဖွဲ့နဲ့ ပြည်ပစံချိန်စံညွှန်းမီ အော်ဂဲနစ်လက်မှတ်ထုတ်ပေးရေးအဖွဲ့တို့ပူးပေါင်းပြီး တောင်သူတွေကို အကူအညီပေးဖို့ လိုအပ်နေပါတယ်"ဟု ၎င်းက ပြောသည်။

ယင်းသို့ လက်မှတ်ပြုလုပ်ရာတွင် ငွေကျပ် သိန်းတစ်ရာခန့်ကုန်ကြကြောင်း၊ မြန်မာ့လက်ဖက် နိုင်ငံတကာထက် အားသာသည့်အချက်မှာ ဓာတုဆေးသုံးစွဲပြီး စိုက်ပျိုးထားခြင်းမရှိသော အော်ဂဲနစ်ထွက်ကုန်ဖြစ်သော်လည်း ပြည်ပတင်ပို့မှုအတွက် အော်ဂဲနစ်လက်မှတ်ရရှိရန် အခက်အခဲဖြစ်နေကြောင်း ဆက်လက်ပြောသည်။

ပြည်ပသို့ လက်ဖက်တင်ပို့ရန် FDA ခွင့်ပြုချက်နှင့် သန့်ရှင်းသပ်ရပ်မှုကို ဖော်ပြနိုင်သည့် HACCP standard လက်မှတ်ရရှိရန် ကြိုးစားရသည့်အပြင် အော်ဂဲနစ်လက်မှတ်ရရှိရန်လည်း ကြိုးစားရကြောင်း၊ အရည်အသွေးမြင့် ထုတ်ကုန်ဖြစ်စေရန် ဂျာမနီနိုင်ငံမှ GIZ အဖွဲ့အစည်း၏ အကူအညီဖြင့် ထုတ်လုပ်မှုစနစ်များပြောင်းလဲခြင်းနှင့် အသိအမှတ်ပြုလက်မှတ်များရရှိရေးတို့ကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"ပြည်ပပို့ကုန်တစ်ခုဖြစ်ဖို့အတွက် မြန်မာနိုင်ငံက FDAနဲ့အမေရိကန် FDA တို့ကို အဆင့်ဆင့်ဖြတ်သန်းရပါတယ်။ ဒီလို ဖြတ်သန်းတဲ့အခါမှာ ကိုယ့်ဘက်ကပစ္စည်းက သန့်ရှင်းသပ်ရပ်မှု အဓိက လိုအပ်တဲ့အတွက် ထုတ်ကုန်တွေကို အရည်အသွေးမြင့်ရပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

အမေရိကန်နိုင်ငံတွင် မြန်မာ့လက်ဖက်အစိုကို စျေးကွက် Burma superstar ဆိုင်များနှင့် Wholesale ဆိုင်များတွင် စတင်ရောင်းချနေသော်လည်း စျေးကွက်တွင် အခက်အခဲများရှိနေခြင်းကြောင့် စျေးကွက်ပိုမိုထိုးဖောက်နိုင်ရန်အတွက် အစိုးရချင်းချိတ်ဆက်၍ စျေးရောင်းပွဲတော်များ ဖန်တီးပေးနိုင်မည်ဆိုပါက အော်ဂဲနစ်မြန်မာ့လက်ဖက်စျေးကွက် ခိုင်မာလာမည် ဖြစ်ကြောင်းနှင့် မြန်မာ့လက်ဖက်ကို ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (အရှေ့ပိုင်း)ရှိ မြို့များ၌ အများဆုံးစိုက်ပျိုးပြီး ချင်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင်လည်း စိုက်ပျိုးမှုရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

■ ■

## အမျိုးသမီးစာရေးဆရာများ၏ စာအုပ်ရောင်းချပွဲကျင်းပ

**မန္တလေး မတ် ၁၁**

မန္တလေး အောင်မြေသာစံမြို့နယ် နန်းရှေ့ရှိ City Mart ၁၉ လမ်းဆိုင်ခွဲတွင် မတ် ၈ ရက် ညနေ ၃ နာရီမှ ၅ နာရီအထိ City Book & Music မှ "ရဲရင့်ခြင်းနှင့် လမ်းသစ်များ" ခေါင်းစဉ်ဖြင့် ဟောပြောပွဲကျင်းပရာ စာရေးဆရာမ ခင်ခင်ထူးနှင့် စာရေးဆရာမ မကိုတို့က ဟောပြောခဲ့ကြောင်း သိရသည်။

စာပေဟောပြောပွဲနှင့်အတူ စာအုပ်စျေးရောင်းပွဲကိုလည်း ကျင်းပရာ အမျိုးသမီး စာရေးဆရာများ၏ ကျန်းမာရေး၊ အလှအပ၊ လူမှုရေး၊ သုတ၊ ရသနှင့် ပညာရေးဆိုင်ရာစာအုပ်များကိုလည်း မတ် ၁၂ ရက်အထိ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဝဝ၂)**

## ဓနုဖြူတွင် မီးဘေးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

**ဓနုဖြူ မတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ မတ် ၈ ရက်တွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မီးဘေးတားဆီးရေး ကော်မတီဝင်များ၊ စည်ပင်သာယာရေး ကော်မတီဝင်များ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့မစျေးနှင့် သတ်မှတ်နေရာများတွင် မီးငြိမ်းသတ်နည်း ဇာတ်တိုက်သရုပ်ပြ၍ မီးသတ်ဆေးဘူး အသုံးပြုနည်းများ ပြသပေးခဲ့ကြောင်း သိရသည်။

**(သပြေထွန်း)**

## ကျေးလက်လမ်းတံတား ရေပေးရေးလုပ်ငန်းများစစ်ဆေး

**သထုံ မတ် ၁၁**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့် သထုံခရိုင်အတွင်း ဆောင်ရွက်နေသည့် ကျေးလက်လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ ပြည်နယ်ဦးစီးမှူး ဦးမျိုးကြည်၊ ခရိုင်ဦးစီးမှူး ဦးလှမျိုးဝင်းနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးမှူးများသည် တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် အတူ မတ် ၈ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအားလုံး စံချိန်စံညွှန်းပြည့်မီစွာ ပြီးစီးနိုင်ရေး ကြပ်မတ်စစ်ဆေးပြီး တွန်းအားပေးဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ငါးနိုင်ငံ နိုင်ငံတကာ မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီး ရန်ကုန်မြို့တွင် ကျင်းပမည်

**ရန်ကုန် မတ် ၁၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံမြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူး၍ H&S Group, PHOENIX Gym ၏စီစဉ်မှုဖြင့် မြန်မာ၊ ဂျပန်၊ ထိုင်း၊ အင်္ဂလန်၊ ဩစတြေးလျားငါးနိုင်ငံ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး LEWHEI FIGHT 2 ကို မတ် ၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူရိုးရာလက်ဝှေ့ရုံ၌ ကျင်းပမည်ဖြစ်သည်။

တွဲဆိုင်းများမှာ စောဂေါ်မူတို(သတ္တိ-မြန်မာ)နှင့် အိကျူစံ(ထိုင်း-ဖိုက်)၊ ဒိုင်ဒီခနဲကို(ဂျပန်)နှင့် မာတစ်(အင်္ဂလန်)၊ ကြယ်စင်ဖြိုး(ရိုးရာပုဂံ-မြန်မာ)နှင့် သောမေမတ်ဟန်ဘာကာ(ဩစတြေးလျား)၊ ရှမ်းကို(ရန္တမိတ်- မြန်မာ)နှင့် စင်ရိုင်း(ထိုင်း)၊ စောထူးဇော်(ဒို့ရိုးရာ-မြန်မာ)နှင့် ဟန်ချိုင်း(ထိုင်း)၊ ဆလိုင်းချမ်းမြေ့ကို(ထွန်းသွင်)နှင့် စိုးဝင်းသန်း(ရန်စစ်ငြိမ်း)၊ ထွန်းမင်းနိုင်(မုဒုံ)နှင့် သိန်းနိုင်ထွန်း(မန္တလေးယူနိုက်တက်)၊ ရှိုင်းထက်အောင် (ဖီးနစ်)နှင့် မိုက်မိုက် (STL)စသည့် တွဲဆိုင်းများ ထိုးသတ်မည်ဖြစ်သည်။

**ခင်ခင်ဝင်း (ပညာရေး)**

# ပြည်သူများ ဓာတ်မြေသြဇာကြွင်း အာနိသင်အနည်းဆုံးသော အစားအစာများကိုသာ စားသုံးသင့်

**နေပြည်တော် မတ် ၁၁**

ပြည်သူများစားသောက်မှု အဆင့်တိုင်းတွင် ကျန်းမာရေးနှင့် ညီညွတ်ရမည့်အစား ဘေးဥပဒ်ရောဂါ ဖြစ်နိုင်ခြေကို တဖြည်းဖြည်း အားပေးလာနေပြီ ဖြစ်သဖြင့် ပိုးသတ်ဆေး၊ မှို/ပေါင်း/ ဓာတ်မြေသြဇာတို့၏ ဓာတ်ကြွင်းအာနိသင် အနည်းဆုံးသော အစားအစာများကို စားသင့်ပါကြောင်း။

သို့ပါ၍ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း (GAP) စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည်မှ ဖြန့်ဖြူးရောင်းချချိန် ကာလတစ်လျှောက် ထုတ်ကုန်ပစ္စည်းများတွင် စားသုံးသူဘေးအန္တရာယ်ကင်းရှင်းရေး၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်စေရေး၊ ပစ္စည်းအရည်အသွေး ကောင်းမွန်ရေးနှင့် လုပ်ငန်းစဉ်တစ်လျှောက် လုပ်ကိုင်ဆောင်ရွက်နေသော လုပ်သားများ ဘေးအန္တရာယ် ကင်းရှင်းရေးတို့အတွက် သင့်တော်သော လုပ်ငန်းဖြစ်ကြောင်း။

ယင်းကို အချက်(၁၆)ချက်အပေါ် မူတည်၍ မျိုးကောင်းမျိုးသန့် မျိုးစေ့ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ မူဝါဒများနှင့် သီးနှံအရည်အသွေးမြင့်မားရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) လုပ်ငန်းစဉ်များအကြောင်း တောင်သူများ သိရှိလိုက်နာစေရန် ဟောပြောပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူး ဒေါ်သူဇာမြင့်နှင့် ကော်ဖီ/ရာသီသီးနှံဌာနခွဲ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေတို့က ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ကယားပြည်နယ်သို့ မတ် ၅ ရက်မှ ၈ ရက်အတွင်း သွားရောက်သော ခရီးစဉ်တွင် ပြောကြားခဲ့သည်။

ခရီးစဉ်တွင် ရှမ်းပြည်နယ်မှ ဖယ်ခုံ၊ မဘိမ်း၊ မိုးမိတ်နှင့် အင်တော့မြို့နယ်လေးမြို့နှင့် ကယားပြည်နယ် လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆိုနှင့် ဘော်လခဲမြို့နယ်လေးမြို့နယ်တို့တွင် တောင်သူများအား အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

■

# ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် စာပေနှင့် ပန်းချီပြိုင်ပွဲကျင်းပမည်

**နေပြည်တော် မတ် ၁၁**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် မေ ၈ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်း အမှတ်အဖြစ် ကဗျာ၊ ဝတ္ထုတို၊ ဆောင်းပါးနှင့် ပန်းချီပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများကို ကြက်ခြေနီတပ်ဖွဲ့ဝင်၊ အသင်းဝင်အဆင့်နှင့် အလွတ်တန်းအဆင့်ဟူ၍ နှစ်မျိုးခွဲခြားပြုလုပ်မည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်သူများသည် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်(၃)ရပ်နှင့် အခြေခံမူ(၇)ချက်ကို အခြေခံ၍ အသင်းမှဆောင်ရွက်လျက်ရှိသည့် လူမှုကရုဏာလုပ်ငန်းများကို ပေါ်လွင်အောင် မိမိတို့ကြိုက်နှစ်သက်ရာခေါင်းစဉ်ဖြင့် ရေးသား၊ ခြယ်မှုန်းကြရမည်ဖြစ်သည်။

ကဗျာပြိုင်ပွဲကို လူသားချင်းစာနာထောက်ထားမှုနှင့် လူမှုကရုဏာစိတ်ဓာတ်ကို အခြေခံသည့် ကြိုက်နှစ်သက်ရာကဗျာဖွဲ့ဆိုမှုဖြင့် ရေးသားယှဉ်ပြိုင်နိုင်သည်။

ဝတ္ထုတိုပြိုင်ပွဲကို လူမှုကရုဏာလုပ်ငန်းဆောင်ရွက်ချက်များ၊ ကိုယ်တွေ့ဖြစ်ရပ်များကို ရသပုံစံဖြင့် ကွန်ပျူတာစာလုံး Font size 14 အရွယ်အစား၊ A4 စာမျက်နှာ ၁၀ မျက်နှာအောက်မနည်း၊ ၁၁ မျက်နှာထက်မများ ရေးသားယှဉ်ပြိုင်နိုင်သည်။

ဆောင်းပါးပြိုင်ပွဲကို ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းများနှင့်ပတ်သက်၍ အတွေ့အကြုံ၊ ဗဟုသုတ၊ အကြောင်းအရာများကို ကွန်ပျူတာစာလုံး Font size 14 အရွယ်အစားဖြင့် A4 စာမျက်နှာခုနစ်မျက်နှာအောက် မနည်း၊ ရှစ်မျက်နှာထက်မများ ရေးသားယှဉ်ပြိုင်နိုင်သည်။

ပန်းချီပြိုင်ပွဲကို ၁၅ လက်မ× ၂၀ လက်မအရွယ်အစားနှစ်သက်ရာပုံဆွဲစက္ကူတွင် ရေဆေးကို အသုံးပြုရေးဆွဲယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်များသည် မိမိကိုယ်တိုင်ရေးသား၊ ရေးဆွဲသည့် စာမူ/ပန်းချီဖြစ်ကြောင်း၊ အခြားမည်သည့်ပြိုင်ပွဲတွင်မှ ပါဝင်ယှဉ်ပြိုင်ခြင်းမပြုထားကြောင်း၊ ဆုရရှိပါက မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် စာမူ/ပန်းချီတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ အသုံးပြုရန်သဘောတူကြောင်း ဝန်ခံချက်ကို ထည့်သွင်းပေးပို့ရမည်။

ကြက်ခြေနီတပ်ဖွဲ့ဝင်/အသင်းဝင်များ၏ စာမူ/ပန်းချီများတွင် ကြက်ခြေနီတပ်ဖွဲ့ဝင်/အသင်းဝင်ဖြစ်ကြောင်း သက်ဆိုင်ရာမြို့နယ် ကြက်ခြေနီအသင်းခွဲ/မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့၏ ထောက်ခံချက်ပါရှိရမည်။

ပြိုင်ပွဲဝင်စာမူနှင့် ပန်းချီများကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (ဌာနချုပ်) စီမံရေးရာဌာန ရာဇသင်္ဂဟလမ်းမကြီး ဒက္ခိဏသီရိမြို့နယ် နေပြည်တော်သို့လည်းကောင်း၊ (ရန်ကုန်ရုံးခွဲ) စီမံရေးရာဌာန အမှတ် ၄၂ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့လည်းကောင်း၊ မတ် ၃၁ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

အသေးစိတ်အချက်အလက်များကို ဦးစိုးနိုင် အသင်းဝင်ညှိနှိုင်းရေးမှူး စီမံရေးရာဌာန မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဖုန်း ၀၉၉၆၂၁၂၁၁၈၁၊ ၀၉၂၅၀၃၇၈၃၅၁ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ဖြဟ္မစိုရ်လူမှုကူညီရေးအသင်း နွေရာသီ ပန်းချီသင်တန်းဖွင့်

**မန္တလေး မတ် ၁၁**

ဖြဟ္မစိုရ်လူမှုကူညီရေးအသင်း ပညာရေးအထောက်အကူပြုအဖွဲ့မှ စီစဉ်သည့် နွေရာသီပန်းချီသင်တန်းကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၃၃)လမ်းနှင့် (၃၄)လမ်းကြား၊ (၆၂)လမ်း၌ ပန်းချီဆရာ ဦးကျော်မင်းဝင်း (မန္တလေးတောင် Art Gallary ပန်းချီပြခန်းနှင့်သင်တန်းအဖွဲ့)မှ ဆရာ ဆရာမများက စေတနာဖြင့်လာရောက်ရောက်သင်ကြားပေးကြကာ ပန်းချီပညာကို စိတ်ပါဝင်စားသော အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် သင်တန်းသား သင်တန်းသူ ၈၀ ကျော်တက်ရောက်ကြောင်း သိရသည်။ သင်တန်းချိန်မှာ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် နံနက် ၉ နာရီမှ ၁၁ နာရီအထိဖြစ်ကာ မေလအထိ သင်ကြားပေးမည်ဖြစ်သည်။

**(ဘဦး)**

# သေဒဏ်ချမှတ်ခံရသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားနှစ်ဦးအား မြန်မာသံရုံးအဖွဲ့ သွားရောက်တွေ့ဆုံအားပေး



ဘန်ခဝင်အကျဉ်းထောင်၌ရောက်ရှိခဲ့သော မြန်မာသံရုံးအဖွဲ့အား တွေ့ရစဉ်။

**ဘန်ကောက် မတ် ၁၁**

ထိုင်းနိုင်ငံတောင်ပိုင်း စူရတ်ဌာနီခရိုင်အတွင်းရှိ လိပ်ကျွန်း (ခိုတောင်ကျွန်း)တွင်ဖြစ်ပွားခဲ့သော အယူခံတရားရုံးမှ သေဒဏ်ချမှတ်လိုက်သည့် မြို့တော်ဘန်ကောက် ဘန်ခဝင် အကျဉ်းထောင်၌ရှိနေသော မြန်မာရွှေ့ပြောင်းအလုပ်သမား နှစ်ဦးဖြစ်သည့် မောင်ဝင်းဇော်ထွန်းနှင့် မောင်ဇော်လင်း တို့အား မြန်မာသံရုံးအဖွဲ့မှ မတ် ၈ ရက် နံနက် ၉ နာရီခွဲမှ ၁၀ နာရီခွဲအထိ သွားရောက်တွေ့ဆုံအားပေးခဲ့ကြောင်း ဘန်ကောက်မြန်မာသံရုံး အထူးစုံစမ်းရေးကော်မတီအဖွဲ့မှ ထုတ်ပြန်ချက်အရသိရသည်။

အဆိုပါ ဘန်ခဝင်အကျဉ်းထောင်၌ရှိနေသော မြန်မာရွှေ့ပြောင်းအလုပ်သမားနှစ်ဦးဖြစ်သည့် မောင်ဝင်း ဇော်ထွန်းနှင့် မောင်ဇော်လင်းတို့မှာ ကျန်းမာရေးကောင်းမွန် လျက်ရှိကြောင်း၊ ဘန်ခဝင်အကျဉ်းထောင်အတွင်း၌ တရားပွဲပြုလုပ်နေသည့်အတွက် ၎င်းတို့တရားထိုင်နေ ကြောင်းနှင့် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၃ ရက်က ၎င်းတို့၏အယူခံလွှာကို ထိုင်းနိုင်ငံအမှတ်(၈)ဒေသ အယူခံတရားရုံးမှ ပယ်ချခဲ့သည်နှင့်စပ်လျဉ်း၍ အယူခံလွှာ စာဖတ်ကြားခဲ့ရာတွင် စကားပြန်များများမပေးခဲ့ကြောင်း တို့ကို မြန်မာသံရုံးအဖွဲ့အား ၎င်းတို့က ပြောပြခဲ့ကြောင်း သိရသည်။

မြန်မာသံရုံးမှကိုယ်စားလှယ်များမှ မောင်ဝင်းဇော် ထွန်းနှင့် မောင်ဇော်လင်းတို့အား စိတ်ပိုင်းဆိုင်ရာ အားပေးစကားများပြောကြားခဲ့ပြီး မြန်မာနိုင်ငံမှ နိုင်ငံတော် အကြီးအကဲများအနေဖြင့် အတတ်နိုင်ဆုံးကူညီဆောင်ရွက် ပေးရန်ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ မြန်မာသံရုံးအဖွဲ့ အနေဖြင့်လည်း ထိုင်းနိုင်ငံ၏ဥပဒေအတိုင်း အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းတို့အား အားပေးစကားပြောကြားခဲ့ကြောင်းနှင့် လိုအပ်သည့် အစားအသောက်များ၊ အသုံးအဆောင်များအား မြန်မာ သံရုံးအဖွဲ့မှ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

လိပ်ကျွန်းအထူးစုံစမ်းရေးကော်မတီ(၃)မှ တာဝန်ခံ ဦးထူးချစ်က "အမှုစတင်ဖြစ်ပွားခဲ့တဲ့အချိန်ကစပြီး ကူညီ ဆောင်ရွက်ပေးခဲ့ကြတဲ့ မြန်မာနိုင်ငံအစိုးရနှင့်တကွ အဖွဲ့ အစည်းများ၊ လူပုဂ္ဂိုလ်များအားလုံးကို ကျေးဇူးတင်ရှိပါ ပါတယ်။ သူတို့အနေနဲ့ အပြစ်ကျူးလွန်ခဲ့သူတွေမဟုတ်တဲ့ အတွက် နိုင်ငံတော်အစိုးရအနေနဲ့ အတတ်နိုင်ဆုံးကူညီ ပေးပါဆိုပြီး မောင်ဝင်းဇော်ထွန်းနဲ့ မောင်ဇော်လင်းတို့ မေတ္တာရပ်ခံလိုက်ပါတယ်။ ကျွန်တော်တို့သံရုံးအဖွဲ့လည်း ကလေးတွေအတွက် ဒီညနေက ဆွေးနွေးခဲ့ကြပြီးပါပြီ။ ထိုင်းရှေ့နေတွေအနေနဲ့လည်း ဗဟိုအယူခံတရားရုံးကို သုံးလအတွင်း အယူခံတင်မယ်လို့ပြောပါတယ်။ ပြီးတော့ ထိုင်းနိုင်ငံအမှတ်(၈)ဒေသ အယူခံတရားရုံးမှ ပယ်ချလွှာ ကို သံရုံးက ယာယီသံအမတ်ကို ပေးခဲ့ပါတယ်"ဟု ပြောကြားသည်။

မြို့တော်ဘန်ကောက် ဘန်ခဝင်အကျဉ်းထောင်၌ ရှိနေသော မြန်မာရွှေ့ပြောင်းအလုပ်သမားနှစ်ဦးဖြစ်သည့် မောင်ဝင်းဇော်ထွန်းနှင့် မောင်ဇော်လင်းတို့၏အမှုကိစ္စ အတွက် မတ် ၈ ရက် မွန်းလွဲပိုင်းက မြန်မာသံရုံးအဖွဲ့မှ တာဝန်ရှိသူများ ကြိုတင်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ ကြပြီး ထိုင်းရှေ့နေများကောင်စီနှင့်လည်း မွန်းလွဲ ၃ နာရီ ခန့်က တွေ့ဆုံခဲ့ကြကြောင်း၊ ထို့အပြင် လိပ်ကျွန်းလူသတ်မှု နှင့်စပ်လျဉ်း၍ မည်သို့မည်ပုံပြုလုပ်သွားမည်ကို အသေးစိတ်ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်းနှင့် မြန်မာ ရွှေ့ပြောင်းအလုပ်သမားနှစ်ဦးဖြစ်သည့် မောင်ဝင်းဇော် ထွန်းနှင့် မောင်ဇော်လင်းတို့အား ယခုနှစ် မတ် ၁ ရက်က အယူခံတရားရုံးတော်မှ သေဒဏ်အမိန့်ထပ်မံချမှတ်ခဲ့ပြန် ကြောင်း လိပ်ကျွန်းအထူးစုံစမ်းစစ်ဆေးရေးကော်မတီမှ သိရသည်။

**(စိုးဝင်း-MLA)**

# စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်တွင် မုံရွာမြို့နယ်တရားရုံး အချုပ်ခန်းအသစ်ဆောက်ရန် အစီအစဉ်ရှိ၊ မရှိမေးမြန်း

**နေပြည်တော် မတ် ၁၁**

ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ မတ် ၁၀ ရက်တွင် မုံရွာမြို့နယ်တရားရုံး၏အချုပ်ခန်းကို အချုပ်သားဦးရေနှင့် သင့်တင့်မျှတသော အချုပ်ခန်းအဖြစ် တိုးချဲ့ပေးရန်အစီအစဉ်ရှိ၊ မရှိကို မုံရွာမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါ်အမာကြည်က ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သန့်နိုင်က ပြန်လည်ဖြေကြားခဲ့သည်။

"မုံရွာမြို့နယ်တရားရုံးရဲ့ အချုပ်ခန်းဟာ အလျားပေ ၂၀၊ အနံ ၁၉ ပေ၊ အမြင့် ၁၂ ပေခွဲ ရှိပါတယ်။ အမျိုးသားအချုပ်သားဦးရေ ၁၅ ယောက်၊ အမျိုးသမီးအချုပ်သား ငါးယောက်အထိ ချုပ်နှောင်ထားရှိနိုင်ပါတယ်။ ဒါပေမယ့် နေ့စဉ် အမျိုးသားနဲ့အမျိုးသမီး အချုပ်သားဦးရေ ၄၀ လောက် ထားနေရပါတယ်။ အချုပ်ခန်းအကျယ်အဝန်းဟာ အချုပ်သားဦးရေနဲ့စာရင် ထက်ဝက်လောက် ကျဉ်းမြောင်းနေပါတယ်။ အမှုစစ်ဆေးခံဖို့အတွက် အချုပ်သားတွေဟာ မနက် ၉ နာရီက ညနေ ၄ နာရီအထိ အလွန်ပင်ပန်းကျပ်တည်းဆင်းရဲစွာနဲ့ စောင့်ဆိုင်းကြရပါတယ်။ အချုပ်ခန်းမှာ ရုံးအဆောက်အအုံများကြားမှာ နီးနီးကပ်ကပ်တည်ရှိနေပြီး အချုပ်ခန်းက အညစ်အကြေးအနံ့အသက်တွေဟာ ဘေးပတ်ဝန်းကျင်ကို ဆိုးဆိုးရွားရွားထွက်နေပါတယ်။ အချုပ်သားတွေအနေနဲ့ အနံ့အသက်ဆိုးတွေကို ခံစားနေရတဲ့အတွက် အချုပ်ခန်းကို လေဝင် လေထွက်ကောင်းနိုင်တဲ့နေရာကို ရွှေ့ပြောင်းပေးဖို့နဲ့ အချုပ်သားဦးရေနဲ့ သင့်တင့်မျှတတဲ့ အချုပ်ခန်းအဖြစ် တိုးချဲ့ပေးဖို့အစီအစဉ်ရှိ၊ မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် မုံရွာမြို့နယ် တရားရုံးကိုလာကြတဲ့ တရားစီရင်ရေးနဲ့သက်ဆိုင်တဲ့သူတွေကိုယ်စား မေးမြန်းခဲ့တာဖြစ်ပါတယ်" ဟု ဒေါ်အမာကြည်က ပြောသည်။

ဒေါ်အမာကြည်၏မေးမြန်းမှုကို တိုင်းဒေသကြီးဝန်ကြီး ဗိုလ်မှူးကြီး ကျော်သန့်နိုင်က ပြန်လည်ဖြေကြားရာတွင် တရားရုံးအချုပ်ခန်းသည် မုံရွာခရိုင်တရားရုံးနှင့် ပေ ၄၀၀ အကွာ မြို့နယ်တရားရုံးနှင့် ၁၀ ပေအကွာတွင်တည်ရှိပြီး အချုပ်ခန်းအဆောက်အအုံသည် လုံခြုံခိုင်ခံ့မှုရှိသည်ဟု မုံရွာမြို့နယ် လမ်းဦးစီးအင်ဂျင်နီယာ၏ ထောက်ခံချက်ရရှိထားပါကြောင်း၊ အမျိုးသားအချုပ်ခန်းတွင် ၁၅ ဦး၊ အမျိုးသမီးအချုပ်ခန်းတွင် သုံးဦးဆန့်ပါကြောင်း၊ တရားခံများ၏ ကျန်းမာရေးအတွက် အမျိုးသားအချုပ်ခန်းတွင် လူတစ်ထိုင်စာအုတ်ဖြင့် ကာထားသော အိမ်သာနှင့် အမျိုးသမီးအချုပ်ခန်းတွင် အိမ်သာမရှိသော်လည်း တရားရုံး၏ အများသုံးအိမ်သာတွင်အသုံးပြုစေလျက်ရှိပြီး လက်ရှိတွင် ရုံးထုတ်တရားခံ ၃၀ ကို ခရိုင်နှင့် မြို့နယ်တရားရုံးများတွင် အစစ်ဆေးခံရန် နံနက် ၁၀ နာရီတွင်ပို့ဆောင်၍ ညနေ ၄ နာရီခွဲတွင် မုံရွာအကျဉ်းထောင်သို့ ပို့ဆောင်ပေးပါကြောင်း၊ ရုံးထုတ်တရားခံများ ကျန်းမာရေးကောင်းမွန် စေရန် အချုပ်ခန်းကို နေ့စဉ်ရုံးထုတ်လုံခြုံရေးတပ်ဖွဲ့ဝင်များက သန့်ရှင်းရေး ဆောင်ရွက်ထား သည့်အတွက် ဆိုးရွားသည့်အနံ့အသက်များမရှိသလို အချုပ်တရားခံများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ကျန်းမာရေးသည်လည်း ကောင်းမွန်လျက်ရှိကြောင်း ဖြေကြားသည်။

ထို့ပြင် တရားရုံးအချုပ်ခန်းသစ်ဆောက်လုပ်မှုအတွက် ညှိနှိုင်းဆောင်ရွက်ရာတွင် မုံရွာမြို့နယ် တရားသူကြီး ဒေါ်နီလာသန်းဝင်းက မုံရွာမြို့နယ် လမ်းဦးစီးအင်ဂျင်နီယာ၏ ထောက်ခံချက်မှာ အမျိုးသား ၁၅ ဦး၊ အမျိုးသမီး သုံးဦးဖော်ပြထားသော်လည်း မုံရွာခရိုင် တရားရုံးတွင် တရားဝင်လေးဦး၊ မုံရွာမြို့နယ်တရားရုံးတွင် တရားဝင်လေးဦး စုစုပေါင်း ရှစ်ဦးရှိသည့်အတွက် ရုံးထုတ်စစ်ဆေးသည့်တရားခံဦးရေနှင့် အချုပ်ခန်းတွင် ကျန်သည့် တရားခံဦးရေသည် မျှတသည့်အတွက် လည်းကောင်း၊ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခွဲ အထိသာ ယာယီချုပ်နှောင်ရသည့်အတွက် မုံရွာမြို့နယ်တရားရုံးအချုပ်ခန်းအသစ်ကို လက်ရှိ တွင် တိုးချဲ့တည်ဆောက်ရန် အစီအစဉ် မရှိသေးကြောင်း ဗိုလ်မှူးကြီးကျော်သန့်နိုင်က ဖြေကြား ခဲ့သည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# မတ်လထုတ် သုတပဒေသာစာစောင် အသွင်သစ်ဖြင့် ထွက်ပြီ

**နေပြည်တော် မတ် ၁၁**

အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်းရှိ လူငယ် များကို ဦးတည်ပရိသတ်အဖြစ်ထားပြီး အသွင် သစ်ဖြင့် ထုတ်လုပ်လိုက်သော သုတပဒေသာ စာစောင်(မတ်လ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေ ရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

မတ်လထုတ် သုတပဒေသာစာစောင်တွင် ဆရာဦးဟန်ညွန့်(ဥပဒေ)၊ သန်းစော(စီပီအေ) ဒေါက်တာခင်မောင်ညို့တို့၏ "စားသုံးသူ အန္တရာယ်ကင်းရှင်းရေး" မျက်နှာဖုံးဆောင်းပါး များ၊ ရွှေကောက်ပွဲနှင့် လူငယ်ဆိုင်ရာ ဆောင်းပါးများ၊ နိုင်ငံတကာရေးရာနှင့် အာဆီယံဆိုင်ရာဆောင်းပါးများ၊ အတွေး အခေါ်နှင့် တက်ကျမ်းဆိုင်ရာဆောင်းပါးများ၊ သိပ္ပံနှင့် နည်းပညာနှင့် သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာဆောင်းပါးများ၊ မူးယစ်နှင့် ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ ကဗျာ၊ ဟာသ၊ ဝတ္ထုတိုနှင့် ဖြစ်ရပ်မှန်များကို ရောင်စုံ ဖြူ မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် စာပေ ဗိမာန်စာအုပ်အရောင်းဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇- ၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁)ကုန်သည်လမ်း ရန်ကုန် မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် (၈၆) လမ်း (၂၁)လမ်းနှင့် (၂၂)လမ်းကြား မန္တလေး ဖုန်း ၀၂-၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင် ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါး စာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ် အရောင်းဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည် လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြစ်သားမြို့မှ ရာနှုန်းပြည့်ပြီးစီးသည့် ကျေးလက်လမ်းတံတားလုပ်ငန်းများအား ထိန်းသိမ်းစောင့်ရှောက်ရန် ကျေးရွာကြီးကြပ်မှုကော်မတီများသို့ လွှဲပြောင်းမည်

**မြစ်သား မတ် ၁၁**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၁၀၀ ရာခိုင်နှုန်းပြီးစီးသည့် ကျေးလက်လမ်း တံတားလုပ်ငန်းများအား ထိန်းသိမ်းစောင့် ရှောက်ရန် ကျေးရွာကြီးကြပ်မှုကော်မတီသို့ လွှဲပြောင်းမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် လုပ်ငန်းများလွှဲပြောင်းပေးအပ် နိုင်ရေး အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေး၏ ဆွေးနွေးချက်များအရ သိရသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ၊ တင်ဒါစနစ်ဖြင့် ဆောင်ရွက် ခဲ့သောကုမ္ပဏီများမှတာဝန်ခံများ၊ ကျေးလက် လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်ခဲ့သော ကျေးရွာပေါင်း ၃၁ ရွာမှ ကျေးရွာကြီးကြပ်မှု ကော်မတီများ တက်ရောက်ခဲ့ပြီး ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ် မူလငွေလုံးငွေရင်းရန်ပုံငွေ ဖြင့်ဆောင်ရွက်သည့် ကျောက်ချော၊ ကတ္တရာ၊ မြေ၊ ဂဝံလမ်း ခြောက်လမ်း၊ ကွန်ကရစ် သစ်သားတံတား ခြောက်စင်း၊ ရေပေးရေး လုပ်ငန်း ရှစ်ခု၊ မွမ်းမံရန်ပုံငွေဖြင့် ဆောင်ရွက် သည့် ကွန်ကရစ်တံတား ငါးစင်း၊ တိုင်းဒေသ ကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဂဝံလမ်း လေးလမ်း၊ ကွန်ကရစ်တံတားနှစ်စင်း တို့သည် ၁၀၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်၍ ဆက် လက်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ကျေးရွာ ကြီးကြပ်မှုကော်မတီများသို့ လွှဲပြောင်းအပ်နှံ နိုင်ရေး တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

# ကျေးလက်ကျောက်ချောလမ်းခင်းနေမှု ကွင်းဆင်းစစ်ဆေး

**ညောင်လေးပင် မတ် ၁၁**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်ဦးဆောင်သောအဖွဲ့သည် တာဝန် ရှိသူများနှင့်အတူ မတ် ၈ ရက်က ညောင် လေးပင်မြို့နယ်အတွင်း ဆောင်ရွက်လျက် ရှိသည့် ကျေးလက်လမ်းခင်းခြင်းလုပ်ငန်းများ အား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြု ရန်ပုံငွေဖြင့် တက်ဖြိုးဝေကုမ္ပဏီမှ တင်ဒါ အောင်မြင်ဆောင်ရွက်လျက်ရှိသည့် အေးရွာ- နဘဲပင် - ဝဂ်ဘော် - ကြာအင်းကြီးလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းနှင့် ထော်နွတ်- ကလိန်ခင်လမ်း ဂဝံခင်းခြင်းလုပ်ငန်းတို့အား ကွင်းဆင်းစစ်ဆေးခဲ့ရာ လုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်း ဇော်ကံနှင့် ကျေးလက်ဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးသန်းလွင်တို့က ရှင်းလင်းတင်ပြ ကြသည်။ အဆိုပါလမ်းများ ဆောင်ရွက်ပေး ခြင်းအားဖြင့် ဆက်စပ်ကျေးရွာများမှ ကျေးရွာ သူ ကျေးရွာသားများ ညောင်လေးပင်မြို့သို့ ဆက်သွယ်သွားလာရာတွင် ရာသီမရွေး ပိုမိုလွယ်ကူ အဆင်ပြေသွားမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# မြန်မာ့ပင်လယ်ပြင်အတွင်း တရားမဝင်ရောက်ရှိလာသော စက်လှေပေါ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ရှစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၁**

မြန်မာ့ပင်လယ်ပြင်နယ်နိမိတ်အတွင်း တပ်မတော်(ရေ)စစ်ရေယာဉ်မှ လုံခြုံရေးဆောင်ရွက်စဉ် မတ် ၉ ရက် နံနက် ၁၀ နာရီခန့်က မသင်္ကာဖွယ်စက်လှေတစ်စင်းပေါ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ရှစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

တပ်မတော် စစ်ရေယာဉ်သည် မေယုကျွန်းအနောက်မြောက်ဘက် ၁၅ မိုင်ခန့်အကွာ မြန်မာ့ပင်လယ်ပြင်အတွင်း နယ်မြေလုံခြုံရေးအတွက် ကင်းလှည့်ဆောင်ရွက်စဉ် မသင်္ကာဖွယ် စက်လှေတစ်စင်းအား တွေ့ရှိသဖြင့် ခေါ်ယူစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ဂျာမာဟူဆောင်း (၂၇) နှစ်အပါအဝင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနပ်မြို့နေ ငါးဖမ်းလုပ်သား ရှစ်ဦးအား ဖမ်းဆီးရမိခဲ့သည်။



အဆိုပါ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ရှစ်ဦးအား လူဝင်မှုကြီးကြပ်ရေး ဥပဒေဖြင့် အရေးယူဆောင်ရွက်လျက် ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**မြဝတီ မတ် ၁၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၁၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက်တွင် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၃၄ စီး၊ သွင်းကုန် ၇၆၁ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၆ စီး၊ သွင်းကုန် ၂၅၇ စီးဖြင့် ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုဆောင်ရွက်လျက်ရှိရာ မတ် ၁၀ ရက်က မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတွင် တားဆီးမှုလေးမှု(ခန့်မှန်းတန်ဖိုးကျပ် ၁၄ သန်းကျော်ခန့်)ရှိသည့်အနက် ထူးခြားသိမ်းဆည်းမှုအနေဖြင့် ယင်းနေ့တွင် မြဝတီမှ ရန်ကုန်မြို့သို့သွားရောက်မည့် ၁၂ ဘီးယာဉ်အား မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုသယ်ဆောင်လာသော စက်ဘီးအပါအဝင် ပစ္စည်းလေးမျိုး(ခန့်မှန်းတန်ဖိုးကျပ် သုံးသန်းကျော်ခန့်)အားတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ် ကားလမ်းဘေးဓာတ်ဆီဆိုင် မီးလောင်

**ရန်ကုန် မတ် ၁၁**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ် ကားလမ်းဘေးရှိ အဆင့်မြင့်မှတ်တိုင်နှင့် ဗိုလ်ချုပ်မှတ်တိုင်ကြားတွင်ရှိသော ကျူးကျော်တဲများကြားမှ ဓာတ်ဆီဆိုင်တစ်ဆိုင်မှာ မတ် ၁၁ ရက် နံနက် ၁၀ နာရီ ၅၅ မိနစ်တွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ ဆိုင်အလုပ်သမားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ယင်းနေ့ နံနက်ပိုင်းက ညောင်ကျေးရွာအုပ်စု စက်မှုဇုန်(၂)၏ ရန်ကုန်-ပုသိမ်ကားလမ်းမကြီးဘေးတွင်ရှိသော ဦးကျော်မိုး(၃၅)နှစ် အမှတ်(၅) ရပ်ကွက်တွင် နေထိုင်သူပိုင်ဆိုင်သည့် ဓာတ်ဆီ၊ ဒီဇယ်၊ အင်ဂျင်ဝိုင်ရောင်းသော လမ်းဘေးဆီဆိုင်၌ အလုပ်သမား အောင်ခိုင်(၂၇)နှစ်နှင့် ညီထွေး(၂၅)နှစ်တို့ ဓာတ်ဆီပီပါမှ ဆီများဖလှယ်နေစဉ် အနီးရှိမီးဖိုသို့ မီးကူးစက်လောင်ကျွမ်းခဲ့ရာ ညီထွေး၏ ခန္ဓာကိုယ်အောက်ပိုင်း မီးလောင်ခဲ့ပြီး အောင်ခိုင်မှာ လက်နှင့် ပေါင်၊ ခြေထောက်တို့တွင် ထိခိုက်ဒဏ်ရာများရရှိခဲ့၍ မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

"အမျိုးသားက ရေလှည်းတွန်းပြီး အိမ်ပေါ်တက်ခါပဲရှိသေးတယ်။ ကျွန်မက ဖရဲသီးရောင်းဖို့ ဖရဲသီးစိတ်နေတာ။ အုန်းဆိုတဲ့အသံကြားပြီး ဓာတ်ဆီဆိုင်က ညီထွေးက အစ်မရေကယ်ပါဦးဆိုပြီး အောက်ပိုင်းမီးလောင်နေရင်း တဲနားကို ပြေးလာတယ်။ ဒါနဲ့အနီးက ရေပုံးထဲကရေနဲ့ ငြှိမ်းပေးလိုက်လို့ မီးငြိမ်းသွားတယ်။ ဆိုင်ရှင်က သုံးဘီးဆိုင်ကယ်တောင်မယူနိုင်ဘူး။ ထွက်ပြေးသွားတော့ ကျွန်မလည်း ကလေးသုံးယောက်ဆွဲပြီး အမြန်ပြေးရတာပေ့ါ။ နေစရာပျောက်ပြီထင်တာ။ သစ်ပင်ခံနေတာရယ်၊ မီးသတ်ကားငြှိမ်းနိုင်တာရယ်ကြောင့် အိမ်တစ်ခြမ်းပဲ လောင်သွားတယ်"ဟု ဓာတ်ဆီဆိုင်ဘေးရှိ တဲပိုင်ရှင်အမျိုးသမီးကပြောသည်။

ဓာတ်ဆီဆိုင်ရှိ ဆီပီပါမှ ဓာတ်ဆီများ ဘူးအတွင်းသို့လှယ်နေစဉ် အနီးရှိ မီးဖိုသို့ကူးစက်၍ မီးလောင်ကျွမ်းခဲ့ပြီး ဆီပီပါပေါက်ကွဲခဲ့ရာ အချိန်မီငြှိမ်းသတ်နိုင်မှုကြောင့် ဓာတ်ဆီ၊ ဒီဇယ်ပီပါများ ထပ်မံပေါက်ကွဲနိုင်မှုမှ ကင်းဝေး၍ **(အောက်ပုံ)**ကပ်လျက်ရှိသော ကျူးကျော်တဲ ၃၁ လုံး မီးလောင်မှုမှ လွတ်ကင်းခဲ့ကာ ပေ ၂၀ ပတ်လည် ဝါးထရံကာဓာတ်ဆီဆိုင် တစ်ဆိုင်နှင့် ကျူးကျော်တဲတစ်ခြမ်း မီးလောင်ခဲ့ကြောင်း သိရသည်။

မြောက်ပိုင်းခရိုင် မီးသတ်ဦးစီးမှူး၊ လှိုင်သာယာမြို့နယ်ဦးစီးမှူးတို့နှင့် အတူ ရွှေလင်ပန်းစက်မှုဇုန်မှ မီးသတ်ယာဉ်တို့ဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းခဲ့သည်။ မီးလောင်မှုကြောင့် ရန်ကုန်-ပုသိမ် ကားလမ်းမတွင် နှစ်နာရီကြာ ယာဉ်ကြောပိတ်ဆို့ခဲ့ကြောင်း အမှတ်(၆၈)ယာဉ်ထိန်းတပ်ဖွဲ့စုမှ သိရပြီး အဆိုပါဖြစ်စဉ်ကြောင့် ညီထွေး(ခ)သားထူးအား လှိုင်သာယာမြို့မစခန်းက(ပ)၆၅၇/၂၀၁၇၊ ပုဒ်မ-၂၈၅/၃၃၈ အရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **အောင်သန်းဦး(လှိုင်သာယာ)**





# တရားမဝင်တင်သွင်းလာသော ကြက်ဥဖာများ ဗန်းမော်မြို့၌ သိမ်းဆည်းရမိ

**ဗန်းမော် မတ် ၁၁**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် တရုတ်နိုင်ငံမှ တရားမဝင်တင်သွင်းလာသည့် ကြက်ဥဖာများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၁၀ ရက် ည ၉ နာရီခွဲခန့်တွင် ဗန်းမော်မြို့ ပေါက်ကုန်းရပ်ကွက်အတွင်း၌ တရုတ်နိုင်ငံမှ တရားမဝင် တင်သွင်းလာသော ကြက်ဥဖာများရောက်ရှိနေကြောင်း သတင်းအရ ဗန်းမော်မြို့နယ် ရဲတပ်ဖွဲ့မှူး၊ ဗန်းမော်မြို့မရဲစခန်းမှူး၊ ဗန်းမော်မြို့မ ဒုတိယရဲစခန်းမှူး၊ နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ ပေါက်ကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသက်ပြန်၊ ရာအိမ်မှူး ဦးအောင်ကြီးတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ၎င်းရပ်ကွက်ရှိ အိမ်အမှတ် (ပက-၂၄၅)နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်ပိုင်ရှင် ဦးသက်နိုင်ထွန်း(၃၇)နှစ်အားတွေ့ရှိပြီး နေအိမ်ရှေ့ခန်း၌ တရုတ်စာတန်းများပါရှိသော ကြက်ဥဖာတစ်ဖာလျှင် ကြက်ဥအလုံး ၃၆၀ ပါ ကြက်ဥဖာ ၅၂ ဖာအားတွေ့ရှိသဖြင့် ဆက်လက်စုံစမ်းရာ ညောင်ပင်ရပ်ကွက် လျှပ်စစ်ရုံးရှေ့၌ ရပ်ထားသော ဒေါင်ဖန်းခြောက်ဘီးယာဉ်အမှတ် (3D/----) ယာဉ်မောင်း သက်စိုးဦး (၃၂)နှစ်က လာရောက် ပို့ပေးခြင်းဖြစ်ကြောင်း လျှပ်စစ်ရုံးရှေ့သို့ ဆက်လက်သွားရောက်ခဲ့ရာ ယာဉ်မောင်း သက်စိုးဦးနှင့် ဒေါင်ဖန်းခြောက်ဘီးယာဉ်ကို တွေ့ရှိပြီး စစ်ဆေးမေးမြန်းရာ မတ် ၉ ရက် ညနေ ၅ နာရီခန့်က ဝိုင်းမော်မြို့ မဒိန်ရွာတွင် ကန်ပိုက်တီးဘက်မှလာသော(KSR) ခြောက်ဘီးယာဉ်ပေါ်မှ အမည်မသိ ယာဉ်မောင်းက ဗန်းမော်တွင် ရောင်းချရန်တင်ပေးခဲ့ကြောင်း၊ တစ်ဖာလျှင် ကျပ် ၂၆၀၀၀ ဖြင့် ရောင်းချခိုင်းကြောင်း သိရှိရပြီး ယာဉ်ပေါ်သို့တက်ရောက်စစ်ဆေးရာ ကြက်ဥဖာ ၁၀၇ ဖာအား ထပ်မံစစ်ဆေးတွေ့ရှိခဲ့ကာ စုစုပေါင်း တရားမဝင်ကြက်ဥဖာ ၁၅၉ ဖာ သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိ ကြက်ဥဖာ ၁၅၉ ဖာနှင့် နေအိမ်ပိုင်ရှင် ဦးသက်နိုင်ထွန်း၊ ပစ္စည်းများတင်ဆောင်လာသောယာဉ်၏ ယာဉ်မောင်း သက်စိုးဦးနှင့် ဒေါင်ဖန်းခြောက်ဘီးယာဉ်အမှတ် (3D/----) ယာဉ်တို့အား ဗန်းမော်ခရိုင် ဗန်းမော်မြို့ အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ကာ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ရန်ကုန်-နေပြည်တော် အမြန်လမ်း၌ ခရီးသည်တင်ယာဉ်တစ်စီး အင်ဂျင်အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား

**ကျောက်တံခါး မတ် ၁၁**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်းမကြီးရဲစခန်းအပိုင် ရန်ကုန်-နေပြည်တော် အမြန်လမ်း မိုင်တိုင်အမှတ်(၈၀/၂)နှင့်(၈၀/၃) အကြား၌ မတ် ၁၀ ရက် ည ၁၁ နာရီခွဲခန့်က ခရီးသည်များတင်ဆောင်လာသော ယာဉ်တစ်စီး အင်ဂျင်အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရန်ကုန်မှ နေပြည်တော်သို့ ယာဉ်မောင်း သီဟအောင်ဇော်(၂၃)နှစ် လှိုင်မြို့နယ် ရန်ကုန်မြို့နေသူ မောင်းနှင်လာသည့် ယာဉ်အမှတ် 7F/--- HUNDAI COUNTY BUS ယာဉ်မှာ မောင်းနှင်လာစဉ် အင်ဂျင်အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား၍ ယာဉ်အား လမ်းဘေးမြေသားလမ်းပေါ် ရပ်တန့်ကာ ခရီးသည်များမှာ ခုန်ဆင်းထွက်ပြေးခဲ့ကြ၍ မီးဘေးအန္တရာယ်မှ လွတ်မြောက်ခဲ့ကြောင်း သိရသည်။

ယာဉ်မီးလောင်ရာသို့ မြို့ချောင်းအမြန်လမ်းစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့ချောင်းအမြန်လမ်း မီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အုန်းရှစ်ကုန်းအမြန်လမ်းမီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ဝိုင်းဝန်းမီးငြှိမ်းသတ်ခဲ့ရာ ၁၅ မိနစ်အကြာတွင် မီးငြှိမ်းသတ်နိုင်ခဲ့ပြီး ယာဉ်ပေါ်တွင် ယာဉ်မောင်းပါ အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၁၀ ဦးတို့မှာ ထိခိုက်ဒဏ်ရာမရရှိသော်လည်း ယာဉ်မှာ သိန်း ၁၅၀ခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်း ရဲစခန်းက ယာဉ်(ပ) ၁၂/၂၀၁၇၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၂၇၉/၂၈၅ ဖြင့် ယာဉ်မောင်း သီဟအောင်ဇော်အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# တရားမဝင်ကျောက်စိမ်းသယ်ဆောင်လာသူများအား ဖမ်းဆီးရမိ

**ဝိုင်းမော် မတ် ၁၁**

မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ်အတွင်း မတ် ၁၀ ရက်က တရားမဝင် ကျောက်စိမ်းအရိုင်းတုံးများ သယ်ဆောင်လာသူနှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၁၀ ရက် နံနက် ၁၁ နာရီခွဲခန့်က ဝိုင်းမော်မြို့နယ် ဝါရှောင်ကျေးရွာ ဘားကျွင့်တံတားထိပ်၌ နယ်မြေခံတပ်မတော်လုံခြုံရေးတပ်ရင်းမှ တပ်ဖွဲ့ဝင်များနှင့် ဝိုင်းမော်မြို့မရဲတပ်ဖွဲ့စခန်းမှ ရဲတပ်ဖွဲ့ဝင်များ လုံခြုံရေးအရ ယာဉ်ဝင်၊ ထွက်မှုအား စစ်ဆေးနေစဉ် ဝေ့ထကျေးရွာ ဝဘာလမ်းမှ ဝါရှောင်-ကန်ပိုက်တီးလမ်းသို့ ယာဉ်မောင်း ဆောင်ဘောမ် မောင်းနှင်ပြီး ယာဉ်နောက်လိုက် ခေါန်ယုံလိုက်ပါလာသော သဲကျောက်များတင်ဆောင်ထားသည့် ယာဉ်အမှတ် (၉၅/----) လီဖန်း အမျိုးအစား အပြာရောင်ထော်လာဂျီယာဉ်အား ရပ်တန့်စစ်ဆေးရာ သဲကျောက်များအောက်၌ အဝါရောင်ပိန်အိတ် ၇၃ အိတ်ဖြင့် ထုပ်ပိုးလျက် တရားမဝင်ကျောက်စိမ်း အလေးချိန် ၉၇၅ ပိဿာအား ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်ကြောင့် တရားမဝင်ကျောက်စိမ်းများသယ်ဆောင်လာသည့် ယာဉ်မောင်း ဆောင်ဘောမ် (၂၁)နှစ်နှင့် ယာဉ်နောက်လိုက် ခေါန်ယုံ(၂၅)နှစ် ဝိုင်းမော်မြို့နေသူနှစ်ဦးအား ဝိုင်းမော်မြို့မရဲစခန်းက (ပ)၁၄/၂၀၁၇၊ ကျောက်မျက်-၄၂(က)/၄၄အရ အမှုဖွင့်အရေးယူကာ သိမ်းဆည်းရမိကျောက်စိမ်းနှင့် မော်တော်ယာဉ်အား ရဲလုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ ရှာဖွေသိမ်းဆည်းထားကြောင်း သိရသည်။ **သူရိန်စိုး(ကချင်မြေ)**

# လှုပ်လှုပ်ရှားရှားအပြောင်းအရွှေ့သတင်းများ

**ကစားသမားဈေးကွက် ဖွင့်လှစ်ချိန်မရောက်သေးပေမယ့် အပြောင်းအရွှေ့သတင်းတွေဟာ အမြဲတမ်းလှုပ်ခတ်နေပြီး ဘယ်ကစားသမားကတော့ ဘယ်အသင်းကခွာဖို့ရှိတယ်၊ ဘယ်ကစားသမားတွေက ဘယ်အသင်းနဲ့ လာရောက်ပူးပေါင်းနိုင်ခြေရှိတယ်ဆိုတာ အားကစားပရိသတ်တွေသိရှိနိုင်ဖို့ ဒီလှုပ်လှုပ်ရှားရှားအပြောင်းအရွှေ့သတင်းများ အစီအစဉ်ကို အပတ်စဉ်တင်ဆက်ပေးနေတာဖြစ်ပါတယ်။ ဒီတစ်ပတ်တော့ ချယ်လ်ဆီးကစားသမားသုံးယောက်ကို ခေါ်ယူဖို့ကြိုးပမ်းနေတဲ့ ဘာစီလိုနာ၊ မန်ယူတိုက်စစ်မှူး အီဗရာဟီမိုဗစ်ကို ခေါ်ယူဖို့ ရွှေ့တိုးလာတဲ့ အယ်လ်အေဂလက်စီရဲ့ ခြေလှမ်း၊ ရီးယဲလ်အသင်းကို ပြောင်းရွှေ့ရေးလက်မလျှော့တဲ့ ဒီဂီယာတို့ရဲ့ သတင်းတွေအပြင်နောက်ဆုံးရ အပြောင်းအရွှေ့သတင်းတွေကို ထုတ်နုတ်တင်ဆက်ပေးလိုက်ပါတယ်။**

### ဂွါဒီယိုလာနဲ့ ပြန်ပူးပေါင်းရေးအတွက်

ယခုနွေဈေးကွက်အတွင်း မန်စီးတီးအသင်းက ဂျူဗင်တပ်နောက်ခံလူ ဒန်နီအဲလ်ဗက်စ်ကို ခေါ်ယူရေး ကြိုးပမ်းလိမ့်မယ်လို့ ဒယ်လိုစပို့ရဲ့ ဖော်ပြချက်အရ သိရပါတယ်။ မန်စီးတီးနည်းပြ ဂွါဒီယိုလာဟာ ဘာစီလိုနာကို ကိုင်တွယ်ခဲ့တဲ့ကာလအတွင်း ဒီဘရာဇီးသားနဲ့ လက်တွဲခဲ့သူဖြစ်တာကြောင့် မန်စီးတီးအသင်းရဲ့ ယခုလို ကြိုးပမ်းမှုဟာ ဒန်နီအဲလ်ဗက်စ်နဲ့ ဂွါဒီယိုလာတို့ ပေါင်းစည်းရေးကို ပြန်လည်မြင်တွေ့ရဖွယ်ရှိနေပါတယ်။ ဒါ့အပြင် ဂျူဗင်တပ်အသင်းကလည်း အေစီမီလန် နောက်ခံလူဆလီဂီယို ကို ခေါ်ယူဖို့ ကြိုးပမ်းနေတဲ့အတွက် အဲဗက်စ်ရဲ့ ဂျူဗီထွက်လမ်း ပိုမိုနီးကပ်လာပြီလို့တော့ သုံးသပ်ရပါတော့မယ်။






### ကြယ်သုံးပွင့် ဆုံးရှုံးရမယ့် အာဆင်နယ်

အာဆင်နယ်အသင်းက အိုဇေးလ်၊ ဆန်းချက်ဇ်နဲ့ ချိန်ဘာလိန်တို့ လာမယ့်နွေမှာ အသင်းပြောင်းဖို့ ရာနှုန်းပြည့်နီးပါးကို သေချာနေပြီလို့ တယ်လီဂရပ်သတင်းဌာနက ဖော်ပြပါတယ်။ သူတို့သုံးဦးစလုံးဟာ အာဆင်နယ်အသင်းနဲ့ စာချုပ်သက်တမ်း ၁၂ လကျော်သာ ကျန်ရှိတော့ပြီး အိုဇေးလ်က မကြာသေးခင်ကပဲ အာဆင်နယ်အသင်းရဲ့ စာချုပ်သစ်ကမ်းလှမ်းမှုကို ပယ်ချလိုက်ပါတယ်။ ဆန်းချက်ဇ်ကတော့ ပြီးခဲ့တဲ့ ရက်သတ္တပတ်အတွင်း အသင်းလေ့ကျင့်ရေးအစီအစဉ်အတွင်း အသင်းဖော်များနဲ့ ပြဿနာဖြစ်ပွားခဲ့တာကြောင့် အသင်းပြောင်းဖို့ရှိနေသလို ချိန်ဘာလိန်ကလည်း စိန်ခေါ်မှုအသစ်တွေကို ရင်ဆိုင်ဖို့ အမ်းမရိတ်စ်ကွင်းကနေ ထွက်ခွာဖို့လိုလားနေတာ ဖြစ်ပါတယ်။



### ဘွန်ဒက်စ်လီဂါအသင်းများရဲ့ ပစ်မှတ် အမ်မရီကန်

လီဗာပူးကွင်းလယ်လူ အမ်မရီကန်ကို ဘွန်ဒက်စ်လီဂါ အသင်းတွေက အလိုရှိနေကြတာကြောင့် ကန်အနေနဲ့ ဂျာမန်မြေကို ပြန်လည်ခြေချမလားဆိုတာလည်း စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ဒီဂျာမနီလက်ရွေးစင်ကစားသမားလေးဟာ လီဗာပူးနဲ့ စာချုပ်သစ်ကိစ္စရပ်ဆွေးနွေးမှုကို ရပ်ထားတာကြောင့် လောလောဆယ်တော့ သူ့ရဲ့ အနာဂတ်ကိုမှန်းဆဖို့ ခက်တဲ့အနေအထားပါ။ ကန်ကို လိုချင်နေတဲ့ အသင်းတွေကတော့ လက်ပ်ဇစ်နဲ့ လေဗာကူဆင်တို့ ဖြစ်ကြပြီး ဒီနှစ်သင်းက ကန်ကို အန်ဖီးလ်ကနေ ထွက်ခွာဖြစ်အောင် စည်းရုံးနိုင်မယ်လို့ ယုံကြည်နေကြပါတယ်။



### မက်ဒရစ်မြို့ကို ပြန်ဖို့ လက်မလျှော့တဲ့ ဒီဂီယာ

မန်ယူဂိုးသမား ဒီဂီယာဟာ ဇာတိမြေစပိန်ကလပ်အသင်းဖြစ်တဲ့ ရီးယဲလ်မက်ဒရစ်အသင်းကို ပြောင်းရွှေ့ချင်နေပြီး အိုကေဒါရီယို သတင်းထောက် အင်ဒါက စပိန်ရုပ်သံတစ်ခုကို ပြောကြားခဲ့တာပါ။ အင်ဒါက အယ်လ်ချီရင်ဂင်တို ရုပ်သံအစီအစဉ်တစ်ခုမှာ "ရီးယဲလ်က ဂိုးသမားတစ်ဦးကို စဉ်းစားတယ်ဆိုရင် ဒီဂီယာပဲဖြစ်လိမ့်မယ်။ ဒါပေမယ့် မော်ရင်ဟိုက သူ့ကို မန်ယူကနေ ထွက်ခွာခွင့်မပေးဘူးလို့ ဆုံးဖြတ်ထားတာကြောင့် ဒီဂီယာအတွက်အတော်ခက်နေတာပါ" လို့ ဆိုခဲ့ပါတယ်။ ဒီဂီယာက မန်ယူအသင်းဟာ သူ့အတွက်ငရဲခန်းလိုဖြစ်ပြီး နေ့ရက်တိုင်းဟာ မှောင်မိုက်နေတယ်လို့ ထင်နေတာကြောင့် ရီးယဲလ်ကိုပြောင်းရွှေ့ချင်တယ်လို့ သူနဲ့ရင်းနှီးတဲ့ မန်ယူကစားသမားတွေကို ပြောကြားခဲ့တယ်လို့ အင်ဒါက ဖောက်သည်ချလိုက်ပါတယ်။

### ချယ်လ်ဆီးကစားသမားသုံးဦးစလုံးကို တစ်ပြိုင်နက်တည်းမျက်စိကျနေတဲ့ ဘာစီလိုနာ

စပိန်အင်အားကြီး ဘာစီလိုနာအသင်းက ချယ်လ်ဆီးအသင်းရဲ့ ကစားသမားသုံးဦးဖြစ်တဲ့ တိုက်စစ်မှူးမာကို့စ်အလွန်ဆို၊ ကွင်းလယ်လူ နီမန်ဂျာမာတစ်နဲ့ နောက်ခံလူ အပ်စ်ပလီကွီတာတို့ကို ခေါ်ယူဖို့ကြိုးပမ်းနေပါတယ်။ ဆိုလိုတာကတော့ ဘာစီလိုနာအသင်းက ချယ်လ်ဆီးအသင်းရဲ့ ရှေ့၊နောက်၊အလယ် ကစားသမားတွေကို သဘောတကျ စောင့်ကြည့်နေတာပါပဲ။ ဒါပေမယ့် ဒီကစားသမားတွေကတော့ နည်းပြအပြောင်းအလဲဖြစ်မယ့် ဘာစီလိုနာထက်ဆို ချယ်လ်ဆီးမှာ ဆက်နေတာက ပိုအဆင်ပြေမယ်လို့ယူဆကြတာကြောင့် ဘာကာရဲ့ကြိုးပမ်းမှုကို ငြင်းပယ်နိုင်ခြေရှိနေပါတယ်။



### အီဗရာဟီမိုဗစ်ကို ခေါ်ယူဖို့ ရှေ့တစ်လှမ်းတိုးလာပြန်တဲ့ အယ်လ်အေဂလက်စီ

မေဂျာလိဂ်ကလပ်အသင်းတစ်ခုဖြစ်တဲ့ အယ်လ်အေဂလက်စီက မန်ယူတိုက်စစ်မှူးအီဗရာဟီမိုဗစ်ကို မြောက်မြားစွာသော လစာနှုန်းထားနဲ့ ကမ်းလှမ်းမှုပြုခဲ့တာကြောင့် မိုဗစ်တစ်ယောက် မန်ယူကို ကျောခိုင်းတော့မလားလို့ မန်ယူပရိသတ်တွေက စိုးရိမ်နေကြပါတယ်။ မိုဗစ်နဲ့ မန်ယူအသင်းတို့လက်ရှိစာချုပ်ဟာ နောက်နှစ်လဆိုရင် ကုန်ဆုံးမှာဖြစ်တာကြောင့် မန်ယူအသင်းက ဒုတိယနှစ်စာချုပ်ကို ထပ်မံကမ်းလှမ်းထားပြီးဖြစ်ပါတယ်။ မန်ယူနည်းပြ မော်ရင်ဟိုက မိုဗစ်ဟာ မန်ယူမှာ ဆက်နေမယ်လို့ ယုံကြည်ပေမယ့် ဘယ်ကစားသမားကိုမှ လက်မှတ်ထိုးဖို့တောင်းဆိုမှာ မဟုတ်ဘူးလို့ ခပ်ပြတ်ပြတ်ပြောထားပြီး ဖြစ်ပါတယ်။ ဂလက်စီက မန်ယူအသင်းကို မိုဗစ်မပြောင်းရွှေ့မီကတည်းက ကမ်းလှမ်းခဲ့တဲ့ အသင်းဖြစ်ပေမယ့် မိုဗစ်ကမန်ယူကို ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် လွယ်လွယ်ကူကူနဲ့ ဝေဖန်မှုတွေပြုတတ်တဲ့ အင်္ဂလန်မီဒီယာတွေကို မိုဗစ် စိတ်ကုန်နေတာကြောင့်ရယ် အမေရိကရဲ့ယဉ်ကျေးမှုကို နှစ်သက်တာကြောင့်ရယ်ကြောင့် ဂလက်စီကို မိုဗစ်ရောက်နိုင်သေးတယ်လို့ ခန့်မှန်းမှုတွေလည်း ရှိနေပါတယ်။



## ဆုဖလားမရရှိလျှင် ကျရှုံးသည့် ရာသီပင်ဖြစ်ဟု ဂွါဒီယိုလာဆို

မန်စီးတီးနည်းပြ ဂွါဒီယိုလာက ယခုနှစ်ဘောလုံးရာသီတွင် မည်သည့်ဆုဖလားမှ မရရှိလျှင် ကျရှုံးသည့်ရာသီပင် ဖြစ်လာမည်ဖြစ်သောကြောင့် မန်စီးတီးသာ ရာသီကုန်ဖလား လက်မဲ့ဖြစ်မည်ဆိုပါက သူ၏အနာဂတ်လည်း မန်စီးတီးတွင် ရေရှည်တည်မြဲနိုင်မည်မဟုတ်ကြောင်း ဆိုခဲ့သည်။ ဂွါဒီယိုလာက နည်းပြတစ်ဦး၏ အောင်မြင်မှုမှာ ရလဒ်ပိုင်းအပေါ် အလုံးစုံမှီတည်နေရသဖြင့် အစဉ်အလာပိုင်းထက် လက်ရှိရလဒ်ပိုင်းကသာ ပို၍အရေးကြီးကြောင်း မှတ်ချက်ပြုသည်။

မန်စီးတီးအသင်းသည် ပရီမီယာလိဂ်လက်ကျန် ၁၁ ပွဲသာ ကစားရန် ကျန်ရှိတော့ချိန်တွင် ဇယားထိပ်ရှိ ဦးဆောင်သူ ချယ်လ်ဆီးအသင်းနှင့် ၁၀မှတ်အထိ ကွာဟသွားခဲ့ပြီဖြစ်ရာ ပရီမီယာလိဂ်ဖလားရရှိရန် မလွယ်ကူတော့သည့် အနေအထားပင်ဖြစ်သည်။ သို့သော် ချန်ပီယံလိဂ်နှင့် အက်ဖ်အေဖလားဆွတ်ခူးရန် အခြေအနေရှိနေဆဲဖြစ်သောကြောင့် ဖလားလက်မဲ့ အဖြစ်ခံမည်မဟုတ်သည့် ဂွါဒီယိုလာအနေဖြင့် အနည်းဆုံးဖလားတစ်လုံးရယူရေး ကြိုးပမ်းရတော့မည်ဖြစ်သည်။

ဂွါဒီယိုလာက "ဘိုင်ယန်ကို ကျွန်တော်ကိုင်တွယ်ခဲ့ချိန်မှာ ဆိုးဆိုးရွားရွား ဝေဖန်ခံခဲ့ရပါတယ်။ ဘာလို့လဲဆိုရင် ပြည်တွင်းလိဂ်တွေမှာသာ အမှတ်ပြတ်အနေအထားရရှိခဲ့ပြီး ချန်ပီယံလိဂ်ဖလားမရယူနိုင်ခဲ့လို့ ဖြစ်ပါတယ်။ ဒါကြောင့် ရလဒ်ပိုင်းကောင်းဖို့အတွက် ဒီနှစ်လအတွင်း အကောင်းဆုံးဆောင်ရွက်နိုင်ဖို့ အစွမ်းကုန်ကြိုးစားရပါတော့မယ်" ဟု မှတ်ချက်ပြုခဲ့သည်။

မန်စီးတီးအသင်းသည် အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် မစ်ဒယ်ဘရော့ကို ရင်ဆိုင်အပြီး ဗုဒ္ဓဟူးနေ့ ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် မိုနာကိုအသင်းကို အဝေးကွင်းတွင် သွားရောက်ရင်ဆိုင်ရမည်ဖြစ်သည်။ မန်စီးတီးအသင်းက မိုနာကိုအသင်းကို အိမ်ကွင်းတွင် ဧည့်ခံကစားစဉ်က ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိအောင် ကစားနိုင်ခဲ့သော်လည်း ချေပဂိုးသုံးဂိုး ပေးခဲ့ရသည့်အနေအထားကြောင့် နောက်တစ်ဆင့်တက်ရောက်နိုင်ရန် ရုန်းကန်ရမည်ဖြစ်သည်။ ဂွါဒီယိုလာမှာ ဘာစီလိုနာနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ကို ကိုင်တွယ်ရာတွင် အောင်မြင်မှုရအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း မန်စီးတီးနည်းပြဘဝတွင် ဘာစီလိုနာအား သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်နှင့် ဝက်စ်ဟမ်းအား ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် အက်ဖ်အေဖလား ပွဲစဉ်နှစ်ပွဲမှလွဲ၍ ကျန်ပွဲစဉ်များတွင် ထင်ရှားသော စွမ်းဆောင်ရည်မျိုး ပြသနိုင်ခြင်းမရှိခဲ့သည်ကို တွေ့ရသည်။



မေလှဲ့သင်း-စုစည်းသည်

## ပရီမီယာလိဂ်အတောင့်တင်းဆုံးလူစာရင်းကို မန်ယူပိုင်ဆိုင်ထားဟု ကွန်တီပြောကြား

ပရီမီယာလိဂ်အသင်းများတွင် အတောင့်တင်းဆုံးလူစာရင်းကိုပိုင်ဆိုင်ထားသည့် အသင်းများမှာ မန်ချက်စတာ မြို့ခံအသင်းများဖြစ်သည့် မန်စီးတီးနှင့် မန်ယူအသင်းတို့ပင်ဖြစ်ပြီး ချယ်လ်ဆီးအနေဖြင့် ထိုအချက်ကို အမြဲသတိထားယှဉ်ပြိုင်ခဲ့ကြောင်း ချယ်လ်ဆီးနည်းပြ ကွန်တီက ပြောကြားခဲ့သည်။ ချယ်လ်ဆီးနှင့် မန်ယူတို့သည် အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲစဉ်တွင် ထိပ်တိုက်တွေ့ဆုံနေပြီး လာမည့်တနင်္လာနေ့တွင် ချယ်လ်ဆီးအသင်း အိမ်ကွင်းစတန်းဖို့ဒ်ဘရစ်ချ်တွင် အဆိုပါပွဲစဉ်ကို ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မန်ယူနှင့် ချယ်လ်ဆီးတို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းတွေ့ဆုံစဉ်က ချယ်လ်ဆီးက လေးဂိုးပြတ်ဖြင့်အနိုင်ရရှိခဲ့ရာ အဆိုပါအချက်ကြောင့် ပြိုင်ဘက်ကို အထင်သေးရင်ဆိုင်မည်မဟုတ်ကြောင်း ကွန်တီက ဆိုသည်။ သို့သော် အသင်းအင်အားတောင့်တင်းရေးကို နည်းပြတိုင်းကြိုးပမ်းဆောင်ရွက်ကြသလို အလိုက်ဖက်ဆုံး နည်းဗျူဟာပိုင်းကို ချမှတ်နိုင်ရေးက ပို၍အရေးကြီးကြောင်း ပြိုင်ဘက်နည်းပြများကို သတိပေးစကားဆိုခဲ့သည်။ ယခု နှစ်ရာသီတွင် ပရီမီယာလိဂ်သို့ ဂွါဒီယိုလာ၊ ကွန်တီအစရှိသည့် နာမည်ကျော်နည်းပြများ ရောက်ရှိလာပြီး မန်ယူအသင်းကလည်း မော်ရင်ဟိုကို နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ရာ ပရီမီယာလိဂ်ကို နည်းပြများဗျူဟာပြိုင်သည့် လိဂ်တစ်ခုဖြစ်လာမည်ဟု ဘောလုံးကျွမ်းကျင်သူများက ခန့်မှန်းချက်ထုတ်ခဲ့ကြသည်။ သို့သော် နည်းပြ ကွန်တီ၏ ၃-၄-၃ ကစားကွက်ဗျူဟာသာ ထင်ရှားသည့်ရလဒ်ကောင်းများ ဖော်ဆောင်နိုင်ပြီး ပရီမီယာလိဂ်အမှတ်ပေးဇယားကို ၁၀ မှတ်ဖြတ် ဦးဆောင်ထားနိုင်သည်။

■

# ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်း

## အများပြည်သူ သိရှိလေ့လာ အကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

၆။ ဤဥပဒေမပြဋ္ဌာန်းမီက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ထားသော ရှိရင်းစွဲ ရတနာမြေများသည် ဤဥပဒေအရ သတ်မှတ်ထားသည့် ရတနာနယ်မြေများ ဖြစ်သည်ဟု မှတ်ယူရမည်။

၇။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရတနာနယ်မြေတစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပြင်ဆင်သတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၈။ တည်ဆဲဥပဒေအရ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်ရပ်က စိုက်ပျိုး လုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေ၏ အပေါ်ယံမြေဆီလွှာတွင်ဖြစ်စေ၊ မြေဆီလွှာအောက်တွင်ဖြစ်စေ၊ နိုင်ငံတော်နယ်နိမိတ်အတွင်းရှိ မြေပေါ်၊ မြေအောက်၊ ရေအောက်ကြမ်းပြင်နှင့် ရေအောက်မြေထုတွင်ဖြစ်စေ သဘာဝအလျောက် တွေ့ရှိရသော ကျောက်မျက်ရတနာသည် နိုင်ငံတော်ပိုင်ဖြစ်သည်ဟု မှတ်ယူရမည်။

### အခန်း(၄)
### ကျောက်မျက်ရတနာလုပ်ကွက်သတ်မှတ်ခြင်း

၉။ ဝန်ကြီးဌာနသည် ကျောက်မျက် ရတနာထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုရန် အလို့ငှာ ရတနာနယ်မြေအတွင်း ကျောက်မျက်ရတနာ တူးဖော်နိုင်သည့် နေရာများကို အလတ်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ပြုမည့် ကျောက်မျက်ရတနာ လုပ်ကွက်များအဖြစ် သတ်မှတ်ရမည်။

### အခန်း(၅)
### ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်

၁၀။ ဝန်ကြီးဌာနသည် -
- (က) အလတ်စား တူးဖော်ထုတ်လုပ်ခြင်းလုပ်ကိုင်ခွင့်ပြုမည့် ကျောက်မျက်ရတနာလုပ်ကွက် တစ်ခုချင်းအတွက် နေရာပေါ်မူတည်၍ သင့်လျော်သော အတည်ပြုချက် ဈေးနှုန်းကို သတ်မှတ်ပေးရမည်။ အကယ်၍ လုပ်ကွက်တစ်ခုအတွက် ယှဉ်ပြိုင်အဆိုပြုလွှာ တင်သွင်းခြင်းများ ပေါ်ပေါက်လာပါက လိုအပ်သောရွေးချယ်မှု စည်းကမ်းချက်များ သတ်မှတ်ပေးရမည်။
- (ခ) လုပ်ကွက်အတန်းအစားအလိုက် သတ်မှတ်ထားသော ဈေးနှုန်းဖြင့် ခွင့်ပြုမိန့် ထုတ်ပေးရန် အဆိုပြုလွှာ ခေါ်ယူရမည်။

၁၁။ ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသည့် ကုမ္ပဏီသည်သင်းဖွဲ့မှတ်တမ်းအရ လည်းကောင်း၊ အသင်းသည် အသင်းစည်းကမ်းအရ လည်းကောင်း ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်ရှိရမည်။ ထို့ပြင် ဝန်ကြီးဌာနက သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်လည်း ညီညွတ်ရမည်။

၁၂။ ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်သော ကုမ္ပဏီ သို့မဟုတ် အသင်းသည် ဝန်ကြီးဌာနက အလတ်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ပြုမည့် ကျောက်မျက်ရတနာလုပ်ကွက်များကို ဝင်ရောက်ယှဉ်ပြိုင်၍ အဆိုပြုလွှာ တင်ခွင့်ရှိသည်။

၁၃။ ဝန်ကြီးဌာနသည် အလတ်စားတူးဖော်ထုတ်လုပ်ခြင်းအတွက် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေပါ သတ်မှတ်ချက်များနှင့် ညီညွတ်၍ ရွေးချယ် အတည်ပြုထားသော အဆိုပြုလွှာတင်သည့်ကုမ္ပဏီ သို့မဟုတ် အသင်းအား ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် ခွင့်ပြုမိန့်ထုတ်ပေးရမည်။

၁၄။ ဝန်ကြီးဌာနသည် ခွင့်ပြုမိန့်ရရှိသူနှင့် အလတ်စား တူးဖော်ထုတ်လုပ်ခြင်းအတွက် ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများနှင့်အညီ ထုတ်လုပ်မှုအပေါ် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ ကုန်ကျစရိတ်များအပါအဝင် ရာခိုင်နှုန်းဖြင့် ခွဲဝေ ခံစားသည့်စနစ် သို့မဟုတ် အကျိုးအမြတ်အပေါ် ခွဲဝေခံစားသည့် စနစ်ဖြင့် လုပ်ကိုင်ရမည်။

၁၅။ ဝန်ကြီးဌာနသည်-
- (က) အလတ်စား တူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ပြုသည့် ကျောက်မျက်ရတနာ လုပ်ကွက်များ၏ ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံးသည့်အခါ ဆက်လက်လုပ်ကိုင်လိုကြောင်း လျှောက်ထားလာပါက လုပ်ငန်းအကောင် အထည်ဖော်ဆောင်ရွက်နိုင်မှုကို စိစစ်သုံးသပ်ပြီး လုပ်ကိုင်ခွင့်သက်တမ်းကို တိုးမြှင့်ခွင့်ပြုနိုင်သည်။
- (ခ) ပုဒ်မခွဲ(က)အရ ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ခွင့်ပြုသော အလတ်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းကျောက်မျက်ရတနာ လုပ်ကွက်တစ်ခုချင်းအတွက် လိုအပ်ပါက ဈေးနှုန်းပြန်လည် သတ်မှတ်ပြီး ကျောက်မျက် ရတနာထုတ်လုပ်ခြင်းလုပ်ငန်း ဆက်လက် လုပ်ကိုင်ရန် ၃ နှစ်ထက် မပိုစေဘဲ သက်တမ်းတိုးမြှင့် ခွင့်ပြုမိန့်ထုတ်ပေးရမည်။

၁၆။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့များကို ဖွဲ့စည်းပေးနိုင်သည်။

၁၇။ (က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့သည် ရတနာနယ်မြေ သို့မဟုတ် ရတနာနယ်မြေ ပြင်ပဧရိယာအတွင်း အသေးစားတူးဖော် ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စား တူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်းအဖြစ် လုပ်ကိုင်ခွင့်ပြုမည့် နေရာဒေသများကို ဝန်ကြီးဌာန၏ သဘောထား ရယူပြီး လုပ်ကွက်ချထားပေးနိုင်သည်။
- (ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်ထားသည့် နေရာဒေသအတွင်းရှိ မြေတွင် အသေးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်လိုသူသည် ခွင့်ပြုမိန့်ထုတ်ပေးရန် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့သို့ လျှောက်ထားရမည်။

၁၈။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည်-
- (က) အသေးစားတူးဖော် ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စား တူးဖော် ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် ခွင့်ပြုမိန့်ထုတ်ပေးရန် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ခ) အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ အသေးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ် လက်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် ခွင့်ပြုမိန့်သက်တမ်းနှင့် အတည်ပြုဈေးနှုန်းကို သတ်မှတ်ရမည်။ အကယ်၍ လုပ်ကွက်တစ်ခုအတွက် ယှဉ်ပြိုင်အဆိုပြုလွှာ တင်သွင်းခြင်းများ ပေါ်ပေါက်လာပါက လိုအပ်သော ရွေးချယ်မှု စည်းကမ်းချက်များ သတ်မှတ်ပေးရမည်။
- (ခ) သတ်မှတ်ထားသောဈေးနှုန်းကို လျှောက်ထားသူက သတ်မှတ်ကာလအတွင်းပေးသွင်းလျှင် ခွင့်ပြုမိန့် ထုတ်ပေးရမည်။
- (ဂ) ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံး၍ ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ခွင့်ပြုသည့်အခါ အသေးစားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ၂ နှစ်ထက် မပိုသော လုပ်ကိုင်ခွင့် သက်တမ်းနှင့် ဈေးနှုန်းတို့ကို ပြန်လည်သတ်မှတ်ရမည်။
- (ဃ) လက်ရှိလုပ်ငန်းလုပ်ကိုင်နေသူသည် သတ်မှတ်ထားသော ဈေးနှုန်းကို သတ်မှတ်ကာလအတွင်း ပေးသွင်းလျှင် ခွင့်ပြုမိန့်ထုတ်ပေးရမည်။

၁၉။ ဝန်ကြီးဌာနသည် ခွင့်ပြုမိန့်ရရှိသူက ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရာတွင် အများသုံးမြေစာပစ်ရန်နေရာကို ရတနာနယ်မြေအတွင်း သတ်မှတ်ပေးရမည်။

၂၀။ (က) ခွင့်ပြုမိန့် ရရှိသူသည် ရတနာနယ်မြေတွင် မြေအသုံးပြုခွင့်ပြုမိန့် ရရှိရန်ဝန်ကြီးဌာနသို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။
- (ခ) ဝန်ကြီးဌာနသည် -
  - (၁) ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး စည်းကမ်းချက်များ သတ်မှတ်၍ မြေအသုံးပြု ခွင့်ပြုမိန့် ထုတ်ပေးနိုင်သည်။
  - (၂) ပုဒ်မခွဲငယ် (၁) အရ မြေအသုံးပြုခွင့်ပြုမိန့် ထုတ်ပေးသည့်အခါခွင့်ပြုမိန့်ရရှိသော လုပ်ကွက်ပြင်ပရှိ လုပ်ငန်းသုံး နေရာတစ်ခုခုအတွက် မြေအသုံးပြုခွင့်ပြုမိန့်သက်တမ်းနှင့် မြေငှားရမ်းခတို့ကို သတ်မှတ်ရမည်။
  - (၃) ပုဒ်မခွဲငယ် (၂) အရ သတ်မှတ်ပေးသည့် မြေအသုံးပြုခွင့်ပြုမိန့် သက်တမ်းကုန်ဆုံးပါက သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

### အခန်း(၆)
### ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်နှင့် အခွင့်အရေးများ

၂၁။ ခွင့်ပြုမိန့်ရရှိသူသည် -
- (က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။
- (ခ) ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေအသုံးပြု ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။
- (ဂ) ထုတ်လုပ်ရရှိသည့် ကျောက်မျက်ရတနာ အရိုင်းများကို သက်ဆိုင်ရာ တန်ဖိုးဖြတ်အဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ ပြသ၍ မှတ်ပုံတင်ရမည်။
- (ဃ) ဤဥပဒေနှင့်အညီ ရတနာခွန်ပေးဆောင်ရမည်။
- (င) ရရှိထားသောခွင့်ပြုမိန့်ကို တစ်ဆင့်ငှားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းလုပ်ကိုင်စေခြင်းမပြုရ။
- (စ) လုပ်ကိုင်ခွင့်ရရှိသည့် လုပ်ကွက်တစ်ခုချင်း အလိုက် ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်မှု၊ ရတနာခွန်ပေးဆောင်မှု၊ ရောင်းချမှုနှင့် ကျန်ရှိမှုကို ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာန သို့မဟုတ် အဖွဲ့အစည်းသို့ ၆ လတစ်ကြိမ် မပျက်မကွက် တင်ပြရမည်။
- (ဆ) အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်-
  - (၁) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ဝန်ထမ်းများ၊ အလုပ်သမားများ ခန့်ထားခြင်း၊ အလုပ်ခိုင်းစေခြင်း၊ အသက်၊ လုပ်ခ၊ လစာနှင့် အခြားအခကြေးငွေများ သတ်မှတ်ခြင်း၊
  - (၂) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ မြေပေါ်မြေအောက်၌ အလုပ်လုပ်ရက်နှင့် အလုပ်ချိန်နာရီများ သတ်မှတ်ခြင်း၊
  - (၃) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်း၌ ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် မတော်တဆဖြစ်ပွားမှုမှ ကာကွယ်ရန် စီမံဆောင်ရွက်ခြင်း၊
  - (၄) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းမှ ဝန်ထမ်းများ၊ အလုပ်သမားများ၏ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့အတွက် စီမံချက်များရေးဆွဲ အကောင်အထည်ဖော်ခြင်း၊
  - (၅) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းကြောင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှု မရှိစေရန် စီမံဆောင်ရွက်ခြင်း၊
  - (၆) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်း၌ ဖြစ်ပွားသည့် မတော်တဆ ဖြစ်ပွားမှုများနှင့် ယင်းမတော်တဆ ဖြစ်ပွားမှုကြောင့် လူ့အသက် ဆုံးရှုံးခြင်းနှင့် ကိုယ်ခန္ဓာထိခိုက်ဒဏ်ရာရမှုများကို သတင်းပို့အစီရင်ခံခြင်း၊
  - (၇) စစ်ဆေးရေး အရာရှိချုပ်နှင့် စစ်ဆေးရေး အရာရှိများ၏ စစ်ဆေးမှုကို ခံယူခြင်း။


၂၂။ ခွင့်ပြုမိန့်ရရှိသူသည် ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာ အရိုင်းကို မှတ်ပုံတင်၍ ရတနာခွန်ထမ်းဆောင်ပြီးဖြစ်လျှင် တည်ဆဲဥပဒေများနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများပါ သတ်မှတ်ချက်များနှင့်အညီ-
- (က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များက ပြဋ္ဌာန်းထားသော ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်း ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို လိုက်နာ၍ ဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အရောင်တင်ခြင်း၊ ပုံဖော်ခြင်းနှင့် ရုပ်တုရုပ်ထွင်း ပြုလုပ်ခြင်းတို့ကို ပြုလုပ်၍ အချောထည်ပြုလုပ်ခွင့်နှင့် ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းများ ပြုလုပ်ခွင့်ရှိသည်။
- (ခ) ယင်းကျောက်မျက်ရတနာအရိုင်းကို ဖြတ်တောက်ခြင်း၊ သွေးခြင်းနှင့် အရောင်တင်ခြင်း၊ ပုံဖော်ခြင်းနှင့် ရုပ်တုရုပ်ထွင်းတို့ ပြုလုပ်ပြီးသော ကျောက်မျက်ရတနာအချောထည်ကို လက်ဝတ်ရတနာနှင့် ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းများ ပြုလုပ်ခွင့်ရှိသည်။
- (ဂ) ယင်းကျောက်မျက်ရတနာအရိုင်းကို လည်းကောင်း၊ ဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အရောင်တင်ခြင်း၊ ပုံဖော်ခြင်းနှင့် ရုပ်တုရုပ်ထွင်းတို့ ပြုလုပ် ပြီးသော ကျောက်မျက်ရတနာ အချောထည်ကိုလည်းကောင်း၊ လက်ဝတ်ရတနာကို လည်းကောင်း၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းကိုလည်းကောင်း -
  - (၁) ပြည်တွင်း၌ လွတ်လပ်စွာ သယ်ယူခွင့်ရှိသည်။
  - (၂) ပြည်တွင်း၌ မြန်မာကျပ်ငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားသုံး ငွေဖြင့်ဖြစ်စေ လွတ်လပ်စွာရောင်းချခွင့်ရှိသည်။
  - (၃) ဝန်ကြီးဌာနက ခွင့်ပြုသည့် နယ်စပ်မြို့များတွင် ကုန်သွယ်ရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အသင်းချုပ်နှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းတို့၏ ကြီးကြပ်မှုဖြင့် ကျောက်မျက်ရတနာပြပွဲများ ပြုလုပ်၍ ရောင်းချခွင့်ရှိသည်။
  - (၄) ပြည်ပသို့ နိုင်ငံခြားသုံးငွေဖြင့် တင်ပို့ရောင်းချခွင့် ရှိသည်။
  - (၅) ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ကျင်းပသော ကျောက်မျက်ရတနာပြပွဲများ တွင်လည်းကောင်း၊ ပုဂ္ဂလိကများက အခါအားလျော်စွာ ကျင်းပပြုလုပ်သော ပြည်တွင်း ကျောက်မျက်ရတနာ ပြပွဲများတွင် လည်းကောင်း၊ တရားဝင် ဖွင့်လှစ်ထားသော ကျောက်မျက်ရတနာ ဈေးနှင့်လိုင်စင်အရခွင့်ပြုသည့် ဆိုင်ခန်းနေရာများတွင်လည်းကောင်း ရောင်းချခွင့်ရှိသည်။
  - (၆) ပြည်ပမှ ရတနာကုန်သည်များကို မိမိ အစီအစဉ်ဖြင့် ဖိတ်ခေါ်၍ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ရောင်းချခွင့်ရှိသည်။
  - (၇) ပြည်ပ ကျောက်မျက်ရတနာပြပွဲများတွင် သွားရောက်ရောင်းချခွင့်ရှိသည်။

၂၃။ ခွင့်ပြုမိန့်ရရှိသူသည် တန်ဖိုးဖြတ်အဖွဲ့က သတ်မှတ်သည့် ကျောက်မျက်ရတနာ တန်ဖိုးကို မကျေနပ်ပါက ပြင်ဆင်သတ်မှတ်ပေးရန် တန်ဖိုးသတ်မှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဗဟိုကော်မတီသို့ တင်ပြခွင့်ရှိသည်။

**ဆက်လက်ဖော်ပြပါမည်။**











# ထိုင်းနိုင်ငံ၌ မိုဘိုင်းစနစ်သုံးရွှေ့လျား CI စာအုပ်ထုတ်ပေးရေးစနစ် မကြာမီစတင်မည်

**ဗန်ကောက် မတ် ၁၁**

ထိုင်းနိုင်ငံ၌မိုဘိုင်းစနစ်သုံး မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity – CI) စာအုပ်ထုတ်ပေးရေးစနစ်ကို မကြာမီစတင်တော့မည်ဖြစ်ကြောင်းထိုင်းသတင်းအရင်းအမြစ်များမှသိရသည်။

ထိုင်းနိုင်ငံအတွင်း ယာယီနေထိုင်အလုပ်လုပ်ကိုင်ခွင့်လက်မှတ် (ခ)ပန်းရောင်ဘတ်ကတ် ကိုင်ဆောင်ထားကြသည့် မြန်မာအလုပ်သမားခုနစ်သိန်းခန့်အားမည်သူမည်ဝါဖြစ်ကြောင်း CI စာအုပ်ကို စမွတ်ဆာခွန်ခရိုင်၊ မဟာချိုင်မြို့အပါအဝင် မြန်မာအလုပ်သမားအများစုရှိရာဒေသများ၌ CI စာအုပ်ထုတ်ပေးရေး စင်တာ ခြောက်ခုဖွင့်လှစ်၍ CI စာအုပ်များထုတ်ပေးလျက်ရှိကြောင်းသိရသည်။

ထိုသို့ CI စခန်းများဖွင့်လှစ်ထားရှိရာတွင် မဟာချိုင်မြို့ရှိ စခန်း(၁)သို့ လာရောက်၍ CI ပြုလုပ်သူများထဲမှ အချို့သောအလုပ်သမားများသည် CI စာအုပ်ပြုလုပ်ရာစခန်းထဲသို့ ဝင်ခွင့်ရရှိရန်အတွက် ထိုင်းနိုင်ငံသုံး ဘတ်ငွေ ၆၀၀ ထိပေးဆောင်ရသည်ဟု သတင်းများထွက်ပေါ်လျက်ရှိပြီး အဆိုပါ ဘတ်ငွေ ၆၀၀ ပေးဆောင်ကြသူများအား အမှန်တကယ် စင်တာမှကောက်ခံခြင်းမဟုတ်ဘဲ စင်တာအနီးတစ်ဝိုက်တွင် လာရောက်ဖွင့်လှစ်ထားကြသည့် ဆာဗေးစင်တာများက ကောက်ခံခြင်းသာဖြစ်ကြောင်း မြန်မာအလုပ်သမတစ်ဦးကပြောသည်။

"သမီးတို့ထံက ငွေကောက်ခံတာကတော့ MMC စခန်းဘေးက မှန်ခန်းထဲကလူတွေကောက်ခံတာပါ၊ ဒီစင်တာက လူတွေကောက်ခံတာမဟုတ်ပါဘူး၊ CI စာအုပ်ရဖို့အတွက် အဝေးကြီးကနေလာရတော့ CI စာအုပ်မရမှာကြောက်တာနဲ့ CI စာအုပ်လုပ်ပေးမယ်၊ ဘတ်ငွေ ၆၀၀ ပေးရမယ်ပြောတဲ့ လူကိုယုံကြည်ပြီး ငွေပေးလိုက်တာပါ၊ သမီးငွေပေးတဲ့သူကလည်း ဒီစင်တာထဲက တော့မဟုတ်ပါဘူး" ဟုရင်းက ပြောသည်။

အလုပ်သမားများအနေဖြင့် CI စာအုပ်ပြုလုပ်ပေးမည့်အချိန်ကာလနှင့်စပ်လျဉ်း၍ စိတ်ပူပန်မှုများရှိနေသည့်အပေါ် အလုပ်သမားများကို CI စာအုပ်လျင်မြန်စွာရရှိလိုပါက ဘတ်ငွေ ၆၀၀ပေးဆောင်ရမည်ဟုပြောဆိုပြီး ငွေကြေးကောက်ခံနေသည့် ရုံခန်းငယ်များနှင့် MMCစင်တာ ပတ်သက်မှုရှိမရှိဆိုသည်ကို မြန်မာအလုပ်သမားအရေးဆောင်ရွက်သူတစ်ဦးက တာဝန်ရှိသူတစ်ဦးကို မေးမြန်းခဲ့ရာ ၎င်းက "စင်တာအနီးတစ်ဝိုက်မှာ ရုံခန်းတွေလာဖွင့်ပြီး ဗီဇာလုပ်ပေးမယ်၊ဝပ်ပါမစ်လုပ်ပေးမယ်ဆိုပြီးငွေလာကောက်ခံနေတာက ကျွန်တော်တို့ MMC နဲ့ လုံးဝ(လုံးဝ)ကိုမသက်ဆိုင်သလို၊ယခုဖြစ်စဉ်နဲ့ ပတ်သက်ပြီး လိုအပ်တဲ့အရေးယူမှုတွေပြုလုပ်နိုင်ဖို့ ထိုင်း၊ မြန်မာ တာဝန်ရှိသူတွေကို တင်ပြထားပါတယ်။ ကျွန်တော်တို့ MMC စင်တာက ဝန်ထမ်းတွေကလည်း မြန်မာအလုပ်သမားတွေကို ပြောပြထားပါတယ်။ CI စာအုပ်လာလုပ်ရင် စင်တာကိုပဲ တိုက်ရိုက်လာကြဖို့ပေါ့။ နောက်ပြီး ဒီနေ့လာလို့ဒီနေ့ချက်ချင်းစာအုပ်ရိုက်မရသူ တွေရှိတယ်ဆို နောက်နေ့ပြန်လာပြီး တန်းစီနေစရာမလိုအောင် အတွက်ကျွန်တော်တို့ စင်တာကနေ ရက်ချိန်းနဲ့ နံပါတ်စဉ်တွေ ပြုလုပ်ပေးနေပါတယ်။ ဒီလုပ်ငန်းစဉ်က တစ်နေ့၊ တစ်လတည်းနဲ့ပြီးမယ့် လုပ်ငန်းစဉ်မဟုတ်ပါဘူး။ စာအုပ်မရမှာ ကိုစိတ်မပူပါကြပါနဲ့၊ မကြာခင် Mobile စနစ်နဲ့ လူ ၅၀ ဦးအထက်ရှိတဲ့ အလုပ်ရုံတွေထိသွားရောက်ပြီး CIစာအုပ် ပြုလုပ်ပေးမှာပါ"ဟု ပြောခဲ့သည်။

MMC စင်တာသို့ CI စာအုပ်လာရောက်ပြုလုပ်သူများထဲ၌ ဒုက္ခိတများ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ ရင်ခွင်ပိုက် ကလေးငယ်ပါသည့် အမျိုးသမီးများနှင့်သက်ကြီးရွယ်အိုများကို VIP အနေဖြင့် လျင်မြန်စွာဆောင်ရွက်ပေးလျက်ရှိသည်ဟု စင်တာ၌ လာရောက်လုပ်အားပေးနေသည့် မြန်မာအလုပ်သမားအရေးဆောင်ရွက်သူ တစ်ဦးဖြစ်သည့် ကိုစောမောင်ကပြောသည်။

Mobile စနစ်ဖြင့် မြန်မာ အလုပ်သမား ၅၀ အထက်ရှိသည့် အလုပ်ရုံများသို့ သွားရောက်ပြီး CI စာအုပ်ထုတ်ပေးမည်ဆိုပါက အလုပ်သမားများ ကြုံတွေ့နေရသည့် ပြဿနာများ လျော့နည်းမည်ဖြစ်သလို၊ 7 eleven တွင် ဘတ်ငွေ ၃၀၀ ပေးသွင်းရာတွင် အခက်အခဲဖြစ်နေသော ပန်းရောင်ဘတ်သမားများအနေဖြင့်လည်း အပြာရောင်နောက်ခံနှင့်အဝါလခြမ်းတံဆိပ်ရှိသည့် နေရာများတွင် ငွေပေးသွင်းပါက အဆင်ပြေလွယ်ကူမည်ဖြစ်ကြောင်း သိရသည်။

**(စိုးဝင်း-MLA)**

■

# ရာမနှင့် သိဃိုင်ဦစံလို လေးတင်ဟန်ပြုကြမှပဲ

ကို ရင် ဩ

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေများကို ချိုးဖောက်မှုရှိသည်ဆိုသော စွပ်စွဲချက်များအရ နိုင်ငံအတွင်းရှိ ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်း ၂၃ ခုကို ပိတ်သိမ်းရန်နှင့် ဆောင်ရွက်ဆဲ လုပ်ငန်း ငါးခုတို့ကို အကောင်အထည်ဖော်ခြင်းမှ ဆိုင်းငံ့ထားရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးအသစ် ရက်ဂီနာလိုပက်ဇ်က ညွှန်ကြားလိုက်မှုကို အကြောင်းပြု၍ ဖိလစ်ပိုင်နိုင်ငံအတွင်း သဲသဲလှုပ်လှုပ် ရုတ်ရုတ်သဲသဲဖြစ်ရသည်ဆိုသော သတင်းတစ်ပုဒ်ကို ကျွန်ုပ်ဖတ်ရှုရလေသောအခါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အမျိုးသားစီးပွားရေးတို့အကြား ဖြစ်ပေါ်လာသည့် စီစီညံညံ ပွတ်တိုက်သံများပေါ်မှ သင်ခန်းစာများ ထုတ်ယူရန် အတွေးများကို ဆန့်တန်းမိလေ၏။

လတ်တလော ပြဿနာ၏ အညှောင့်ပေါက်ခြင်းသည်ကား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝအရင်းအမြစ်များရေးရာ ဝန်ကြီးသစ်အဖြစ် သမ္မတဒူတာတေး၏ ခန့်အပ်မှုကို ခံခဲ့ရသူ လိုပက်ဇ်၏ ညွှန်ကြားချက်ပါပေတည်း။

ဖိလစ်ပိုင်အစိုးရအဖွဲ့နှင့် ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီများအကြား ရရှိခဲ့သော ပဋိညာဉ်စာချုပ် (ကန်ထရိုက်စာချုပ်) ၇၅ ခုကို ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြန်လည်ဖျက်သိမ်းလိုက်ပြီးနောက် ပြဿနာ၏ အညှောင့်ကို ဘွားကနဲ တွေ့မြင်ကြရ၏။ အသစ်ကျပ်ချွတ် ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ခြင်းမှ ဖျက်သိမ်းရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးသစ် လိုပက်ဇ်က အမိန့်တော်ထုတ်ဆင့်လိုက်ရာ နိုင်ငံတစ်ဝန်းရှိ မိုင်းတွင်းလုပ်ငန်း လောကတစ်ခုလုံး ဖိမ့်ဖိမ့်တုန်သွားခဲ့ရလေသည်။

ဖိလစ်ပိုင်နိုင်ငံရှိ သတ္တုတွင်း ထက်ဝက်ခန့်ကို ပိတ်သိမ်းစေသည့် လုပ်ဆောင်ချက်ကို သမ္မတဒူတာတေးက အပြည့်အဝထောက်ခံပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဘက်မှ ကာကွယ်ပြောကြားခဲ့သည်။

သတ္တုတွင်းများ ပိတ်သိမ်းရန် ညွှန်ကြားမှုကို မခံမရပ်နိုင်ဖြစ်နေကြသူများက လိုပက်ဇ်အား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးအဖြစ် ဒူတာတေးက ခန့်အပ်ခြင်းကို ပါလီမန်က အတည်ပြုပေးရေး ကြားနာစစ်ဆေးမှုများမှာ ကသောင်းကနင်းနှောင့်နှေးကြန့်ကြာလျက်ရှိရလေသည်။

သတ္တုတွင်းလုပ်ငန်းရှင်ကြီးများအသင်း၊ ပိတ်သိမ်းခံရသော သတ္တုတွင်းများ၏ လုပ်ငန်းရှင်များ၊ ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီများက ရှေ့တန်းမှနေ၍ ထထကြွကြွ ဝေဖန်ကန့်ကွက်ကြလေရာ ကမ္ဘာ့သတ္တုဈေးကွက်ကြီးအထိ သိမ့်သိမ့်တုန်ခဲ့ရလေသည်။

ဖိလစ်ပိုင်နိုင်ငံသည် ကမ္ဘာ့ဈေးကွက်သို့ နီကယ်တင်ပို့ရောင်းချသည့် ထိပ်တန်းနိုင်ငံဖြစ်သဖြင့် သံမဏိထုတ်လုပ်ရာတွင် အဓိကပါဝင်သည့် နီကယ်သတ္တုရောင်းလိုအားကျဆင်းသွားမည်လောဟု စိုးရိမ်မှုများ ပေါ်ထွက်လာသည်။

ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များအဖြစ် သိရှိကြသော ကန်ထရိုက်စာချုပ်များကို ချုပ်ဆိုခဲ့ကြစဉ်က ရေဝေရေလဲဒေသများကို မထိခိုက်အောင် ဆောင်ရွက်ရန် ဖော်ပြထားသဖြင့် ပတ်ဝန်းကျင်မထိခိုက်နိုင်ဟု သတ္တုတွင်းလုပ်ငန်းရှင်များက စောဒကတက်ကြသည်။

သတ္တုတူးဖော် ထုတ်လုပ်ခြင်းဆိုင်ရာ အစိုးရ၏ တားမြစ်ပိတ်ပင်ချက်ကြောင့် အကျိုးစီးပွား ယုတ်လျော့ရမည့်အရေးရတက်မအေးဖြစ်သွားကြရသည့် ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီများမှာ မကျေမချမ်းရှိနေကြရာ နိုင်ငံရေးတိုက်ပွဲခေါ်သံများ ပိုမိုကျယ်လောင်လာသည်။

**သတ္တုတွင်းလုပ်ငန်းဟူသည်**

သတ္တုတွင်းလုပ်ငန်းဟူသည် အဖိုးတန်သတ္တုများနှင့် အခြားသော ဘူမိဆိုင်ရာ ပစ္စည်းများကို ကမ္ဘာ့မြေမျက်နှာပြင်ရှိ ကျောက်တုံးများ၊ သတ္တုကြောများနှင့် ကျောက်မီးသွေးကြောများမှ တူးဖော်ရယူသည့် လုပ်ငန်းဖြစ်သည်။

သတ္တုတူးဖော်ခြင်းလုပ်ငန်းမှာ အလွန်ရှေးကျသော လုပ်ငန်းတစ်ရပ်ဖြစ်သည်။ ကမ္ဘာ့ဒေသအချို့၌ ရှေးအခါကသတ္တုတူးဖော်ရာ၌ အသုံးပြုသည့် လိုဏ်ခေါင်းများ၊ ဖိုများ၊ လုံများနှင့် အခြားအသုံးအဆောင်များကို ရှာဖွေတွေ့ရှိရသည်။

အီဂျစ်လူမျိုးတို့သည် ဘီစီ ၅၀၀၀ ကပင် ဆိုင်းနိုင်းအရပ်မှ ကြေးနီကို တူးဖော်သုံးစွဲခဲ့ကြသဖြင့် ကမ္ဘာပေါ်တွင် သတ္တုတူးဖော်ခြင်းလုပ်ငန်းကို ပထမဆုံး လုပ်ခဲ့သည့် လူမျိုးဟု ဆိုရပေမည်။

ယခုခေတ်တွင်မူကား သတ္တု၏ အသုံးဝင်ပုံများပြားလာသည့်အလျောက် သတ္တုတွင်းလုပ်ငန်းမှာ ကြီးကျယ်လာပြီး သတ္တုရိုင်းရှာဖွေရေး၊ တူးဖော်ရေး၊ ထုတ်ယူရေးတို့တွင် အရှိန်အဟုန်မြင့်တင်လုပ်ကိုင်လျက်ရှိကြသည်။

ဓာတ်သတ္တုများသည် ကျွန်ုပ်တို့၏ နိစ္စဓူဝ လူနေမှုဘဝ၌ အရေးပါသော လူ့အသုံးအဆောင်ပစ္စည်းအားလုံးလိုလိုတွင် တစ်နည်းတစ်ဖုံ ပါဝင်လျက်ရှိနေသည်။

ထင်ရှားလှသည့် သာဓကတစ်ရပ်ကို ညွှန်းဆိုရလျှင် တယ်လီဖုန်းတစ်လုံး ထုတ်လုပ်ရာ၌ သုံးစွဲရသည့် ဓာတ်သတ္တုပစ္စည်းအမျိုးအမည်ပေါင်းမှာ အလူမီနီယမ်၊ ဘာရီလီယမ်၊ ကြေးနီ၊ ရွှေ၊ သံ၊ ငွေ၊ ကန့်ကူကျောက်စသည်တို့အပါအဝင် ၄၂ မျိုးအထိ ပါဝင်နေခြင်းဖြစ်၏။ အလားတူပင် ရုပ်မြင်သံကြားစက်တစ်လုံး ထုတ်လုပ်ရန် မတူကွဲပြားသော ဓာတ်သတ္တု ၃၅ မျိုး၊ တစ်ကိုယ်ရေသုံး ကွန်ပျူတာ (ပီစီ) တစ်လုံးထုတ်လုပ်ရန် ကွဲပြားခြားနားသော ဓာတ်သတ္တုအမျိုး ၃၀ ကျော် သမူဟပြုပေါင်းစုပါဝင်ကြရလေသည်။

အလွန်တိကျသော ဒစ်ဂျစ်တယ် နှိုးစက်နာရီတစ်လုံး ထုတ်လုပ်နိုင်ရေးအတွက် ဘိုရွန်၊ ကြေးနီ၊ ရွှေနှင့် သလင်းကျောက်တို့၏ ဂုဏ်သတ္တိစွမ်းပကားများကို ပစ်ပယ်ကာ တည်ဆောက်ခြင်းမပြုနိုင်ပေ။

အဆောက်အအုံကိုယ်ထည်များ တည်ဆောက်ခြင်း၊ လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲခြင်း၊ မော်တော်ကားထုတ်လုပ်ခြင်းစသည့် လုပ်ငန်းအများအပြားတွင် တူးဖော်ထုတ်ယူထားသော သတ္တုများကို မပါမပြီးသုံးစွဲကြရသည်။

တူးဖော်ပြီး ဓာတ်သတ္တုများကို အသုံးပြု၍ ပစ္စည်းကိရိယာများကို ထုတ်လုပ်ကာ လူနေမှုအဆင့်အတန်းကို မြှင့်တင်နေကြသည်ကား ထင်ရှားလှ၏။ ဖွံ့ဖြိုးပြီး နိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံများထက် ဓာတ်သတ္တုများကို ပိုမိုသုံးစွဲလျက်ရှိ၏။

အမေရိကန်ပြည်ထောင်စု၌ နှစ်စဉ်နိုင်ငံသားတစ်ဦးချင်းစီ၏ သတ္တုပါဝင်သောပစ္စည်းသုံးစွဲမှုမှာ လူတစ်ဦးလျှင် ပျမ်းမျှ ပေါင် ၄၇၀၀၀ ရှိသည်။ ဂျပန်နိုင်ငံသည်လည်း အမေရိကန်နည်းတူ ပြည်သူတစ်ဦးချင်းစီ၏ သတ္တုပါဝင်သောပစ္စည်းသုံးစွဲမှု မြင့်မားသော နိုင်ငံဖြစ်သည်။

**ရုပ်ကြွင်းလောင်စာအရေးပါဆဲ**

အကာလ ညအခါ၌ မီးထိန်ထိန်ဖြစ်စေဖို့ ကမ္ဘာတစ်လွှားတွင် လျှပ်စစ်ဓာတ်အား ထုတ်ယူလျက်ရှိကြရာတွင် ရုပ်ကြွင်းလောင်စာမှာ အရေးပါနေဆဲဖြစ်သည်။

ကျောက်မီးသွေးမှာ ကမ္ဘာတစ်ဝန်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအတွက် စွမ်းအင်ဆိုင်ရာ အကြီးဆုံးအရင်းအမြစ်ဖြစ်သည်။ 'စိန်နက်' ဟု တင်စားခေါ်ဝေါ်ခံရသော ကျောက်မီးသွေးထုတ်လုပ်မှု အများဆုံး ၁၀ နိုင်ငံမှာ တရုတ်၊ အမေရိကန်၊ ဩစတြေးလျ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ရုရှား၊ တောင်အာဖရိက၊ ကာဇက်စတန်၊ ကိုလံဘီယာနှင့် ယူကရိန်းတို့ဖြစ်ကြသည်။

လေထုညစ်ညမ်းမှု မဖြစ်ပေါ်စေရေးအတွက် နည်းပညာအရ တီထွင်ဆန်းသစ်မှုများ ပြုလုပ်ရန် လိုအပ်လှသည်။

ရေနံ၊ ဓာတ်ငွေ့နှင့် အထူးအားဖြင့် ကျောက်မီးသွေးတို့ကဲ့သို့သော ကာဗွန်အခြေပြု အရာဝတ္ထုများ လောင်ကျွမ်းခြင်းဖြင့် နှစ်စဉ်ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့တန်ချိန် ဘီလီယံပေါင်းများစွာ ပေါ်ထွက်စေသည်။

ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ထုတ်လုပ်မှုလုပ်ငန်းများမှာ နိုင်ငံများအလိုက် အကန့်အသတ်ဖြင့်သာ ထုတ်ယူသုံးစွဲနိုင်သဖြင့် ဈေးချိုချိုဖြင့် ပေါပေါများများ စွမ်းအင်ထုတ်လုပ်နိုင်သော ကျောက်မီးသွေးအပေါ် နိုင်ငံများ မှီခိုအားထားနေကြရလေသည်။

ကမ္ဘာ့နိုင်ငံများအားလုံး မငြင်းသာသည့် အချက်တစ်ရပ်မှာ လူဦးရေ တိုးလာလေလေ ဓာတ်သတ္တု သယံဇာတ တူးဖော်ထုတ်လုပ်ရမှု များပြားလေလေဟူသော ဆက်နွယ်မှုဖြစ်၏။

ဤတွင်ရွေ့ကား လူဦးရေပေါက်ကွဲမှုပြဿနာသည် သဘာဝပတ်ဝန်းကျင် ပျက်စီးရန် အခြေခံအကြောင်းတရားဖြစ်လာရတော့သည်။

လူဦးရေ တိုးတက်လာမှုနှင့်အတူ ကမ္ဘာတစ်လွှား ဓာတ်သတ္တုဝယ်လိုအား မြင့်တက်လာသည်။ ရယူမှုနှင့် ပေးဆပ်ရမှုတို့ ဒွန်တွဲနေတတ်သည့် သဘာဝအတိုင်းပင် ဓာတ်သတ္တုများကို အလွန်အကျွံထုတ်ယူလာကြသည့်အခါ မြေဆီလွှာတိုက်စားခြင်း၊ ကျွံဝင်တွင်းများ ဖြစ်ပေါ်လာခြင်း၊ ဇီဝမျိုးစုံလင်မှုဆုံးရှုံးခြင်း၊ မြေဆီလွှာ၊ မြေအောက်ရေနှင့် မြေပေါ်ရေတို့ကို ဓာတ်သတ္တုတူးဖော်ရေးနည်းစဉ်များတွင် ပါဝင်သော ဓာတုပစ္စည်းများကြောင့် ညစ်ညမ်းစေခြင်းစသည့် ပတ်ဝန်းကျင်ထိခိုက်မှုများဖြစ်ပေါ်လာရသည်။

ဓာတ်သတ္တု တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းသည် နိုင်ငံ့ဘဏ္ဍာဝင်ငွေကို တိုးစေနိုင်ပြီး လူနေမှုဘဝ တိုးတက်မြင့်မားရေးအတွက် ကြီးစွာအထောက်အကူပေးသော်လည်း လေထုညစ်ညမ်းခြင်း (ဥပမာ- ကျောက်မီးသွေးတွင်းများက မီသိန်း ဓာတ်ငွေ့ထုတ်လွှတ်ခြင်း၊ ဖုန်မှုန့်များပျံ့လွင့်ခြင်း)၊ ရေထုညစ်ညမ်းခြင်း၊ ဂေဟစနစ်များပျက်စီးခြင်း၊ မိုင်းတွင်းတည်ဆောက်နိုင်စေရေးအတွက် သစ်ပင်များ ခုတ်လှဲရခြင်းကြောင့် သစ်တောပျက်စီးခြင်းစသည့် အကျိုးသက်ရောက်မှုများကို ရှောင်ကွင်း၍ မရနိုင်ပေ။

**ပုလဲပန်းသင့်ကြဖို့**

အကြောင်းနှင့်အကျိုး၊ အကောင်းနှင့် အဆိုး အတူဒွန်တွဲနေတတ်သည့် လောကဓမ္မနှင့်အညီပင် ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင် ပျက်ယွင်းမှုတို့က လွန်ဆွဲနေတတ်သည် မဟုတ်ပါလော။

ဤတွင်ရွေ့ကား အရေးကြီးလှသည်မှာ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချိန်ချိန်ဆဆ ဆောင်ရွက်ကြဖို့ လိုအပ်ခြင်းဖြစ်သည်။ ဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင်တို့ ပုလဲပန်းသင့်သည့် အနေအထားတွင် ထိန်းထားနိုင်ကြဖို့ လိုအပ်လိမ့်မည်။

ကျွန်ုပ်တို့အနေဖြင့် အမျိုးသားစီးပွားရေးဘဝ တိုးတက်မြင့်မားရေးအတွက် ကြီးစွာသော အခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားနေသော ဓာတ်သတ္တုသယံဇာတ တူးဖော်ထုတ်လုပ်ရေးကဏ္ဍကို လုံးဝပစ်ပယ်၍ မရသလို ယင်းလုပ်ငန်းကဏ္ဍက သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှု ကြီးမားစွာ ဖြစ်ပေါ်နိုင်ခြင်းကိုလည်း ပေယျာလကန် မပြုအပ်ပါချေ။

"ကျုပ်တို့အနေနဲ့ နိုင်ငံ့ဝင်ငွေအဖြစ်ဒေါ်လာတွေ လိုချင်တာပေါ့။ ဒါပေမယ့် ငွေကြေးတစ်ခုတည်းကြည့်လို့မရတဲ့အချိန်၊ ပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းရမယ့်အချိန်ရောက်နေပြီဗျ" ဟူ၍ သမ္မတဒူတာတေးက ဆိုမိန့်ခဲ့လေသည်။

ထိုစဉ်အတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားမှုများ အားကောင်းလာသော ဖိလစ်ပိုင်နိုင်ငံ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရှေ့နေ အမျိုးသမီးတစ်ဦး ဖေဖော်ဝါရီ ၁၅ ရက်က လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည့် ဖြစ်ရပ်ကလည်း ပူပူနွေးနွေးဖြစ်ရပ် တစ်ခုဖြစ်သည်။

၂၁ ရာစုခေတ်၏ စိန်ခေါ်ချက်ကြီးတစ်ရပ်မှာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဖြစ်သည်။ ပြန်လည်ဖြည့်တင်း၍ မရနိုင်သော သဘာဝသယံဇာတ ပစ္စည်းများကို အလွန်အကျွံထုတ်ယူသုံးစွဲခြင်းသည် အနာဂတ်မျိုးဆက်သစ်တို့၏ ဖွံ့ဖြိုးတိုးတက်မှုကို တင်ကူးဖျက်ဆီးရာရောက်တတ်ပုံကို မြင့်မြတ်သော လူသားဝါဒီအရ သတိမူမိပြီး လူဟူသည် 'ဝိနယောစ သုသိက္ခိတော' (လူနှင့် သက်ဆိုင်နေသည့် ကျင့်ဝတ်များကို ကောင်းစွာသိရှိနားလည်ရာ၏) ဟူသော သဘောတရားကို ကျွန်ုပ်ဆင်ခြင်မိလေသည်။

ယခုအချိန်မှာမူကား ဖိလစ်ပိုင်နိုင်ငံ၌ သတ္တုတွင်း လောကသားများကတစ်ဖက်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလောကသားများက တစ်ဖက် အားပြိုင်ကြလျက် နိုင်ငံရေးတိုက်ပွဲခေါ်သံများအား ဟစ်ကြွေးလျက်ရှိနေကြသည်ကို တွေးတောမိရင်း **"ရာမနှင့် သိဃိုင်ဦစံလို လေးတင်ဟန်ပြုကြမှပဲ"** ဟူ၍ စလေဆရာကြီးဦးပုည၏ တေးထပ်တစ်စွန်းတစ်စကို ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။


မြို့တော် မနီလာ မြောက်ဘက် ကီလိုမီတာ ၂၇၀ အကွာ၌ တည်ရှိသော ဒီဒီပီယိုအမည်ရှိ ရွှေ-ကြေးနီ ထုတ်လုပ်ရေးကုမ္ပဏီ၏ မိုင်းတွင်း။ ဓာတ်ပုံ– The Northern Miner

# ကောလာဟလတွေကြားက ဟောလိဝုဒ်ကြယ်ပွင့်များ

**ယခုသီတင်းပတ်အတွင်း ပေါ်ထွက်ခဲ့တဲ့ ဟောလိဝုဒ်ကြယ်ပွင့်တွေရဲ့ ကောလာဟလတွေထဲက စိတ်ဝင်စားစရာအကောင်းဆုံးသတင်းတွေကို ကြေးမုံပရိသတ်အတွက် ရွေးချယ်ဖော်ပြလိုက်ပါတယ်။**

## ဘာမှလည်း မပြောင်းလဲပါ

တစ်ချိန်ကဟောလိဝုဒ်ရဲ့ကျော်ကြားတဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ မင်းသား ဘန်အက်ဖ်လက်ခ်နဲ့ မင်းသမီးတစ်ဦးဖြစ်တဲ့ ဂျနီဖာဂါနာတို့ဟာ လတ်တလောမှာလည်း အမြဲလိုလိုအတူတွဲတွေ့နေရတဲ့အပေါ် မီဒီယာတွေက နှစ်ဦးအကြားကဆက်ဆံရေးနဲ့ပတ်သက်ပြီး မေးခွန်းတွေ ထုတ်လာခဲ့ကြပါတယ်။ ဒီလိုမေးမြန်းလာခဲ့မှုတွေအပေါ်မှာ ကာယကံရှင်နှစ်ဦးကတော့ သူတို့နှစ်ဦးအကြားမှာ ရှိရင်းစွဲဆက်ဆံရေးဟာ လုံးဝပြောင်းလဲခဲ့ခြင်းမရှိဘူးလို့ ဆိုခဲ့ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။


လွန်ခဲ့တဲ့ နှစ်နှစ်နီးပါးက သူတို့နှစ်ဦးလမ်းခွဲလိုက်ပြီဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားလာခဲ့တဲ့ အဆိုပါကြယ်ပွင့်စုံတွဲဟာ လမ်းခွဲပြီးနောက်ပိုင်းမှာလည်း ယခင်နေခဲ့တဲ့ နေအိမ်မှာပဲ ဆက်လက်နေထိုင်ခဲ့ကြပါတယ်။ ဒါ့အပြင် အချို့သောအနုပညာအခမ်းအနားတွေကို အတူတက်ရောက်ခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒီလိုလမ်းခွဲခဲ့ပေမယ့် ထူးခြားတဲ့ သူတို့နှစ်ဦးရဲ့ဆက်ဆံရေးနဲ့ပတ်သက်ပြီး မေးခွန်းတွေပေါ်ထွက်လာချိန်မှာတော့ သူတို့နဲ့ ရင်းနှီးသူတစ်ဦးက အဆိုပါကြယ်ပွင့်စုံတွဲအကြားမှာ ပြောင်းလဲမှုတစ်စုံတစ်ရာမရှိကြောင်း၊ သူတို့နှစ်ဦး ပြန်လည်လက်တွဲခဲ့ခြင်းမရှိကြောင်း၊ သူတို့နှစ်ဦးရဲ့ ရင်သွေးလေးတွေအတွက် မိဘတွေအဖြစ် ဆက်လက်ရပ်တည်နေကြတာဖြစ်ကြောင်းနဲ့ သူတို့အတွက်အရေးအကြီးဆုံးအရာမှာ ရင်သွေးလေးသုံးဦးသာဖြစ်ကြောင်း အဆိုပါမီဒီယာကို ဖြေကြားခဲ့တယ်လို့ သိရပါတယ်။

ဘန်အက်ဖ်လက်ခ်နဲ့ ဂျနီဖာဂါနာတို့နှစ်ဦးဟာ အိမ်ထောင်သက် ၁၀ ခန့်ရရှိခဲ့ပြီးတဲ့နောက်မှာ လမ်းခွဲလိုက်ပြီဖြစ်တယ်လို့ ကြေညာခဲ့တာဖြစ်ပြီး သူတို့နှစ်ဦးလက်တွဲနေခဲ့စဉ်အတွင်း ရင်သွေးသုံးဦးထွန်းကားခဲ့ပါတယ်။ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့ကလည်း သူတို့နှစ်ဦးဟာ ရင်သွေးလေးတွေဖြစ်ကြတဲ့ အသက်(၁၁)နှစ်အရွယ် ဗိုင်အိုလက်အက်ဖ်လက်ခ်၊ (၈)နှစ်အရွယ် ဆယ်ရက်ဖီနာအက်ဖ်လက်ခ်နဲ့ (၅)နှစ်အရွယ် ဆမ်မြူရယ်အက်ဖ်လက်ခ်တို့နဲ့အတူတွဲကာ ဘုရားကျောင်းတက်တာကို တွေ့ခဲ့ရကြောင်းလည်း သိရပါတယ်။

ဒီလိုအတူတွဲတွေ့နေရတဲ့အတွက် သူတို့နှစ်ဦးရဲ့ဆက်ဆံရေးနဲ့ပတ်သက်ပြီး အနာဂတ်မှာ ပြန်လည်လက်တွဲကြဦးမှာလားရယ်လို့ မီဒီယာတွေက စိတ်ဝင်စားနေကြပေမယ့် သူတို့ရဲ့ အချစ်ရေးနဲ့ပတ်သက်ပြီး မေးခွန်းတွေထပ်မံကြုံလာပါကလည်း ကလေးတွေကိုအတူစောင့်ရှောက်နေခြင်းသာဖြစ်တယ်လို့ အဆိုပါကြယ်ပွင့်စုံတွဲက ထပ်မံပြောကြားဦးမှာဖြစ်တယ်လို့လည်း အဆိုပါမီဒီယာက ဝေဖန်ရေးသားခဲ့ပါတယ်။

**အေးပြည့်-စုစည်းသည်**





## လမ်းခွဲခဲ့ပေမယ့် အဆက်အသွယ်တော့မပြတ်ပါ

လတ်တလောမှာ လမ်းခွဲလိုက်ပြီဖြစ်တယ်လို့ သတင်းတွေထွက်လာခဲ့တဲ့ ဟောလိဝုဒ်ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ပေါ့ပ်အဆိုတော် ကတ်တီပါရီနဲ့ မင်းသား အော်လန်ဒိုဘလွန်းတို့ဟာ လမ်းခွဲပြီးနောက်ပိုင်းမှာအဆက်အသွယ်ပြတ်သွားခြင်းမရှိဘဲ လတ်တလောအချိန်အထိ နှစ်ဦးအကြားမှာ အဆက်အသွယ်ရှိနေဆဲဖြစ်တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"Pirates of the Caribbean"ရုပ်ရှင်တွေရဲ့ ပင်တိုင်ဇာတ်ဆောင်တစ်ဦးဖြစ်တဲ့ အော်လန်ဒိုဘလွန်းနဲ့ "Chained to the Rhythm"တေးသီချင်းရဲ့ တေးသံရှင်တို့နှစ်ဦးဟာ ပြီးခဲ့တဲ့သီတင်းပတ်အတွင်း လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ကတ်တီပါရီက ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်ဦးကို ပြီးခဲ့တဲ့ အော်စကာဆုပေးပွဲကြီးအပြီး ကျင်းပတဲ့ အော်စကာပါတီမှာ နောက်ဆုံးအနေနဲ့အတူတွဲတွေ့ခဲ့ရပြီးနောက်နေ့မှာတော့ နှစ်ဦးသားလမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ လမ်းခွဲပြီးတဲ့နောက်ပိုင်းမှာလည်း သူတို့နှစ်ဦးဟာ တစ်ဦးနဲ့တစ်ဦး မက်ဆေ့ချ်တွေပေးပို့ကြကာ အဆက်အသွယ်ရှိနေဆဲဖြစ်တယ်လို့ သိရပါတယ်။

ကတ်တီပါရီနဲ့ အော်လန်ဒိုဘလွန်းတို့ဟာ ချစ်သူတွေအဖြစ်လက်တွဲခဲ့တဲ့ ၁၀လတာကာလအတွင်း ပေါ်ပေါ်ထင်ထင်လက်တွဲခဲ့တာဖြစ်ပြီး နှစ်ဦးသားအတူ အလည်အပတ်ခရီးတွေလည်း ထွက်ခဲ့ကြပါတယ်။ သူတို့နှစ်ဦးစလုံးဟာ လွတ်လွတ်လပ်လပ်နေတတ်သူတွေဖြစ်ကြပြီး သူတို့နှစ်ဦးအကြားက ဆက်ဆံရေးတွေ ဒီထက်ပိုရင်းနှီးလာမှာကိုမလိုလားတဲ့အတွက် မင်းသား အော်လန်ဒိုဘလွန်းက ဒီအချစ်ခရီးကို တစ်ခန်းရပ်ထားလိုခဲ့တာဖြစ်တယ်လို့လည်း သတင်းရင်းမြစ်တစ်ဦးက ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် သူတို့နှစ်ဦးအကြားမှာ အချစ်တွေက ရှိနေသေးတာဖြစ်ကြောင်း ပြောကြားလာခဲ့တဲ့အတွက် အဆိုပါကြယ်ပွင့်စုံတွဲရဲ့ ရှေ့ဆက်ကြမယ့်အချစ်ခရီးလမ်းဟာလည်း စိတ်ဝင်စားစရာဇာတ်လမ်းတစ်ပုဒ်ဖြစ်လို့နေပါတယ်။

## အချစ်ဟောင်းနဲ့ပတ်သက်တဲ့ မေးခွန်းတွေအတွက် ပင်ပန်းနေပါပြီ

ဟောလိဝုဒ်နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ တွမ်ဟစ်ဒဲလ်စတန်က ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်း ခဏတာချစ်သူတွေဖြစ်ခဲ့ကြတဲ့ တေလာဆွစ်နဲ့ပတ်သက်တဲ့ မေးခွန်းတွေကိုဖြေကြားရတာ အကြိမ်ကြိမ်ဖြစ်လာချိန်မှာတော့ သူ့အတွက် ပင်ပန်းစရာဖြစ်လာခဲ့ပြီဖြစ်တယ်လို့ ပြောကြားခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

တေလာဆွစ်နဲ့ တွမ်ဟစ်ဒဲလ်စတန်တို့ဟာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် နှစ်လယ်ပိုင်းလောက်က ချစ်သူတွေအဖြစ် လက်တွဲခဲ့ကြပြီး သုံးလခန့်အကြာမှာတော့ လမ်းခွဲခဲ့ကြတာဖြစ်ပါတယ်။ ယခုလိုနှစ်ဦးသားအကြားက အချစ်ဇာတ်လမ်းဟာ ပြီးဆုံးသွားခဲ့ပေမယ့် အချစ်ဟောင်းနဲ့ပတ်သက်တဲ့ မီဒီယာတွေရဲ့ မေးခွန်းတွေဟာ မပြီးဆုံးနိုင်သေးဘဲ ဆက်လက်ပေါ်ထွက်လာနေတဲ့အပေါ် တွမ်ဟစ်ဒဲလ်စတန်က သူ့အနေနဲ့ အဆိုပါမေးခွန်းတွေကိုဖြေရတာ ပင်ပန်းနေပြီဖြစ်ကြောင်း ပြောကြားခဲ့တာဖြစ်ပါတယ်။

မကြာသေးမီက သယ်တယ်လီဂရပ်နဲ့ ပြုလုပ်ခဲ့တဲ့အင်တာဗျူးတစ်ခုမှာ ဆွမ်ဟစ်ဒဲလ်စတန်က တေလာဆွစ်နဲ့ပတ်သက်တဲ့ခံစားချက်တွေကို မေးမြန်းခဲ့တဲ့မေးခွန်းအပေါ် တွမ်က ပြီးခဲ့ပြီဖြစ်တဲ့ ဇာတ်လမ်းတစ်ခုအပေါ် မီဒီယာတွေရဲ့ စိတ်ဝင်စားမှုပြင်းထန်နေသေးတာကို စိတ်ပျက်နေပုံပေါ်နေကြောင်းလည်း အဆိုပါမီဒီယာက ဖော်ပြခဲ့ပါတယ်။






## ဘယ်လာဆွမ်းကိုမေ့လိုက်ပြီး လက်ရှိဘဝကို ကျေနပ်နေသူ(သို့မဟုတ်) ခရစ်စတင်းစတူးဝပ်

ဟောလိဝုဒ်ရဲ့ အောင်မြင်ခဲ့တဲ့ ဇာတ်လမ်းတွဲရုပ်ရှင်တွေဖြစ်ကြတဲ့ "Twilight"မှာ အဓိကဇာတ်ဆောင်တစ်ဦးအဖြစ် ပါဝင်ခဲ့တဲ့ ဘယ်လာဆွမ်းဟာ တကယ်ကို နုပျိုလှပတဲ့ မိန်းမငယ်လေးတစ်ဦးအဖြစ် ပရိသတ်ရင်ထဲမှာ စွဲကျန်နေခဲ့ပါတယ်။ ဒါပေမယ့် ဘယ်လာဆွမ်းအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့တဲ့ မင်းသမီး ခရစ်စတင်းစတူးဝပ်ရဲ့ လက်ရှိအခြေအနေကတော့ ဘယ်လာဆွမ်းအဖြစ် တွေ့မြင်ခဲ့ရစဉ်ကနဲ့ လုံးဝကိုခြားနားသွားခဲ့ပြီဖြစ်ပါတယ်။ ဒီလိုပြောင်းလဲမှုတွေနဲ့ပတ်သက်ပြီး ခရစ်စတင်းစတူးဝပ်ကတော့ သူ့အနေနဲ့ လက်ရှိအခြေအနေကို ကျေနပ်ဂုဏ်ယူမိကြောင်း မကြာသေးမီက ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ ဖွင့်ဟပြောကြားလာခဲ့ကြောင်း ယူအက်စ်မဂ္ဂဇင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ခရစ်စတင်းစတူးဝပ်က သူ့ရဲ့နောက်ဆုံးရိုက်ကူးထားတဲ့ရုပ်ရှင် "Personal Shopper" အတွက် ရည်ရွယ်ပြုလုပ်ခဲ့တဲ့ ပရီမိုးရှင်းပွဲမှာ သူ့ရဲ့လက်ရှိအခြေအနေနဲ့ ပတ်သက်တဲ့ မေးခွန်းတွေကိုလည်း ဖြေကြားပေးခဲ့တာဖြစ်ပါတယ်။ အဆိုပါရုပ်သံအင်တာဗျူးမှာ ခရစ်စတင်းက သူ့အနေနဲ့ လိင်တူစိတ်ဝင်စားသူတစ်ဦး(ဂေး)အဖြစ် လူသိရှင်ကြားနေထိုင်ခဲ့တဲ့ သူ့ရဲ့ဘဝပုံစံနဲ့ပတ်သက်ပြီး သူ့ရဲ့ စိတ်ခံစားချက်အတိုင်း ပွင့်ပွင့်လင်းလင်းနေထိုင်ခဲ့ခြင်းအပေါ် ကျေနပ်ဂုဏ်ယူမိကြောင်း ဖြေကြားခဲ့တာဖြစ်ပါတယ်။

ခရစ်စတင်းဟာ "Twilight"ရဲ့ တွဲဖက်ခေါင်းဆောင်မင်းသား ရောဘတ်ပတ်တီဆန်နဲ့ အဆိုပါ ရုပ်ရှင်ရိုက်ကူးနေစဉ်ကာလအတွင်းက ချစ်သူတွေအဖြစ် လက်တွဲခဲ့ရာ ဟောလိဝုဒ်ရဲ့အလိုက်ဖက်ဆုံးသော စုံတွဲတစ်တွဲအဖြစ် အသိအမှတ်ပြုခြင်း ခံခဲ့ရပါတယ်။ အဲဒီနောက် နာမည်ကျော်ဒါရိုက်တာတစ်ဦးနဲ့ လက်တွဲခဲ့ကာ မကြာမီမှာ လမ်းခွဲခဲ့ပြန်ပါတယ်။ အဲဒီနောက်မှာတော့ ခရစ်စတင်းဟာအပြောင်းလဲကြီးပြောင်းလဲလာခဲ့ပါတယ်။ သူ့ကိုယ်သူဂေးတစ်ဦးဖြစ်တယ်လို့ ကြေညာခဲ့ကာ အမျိုးသမီးတွေကိုပဲ ချစ်သူအဖြစ်တွဲလာခဲ့ပါတယ်။ သူ့ရဲ့ မန်နေဂျာအပါအဝင် အမျိုးသမီးများစွာနဲ့ ချစ်သူတွေအဖြစ် လူသိရှင်ကြားတွဲခဲ့ပြီး ပေါ့ပ်အဆိုတော် မိုင်လီဆိုင်းရပ်စ်ရဲ့ချစ်သူဟောင်း မော်ဒယ်လ်တစ်ဦးဖြစ်သူ စတယ်လာမက်ဇ်ဝဲလ်နဲ့ လက်ရှိမှာ ချစ်သူတွေအဖြစ်တွဲနေခဲ့ကြပါတယ်။

ခရစ်စတင်းစတူးဝပ်နဲ့ ပတ်သက်ပြီး နောက်ဆုံးစိတ်ဝင်စားစရာ လုပ်ရပ်တစ်ခုကတော့ မင်းသမီးဟာ မကြာသေးမီက သူ့ရဲ့ ဆံပင်တွေကို အကုန်ညှပ်ပစ်ခဲ့ကာ ရွှေရောင်ကတုံးသာသာဆံပင်နဲ့ သူ့ကိုတွေ့မြင်လိုက်ရချိန်မှာတော့ ဟောလိဝုဒ်မီဒီယာတွေက အထူးအံ့အားသင့်ခဲ့ရပါတယ်။ ပြီးခဲ့တဲ့ မတ် ၇ ရက်က ပြုလုပ်ခဲ့တဲ့ "Personal Shopper" ရုပ်ရှင်အစမ်းပြပွဲမှာ ခရစ်စတင်းက အဆိုပါ ဆံပင်ပုံစံသစ်နဲ့ တက်ရောက်လာခဲ့တာကို တွေ့ခဲ့ကြရတာ ဖြစ်ပါတယ်။ ဒါ့ကြောင့် လတ်တလောမှာတော့ တစ်ချိန်က ဘယ်လာဆွမ်းကို ပြန်ပြောင်းအမှတ်ရစေနိုင်မယ့် နောက်ဆုံးအမှတ်တရတစ်ခုဖြစ်တဲ့ ဆံပင်လေးတွေလည်း မရှိတော့တာကြောင့် ခရစ်စတင်းရဲ့ဘယ်လာဆွမ်းပုံရိပ်တွေဟာ လုံးဝအဆုံးသတ်သွားခဲ့ပြီ ဖြစ်ပါတယ်။


PREMIER®
COFFEE
ချက်ချင်းပေါက်ငွေသားကံထူးရှင်ထဲမှ
သိန်း ၅၀၀ ကံထူးရှင် (၁)ဦး၊
သိန်း ၁၀၀ ကံထူးရှင် (၄)ဦး၊
၅ သိန်းဆုကံထူးရှင် (၃၂) ဦး၊
၁ သိန်း ဆုကံထူးရှင်(၃၅၁) ဦး ပေါ်ထွက်လာပါပြီ။
ကျန်ရှိနေသေးသည့်ဆုမဲများ
အထူးဆုကြီး ငွေကျပ် သိန်း ၁၀၀၀(၁)ဆု၊
ငွေကျပ် သိန်း ၅၀၀ (၃)ဆု၊
ငွေကျပ်သိန်း ၁၀၀ (၁၄)ဆု၊
ငွေကျပ် ၅သိန်း (၁၅၄)ဆု၊
ငွေကျပ် ၁သိန်း (၁၉၂၀)ဆု၊
(၂)ထပ်ကွမ်း ငွေလမ်း ကံစမ်းမဲ
ငွေကျပ်သိန်း၁၀၀ဆု(၂၀)ဆု
အောက်ဖော်ပြပါပုံစံအတိုင်းကံစမ်းနိုင်ပါသည်၊
၁
ဖော်ပြပါနမူနာပုံစံအတိုင်းတွေ့ရှိပါက
၂
အထုပ်ဘယ်ဘက်တွင်ပါရှိသော နမူနာပုံစံအား
ကြိုက်နှစ်သက်ရာစာရွက်အလွတ်တစ်ခုအပေါ်
ပုံတွင်ပြထားသည့်အတိုင်းဖြည့်စွက်ပါ
၃
ဖြည့်စွက်ပြီးပါက အိတ်ခွံနှင့်အတူ
ဖော်ပြပါပုံစံအတိုင်းပူးတွဲ၍
၄
စာအိတ်(၁)အိတ် ထဲသို့ ဝင်ဆံ့သလောက်ထည့်နိုင်ပါသည်
စာရွက်(၁)ရွက်နှင့်အိတ်ခွံ(၁)ခွံအား (၁)မဲအဖြစ်
သတ်မှတ်ပါသည်။(ဥပမာ - စာအိတ်ထဲ (၆)စုပါက (၆)မဲ
သတ်မှတ်ပြီး/ (၁)စုထဲပါပါက (၁)မဲဟုသတ်မှတ်ပါမည်)
၅
ဖော်ပြပါပုံအတိုင်းစာအိတ်ပေါ်တွင်ရေး၍
၆
POST
စာတိုက်သေတ္တာ
နီးစပ်ရာစာတိုက်ပုံး (သို့) စာတိုက်သို့
ပေးပို့ကံစမ်းနိုင်ပါသည်။
ချက်ချင်းပေါက်ငွေသားကံစမ်းမဲအပြင်
ထပ်မံကံစမ်းနိုင်မယ့်
(၂) ထပ်ကွမ်းငွေလမ်း
ရန်ကုန်
(၁၁၀၉)၊ (၁၁၁၉)
မန္တလေး
(၁၀)၊ (၁၈)
နေပြည်တော်
(၁၁၉)
စာတိုက်ပုံး
ကံစမ်းမဲကာလ(ဒီဇင်ဘာ ၂၀၁၆) မှ (ဧပြီ ၂၀၁၇) ထိ
ကံထူးရှင်များကို မေလ၊ ၂၀၁၇ ခုနှစ်တွင် ကြော်ငြာပေးသွားပါမည်၊



ပရီမီယာရဲ့ (၂) ထပ်ကွမ်း ငွေလမ်း
PREMIER COFFEE
ချက်ချင်းပေါက်ငွေသားကံစမ်းမဲမှ
ပထမဆုံး ကျပ်သိန်း (၅၀၀) ကံထူးရှင် နှင့်
ကျပ်သိန်း (၁၀၀) ကံထူးရှင် လေးဦး
ပေါ်ထွက်လာပါပြီ
ကျပ်သိန်း ၅၀၀
ကျပ်သိန်း ၁၀၀
ချက်ချင်းပေါက်ငွေသားကံစမ်းမဲမှ ကျန်ရှိနေသေးသော ဆုမဲများ
အထူးဆုကြီး ငွေကျပ်သိန်း ၁၀၀၀ (၁) ဆု၊
ငွေကျပ် သိန်း ၅၀၀ (၃) ဆု၊ ငွေကျပ်သိန်း ၁၀၀ (၁၄) ဆု၊ ငွေကျပ် ၅သိန်း (၁၅၄) ဆု၊ ငွေကျပ် ၁သိန်း (၁၉၂၀) ဆု
ချက်ချင်းပေါက်ဆုမဲများကို မေလ၊ ၂၀၁၇ ခုနှစ်အထိ နောက်ဆုံးထား ထုတ်ပေးသွားပါမည်။




**Asia Royal Hospital**

မဟာသင်္ကြန်ကျန်းမာရေးစစ်ဆေးမှု အထူး Promotion

မဟာသင်္ကြန်အထူးလက်ဆောင်အဖြစ်
Medical Check Up Packages များအား
(03.03.2017) မှ (23.04.2017) အထိ
20 % ဈေးလျှော့ပေးမည်ဖြစ်ကြောင်း
သတင်းကောင်းပါးအပ်ပါသည်။

| Program | ယခင် Discount ဈေးနှုန်း | Promotion ဈေးနှုန်း |
|---|---|---|
| Under 40 (Premium) | 61,500 | 49,200 |
| Under 40 (Executive) | 119,000 | 95,200 |
| Over 40 (Premium) | 99,000 | 79,200 |
| Over 40 (Executive) | 162,000 | 129,600 |
| Exclusive Cardiac Screening | 139,000 | 111,200 |
| Premarital | 61,000 | 48,800 |
| Pre-employment | 31,000 | 24,800 |
| Add on (Men Cancer Screening) | 60,300 | 48,240 |
| Add on (Women Cancer Screening) | 99,000 | 79,200 |
| Add on (Cardiac Screening) | 57,000 | 45,600 |
| Add on (Renal Screening) | 40,500 | 32,400 |
| Add on (Liver Screening) | 29,700 | 23,760 |

**20 % OFF**

မှတ်ချက် ။ ။ သင်္ကြန်တွင်း (၄)ရက်တွင် ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်၍ ရမည်မဟုတ်ပါ။

Hunt Line : (+951) 538055, (+951) 2304999 (Ext: 2312/2313) နံနက်(၉)နာရီမှညနေ(၅)နာရီအတွင်းစုံစမ်းမေးမြန်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မြလေးရုံလမ်း၊ အမှတ် -(၄၇၁-၄၇၃)၊ အခန်းအမှတ်(၁၀၁)၊ ပထမထပ်(၂-လွှာ)ဟုခေါ်တွင်သော(၁၅'×၅၅')အကျယ်အဝန်းရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့်တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံပြောဆိုသူ ဒေါ်ဥမ္မာပြုံး(၁၂/မရက(နိုင်)၀၆၇၄၈၆)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်မိမိနိုင်(၁၂/ဒဂမ(နိုင်)၀၁၄၅၃၆)က ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်နိုင်လုံသော အထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| တရားလွှတ်တော်ရှေ့နေများ | | | အထက်တန်းရှေ့နေများ |
|---|---|---|---|
| ဦးသန်းညွန့်(စဉ်-၃၅၅၀) L.L.B,C.P.T,C.J.T | ဦးအောင်နိုင်ဦး(စဉ်-၄၂၇၂) LL.B | ဦးမျိုးညွန့်(စဉ်-၅၁၄၂) LL.B,D.B.L | ဒေါ်လှိုင်ယဉ်မွန်(စဉ်-၄၀၆၄၈) LL.B |
| ဒေါက်တာမွေ့ဇင်သော် (စဉ်-၉၃၀၀) LL.B,LL.M,M.Res,Ph.D | ဒေါ်ခင်စန္ဒာသက်ထွန်း(စဉ်-၁၀၄၂၉) LL.B,D.B.L,D.I.L | | ဒေါ်အေးသူဇာ(စဉ်-၃၀၂၆၄) LL.B,D.B.L,D.I.L |

အမှတ်(၁)၊ ပင်ရှေ့ညောင်လမ်း၊ (ILBC ကျောင်းအနီး)၊ တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း – ၀၁ – ၅၅၁၁၉၇၊ ၅၄၁၅၀၁၊ ၀၉ ၂၅၄ ၂၉၇ ၉၉၈၊ ၀၉ ၇၃၀ ၆၅၆၅၆
E.mail ; saikhungnoung1995@gmail.com

## မြင့်မြတ်ကျော်ကုမ္ပဏီမှ နိုင်ငံတကာအဆင့်မီ

(ကာလာသွပ်၊ ပါလင်များတန်း၊ Deck Sheet) မျိုးစုံ နှင့် Steel Structure Fabrication (အသင့်အသုံးပြုနိုင်သော ထုတ်လုပ်အပြီး)တို့ကို ဆောက်လုပ်ရေးလုပ်ငန်းရှင်ကြီးများအား လိုအပ်သည့် တန်ချိန်အလိုက် လက်ကားဈေးနှုန်း များဖြင့် ရောင်းချ ပေးနေပါသည်။

ကာလာသွပ် 55% အလူဇင့်(ကာလာ ၅နှစ် အာမခံ) (0.42, 0.44)mm တစ်တန် - (13.70)သိန်း
Deck Sheet/ ပါလင်များတန်း(Z 80 GI Coil) (0.8 ~ 2.0)mm တစ်တန် - (9.20)သိန်း/(9.30)သိန်း
Steel Structure - H-Beam(Rz)/ Steel(SS400) Fabrication တစ်တန် - (9.10)သိန်း/(11.50)သိန်း
နိုင်ငံတကာအဆင့်မီ (MMK) (10)ပေါက် စက်ကြီးအုတ် - (81/ks) အထိုင်ဈေး

MMK Head Office: No.(527/.529), 6th Floor, Lower Pazundaung Rd, Pazundaung Tsp.
Phone: 01-9000300, 9000301, 09-73201856, 09-73201857, 09-73098771, 09-965149148, 09-73238130
Fax: 01-299201 Website: www.mmkgroup.com Email: mmktrading999@gmail.com


အင်းယားကန်ဘေးမှာ အမြင့်ဆုံး ထိုးထွက်လာမည့် ရတနာ
DIAMOND
INYA PALACE
- မြန်မာနိုင်ငံ၏ ပထမဦးဆုံး 5-Star Hotel grade setting Condominium.
- Ground Floor,6th floor, 22nd floor တို့တွင် Facility Area များပါဝင်ပြီး
အကျယ်ဆုံးနှင့် အရှည်ဆုံး ရေကူးကန် (၂)ကန်ပါဝင်သော ရန်ကုန်မြို့ ၏ Facility အများဆုံး Condominium
- အခန်းဝယ်ယူသူတိုင်း မိမိအိမ်ခန်းအပြင် မြေပိုင်ဆိုင်မှုပါရရှိပါမည်။
အထူးဈေးနှုန်း
15% Discount
အရောင်းပြန်ဖွင့်ပြီ
Sale
Enquire
Another Prestigious Project
MGW
MANDALAY GOLDEN WING
Construction Limited
Yangon
No. 2, U Tun Nyein St,Mayangone Tsp,Yangon, Myanmar.
Tel - 01-657860,09 420097998 09-420097992---5,
Mandalay
Diamond Plaza No-635, Between(77-78),33
Chan Aye Thar Zan Tsp, Mandalay.
Tel- 09 6801904,09 6801905, 02. 69351, 02. 69361
E-mail :agm.diamondinyapalaceygn@gmail.com
Website :www.diamondinyapalace.com

၂၀၁၇ ခု ၊ နှစ်သစ်မင်္ဂလာတွင်
ကျပ်သိန်းတစ်ရာအောက်ရှိရုံဖြင့် တိုက်သစ်(၁)ခန်းနှင့်
မေတ္တာလက်ဆောင်ဖြင့် ကံစမ်းမဲများချက်ချင်းလက်ငင်းပိုင်ဆိုင်နိုင်မည့်အခွင့်အရေး

ပထမဆု 32" LED TV
ဒုတိယဆု ရေခဲသေတ္တာ
တတိယဆု
စတုတ္ထဆု Air Cooler

- နဝရတ်ထွန်း ဆောက်လုပ်ရေး မှဆောက်လုပ်သော အခန်း (၆) ခန်းကိုသာ ရောင်းချမည်ဖြစ်ပါသောကြောင့် ဦးရာလူစနစ်ဖြင့်ဝယ်ယူနိုင်ပါပြီ။
- အခန်းတန် ဖိုး၏ ၃၀% ကိုသာ ပထမအရစ်ပေးသွင်းပြီး ကျန်အရစ်များကို AYA Bank နှင့်ချိတ်ဆက်၍ (၅) နှစ်သက်တမ်းအတွင်း ပေးချေနိုင်မည့်အခွင့်အရေး။
- မေတ္တာလက်ဆောင်ကံစမ်းမဲများကို ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်တွင် ကိုယ်တိုင်မဲနှိုက်စနစ်ဖြင့် တိကျမှန်ကန်စွာပြုလုပ်ပေးပါမည်။

ဖုန်း - ၀၉ ၄၄၆၅၁ ၂၁၇၇၁၊ ၀၉ ၉၇၇၉၃၆၃၃၉၊ ၀၉ ၉၇၇၉၃၆၃၄၀၊ ၀၉ ၉၇၇၉၃၆၃၄၁

Ocean SUPERCENTER
မြန်မာ့နှစ်ကူးအထူးလက်ဆောင်
မတ်လ (၁၂) ရက်မှ ဧပြီလ (၁၂) ရက်နေ့ထိ
Ocean Supercenter အပါအဝင် center အတွင်းရှိ
ဆိုင်ခန်းများအားလုံးမှ တစ်ရက်အတွင်းငွေရှင်းဖြတ်ပိုင်းများကို ပေါင်း၍
ကျပ် ၃၀,၀၀၀ ဖိုးနှင့်အထက် ဝယ်ယူမှုတိုင်းအတွက်
NISSAN SUNNY ကားအပါအဝင်
အခြားအဖိုးတန်ဆုမဲပေါင်းများစွာ




| | | |
|---|---|---|
| NORTH POINT(ရန်ကုန်)ဆိုင်ခွဲ - ဖုန်း ၀၁-၆၅၂၉၅၉~၆၂ | ဒိုင်းမွန်းပလာဇာ(မန္တလေး)ဆိုင်ခွဲ - ဖုန်း ၀၉-၇၃၁၈၉၇၂၆၊ ၀၉-၇၃၀၁၁၅၀၁၊ ၀၂-၆၇၁၈၇ | မုံရွာဆိုင်ခွဲ - ဖုန်း ၀၇၁-၂၈၁၇၂~၇၃ |
| ပုဇွန်တောင်(ရန်ကုန်)ဆိုင်ခွဲ - ဖုန်း ၀၁-၃၉၇၁၄၆၊ ၃၉၇၁၄၉၊ ၃၉၇၉၀၆~၀၇ | JUNCTION CENTRE(နေပြည်တော်)ဆိုင်ခွဲ - ဖုန်း ၀၆၇-၄၂၁၆၁၉၊ ၄၂၁၆၂၀ | မော်လမြိုင်ဆိုင်ခွဲ - ဖုန်း ၀၅၇-၂၄၁၁၇၊ ၂၄၁၈၇ |
| ဥတ္တရသီရိ(နေပြည်တော်)ဆိုင်ခွဲ - ဖုန်း၀၆၇-၄၁၇၆၂၀~၂၁ | ရွှေဂုံတိုင်(ရန်ကုန်)ဆိုင်ခွဲ - ဖုန်း ၀၁-၈၆၀၃၈၆၉ | ပုသိမ်ဆိုင်ခွဲ - ဖုန်း ၀၄၂-၂၃၉၇၈၊ ၂၃၉၇၅ |
| | မင်္ဂလာမန္တလေးဆိုင်ခွဲ - ဖုန်း ၀၂-၂၀၀၀၁၂~၁၃ | တောင်ကြီးဆိုင်ခွဲ - ဖုန်း ၀၈၁-၂၁၂၅၆၁~၈၂ |

heart
Curtain, Sofa, Furniture
- ခန်းဆီးလိုက်ကာများကို အိမ်တိုင်ရာရောက်တိုင်းတာ တွက်ချက်၍တပ်ဆင်ပေးခြင်း
- ဆိုဖာခုံများကို လက်လီ/လက်ကားဖြန့်ဖြူးရောင်းချပေးခြင်း
- KTV Room များကို Sound Proof ပြုလုပ်ပေးခြင်း
- ဆိုဖာခုံအဟောင်းများကို ပြန်၍ပြုပြင်ပေးခြင်း

No.38, ဇဝိုလလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။
Ph: 09-30066799, 09-257335855

Dbuzz (ဒီဘတ်ဇ်)
တီရှပ်၊ စပို့ရှပ်အထည်ချုပ်နှင့် အဆင့်မြင့်တံဆိပ်ရိုက်လုပ်ငန်း
တီရှပ် နိုင်လွန်သန့် ၆၀၀/၇၅၀ ကျပ်
အကျီတံဆိပ်ရိုက် 1 Color ရှေ့+နောက် 100/- 80/- 60/-
အထည် ၁၀၀၀ နှင့်အထက် လာယူ/ပြန်ပို့ပေးသည်
09 73060258, 09 31789830

ရှုထု
သံပန်း၊ သံတံခါး၊ စတီး၊ လိုက်တံခါး၊ အလူမီနီယံလုပ်ငန်း၊
Ph:09-5031107, 09-5008411
095028986

**ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၂)ရပ်ကွက်၊ အမှတ်(၈၉၈) ဒဂုံရွှေမျှား(၃)လမ်း၊ အကျယ်ပေ (၄၀×၆၀)ဟု ခေါ်တွင်သော မြေကွက် အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နန်းမြစမ်း [၁၃/နခန(နိုင်) ၀၀၂၆၁၉]ကိုင်ဆောင်သူထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ရာ ၎င်းမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြေငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဦးမျိုးသိန်း**
**[၁၂/စခန(နိုင်)၀၅၅၈၇၉]**
**ဖုန်း-၀၉ ၂၅၀၀၇၄၉၁၄**
**၀၉- ၄၅၅၁၂၅၂၀**

ရွှေပန်ဆိုင်း
အသားကင်ဆိုင်
ဆရာစံလမ်း ရွှေပန်ဆိုင်းအသားကင်ဆိုင်ကို 1.2.2017 ရက်နေ့ မှစတင်ပြီး
ရတနာလမ်း သို့ အပြီးပြောင်းရွှေ့ဖွင့်လှစ်ပြီဖြစ်ကြောင်း ။
အမှတ် (၄)၊ ရတနာလမ်းမ (ဗေဒယန္တရားလမ်း နှင့် ကျောက်ကုန်းမီးပွိုင့်ကြား)၊
တောင်ဥက္ကလာပမြို့နယ် ၊ ရန်ကုန်မြို့ ။
Ph : 09 859 2052 / 09 776 002 005
Sweety Home မွေ့ယာဆိုင်ရှေ့ ၊ Shwe Pan Sai Buffet Hot pot ဆိုင်ဘေး ။

ကြော်ငြာ

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်သန်းစိန်
**အသက် (၉၁) နှစ်**
**မြိတ်မြို့**

မြိတ်မြို့၊ အလယ်ကျွန်းရပ်၊ ဓမ္မာရုံလမ်း၊ အမှတ် (၅၆၉)နေ မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက်၏ ရှယ်ယာရှင်ဖြစ်သူ ဦးယဉ်ထွေး-ဒေါ်မြို့ရီတို့၏မိခင် ဒေါ်သန်းစိန်သည် ၉-၃-၂၀၁၇ ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့**
**မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက်**

## ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်ကြီးလှဝင်း(ငြိမ်း)ဆသရ
**ဗသက(၇၄) စည်သူတပ်ခွဲ**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပြည်တော်သာရပ်ကွက်၊ ၁၁လမ်း၊ အမှတ်(၂)နေ ဒေါ်ခင်စီ၏ခင်ပွန်း ဗိုလ်ကြီးလှဝင်း(ငြိမ်း)သည် ၇-၃-၂၀၁၇ (အင်္ဂါနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗသက(၇၄)မှ ကျောင်းဆင်းသူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
### ပါမောက္ခ ဦးနော်မန်လှ
**အသက် (၇၄) နှစ်**
**M.B.,B.S ,F.R.C.S (London) F.R.C.S(Edin)**
**FICS**
**ပါမောက္ခ/ဌာနမှူး(ငြိမ်း) ခွဲစိတ်ကုပညာဌာန**
**ဆေးတက္ကသိုလ်(၁) ရန်ကုန်**

၁၀-၃-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း ဆရာကြီး ကောင်းရာသုဂတိရောက်ပါစေ။

**Dr.ဦးတင်ဟိန်း-ဒေါ်တင်တင်သန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်အေးအေးအောင်
**အသက် (၄၈) နှစ်**

ချစ်ခင်လေးစားရပါသော မမအေး ကွယ်လွန်သွားသည့်အတွက် အချစ်ဆုံးငယ်သူငယ်ချင်း ဒေါ်အိအိအောင်နှင့်တကွ ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါပါ ဦးငြိမ်းမောင်**
**ချစ်သူငယ်ချင်း Dr.ယဉ်လတ်ဖြူနှင့်ခင်ပွန်း Dr.သက်တိုးမောင်**
**သား Haidar မောင်**
**Canberra**
**Australia**

## အထူးဝမ်းနည်းကြေကွဲခြင်း
### မထက်ထက်ထွန်း(ဖြူး)
**အသက် (၂၃)နှစ်**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဖြူးမြို့နယ် အမှတ်(၁) ကိုယ်စားလှယ်ဟောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဥက္ကဋ္ဌ ဆရာဦးတင့်အောင်၏ မြေး မထက်ထက်ထွန်းသည် ၇-၃-၂၀၁၇ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲမဆုံး ဖြစ်ရပါကြောင်း။

**ဦးသက်စိန် (ပဲခူးတိုင်းဒေသကြီးလွှတ်တော်)၊**
**ဖြူးမြို့နယ် အမှတ်(၁) ကိုယ်စားလှယ်-ပါမောက္ခ ဒေါက်တာဒေါ် အေးအေးမြင့်**

## အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ လမ်း ဒါယကာကြီး

### ပါမောက္ခ ဦးနော်မန်လှ
**ပါမောက္ခ/ဌာနမှူး၊ (ခွဲစိတ်ကုပညာဌာန-ငြိမ်း)**
**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**
**M.B.,B.S, F.R.C.S(London),F.R.C.S(Edin),F.I.C.S**
**အမှုဆောင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့**
**အသက် (၇၄) နှစ်**

ပါမောက္ခ ဦးနော်မန်လှ (ပါမောက္ခ/ဌာနမှူး၊ ခွဲစိတ်ကုပညာဌာန-ငြိမ်း၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)သည် ၁၀-၃-၂၀၁၇ ရက် နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသန်းမြင့်-ဒေါ်မြင့်မြင့်**
**(သိန်းရတနာမိသားစု)**
**မန္တလေးမြို့**

## သီဟသုဓမ္မသိင်္ဂီ ဒေါ်တင်မြ
**အသက် (၈၃)နှစ်**
**(မြိတ်မြို့)**

ရန်ကုန်မြို့၊ စမ်းချောင်း(တောင်)ရပ်ကွက်၊ လက်ပန်လမ်း၊ အမှတ်(၁၁)၊ တတိယလွှာနေ (ဦးသန်းစိန်)၏ဇနီး၊ [ဦးစိဝ-ဒေါ်ဘုတ်(မြိတ်မြို့)]တို့၏သမီး၊ [ဦးအေးခင်-ဒေါ်သံကွန်(မြိတ်မြို့)]တို့၏သမီးချွေးမ၊ ဒေါက်တာခင်ဇော်-ဒေါ်ခင်ဇော်သန်း၊ ဦးလှမြင့်-ဒေါ်ခင်အေးသန်း၊ ဦးမျိုးတင့်သန်း-ဒေါ်ခိုင်မျိုးဝေ၊ မအေးမိစံတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁၁-၃-၂၀၁၇ ရက် ညနေ ၅း၄၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၃-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဝေလင်း(ခ)ဦးလှိုင်ဘုဏ်းအောင်
**မန်နေဂျာ(အငြိမ်းစား) က. ပ. ရ**
**ညောင်လေးပင်မြို့နယ်အသင်း(နာယက)**
**အသက် (၈၃) နှစ်**

ညောင်လေးပင်မြို့နေ (ဦးညီမောင်-ဒေါ်စိန်မြိုင်)တို့၏သား၊ (ဒေါ်စန်းရင်)-ဦးသောင်းမြင့်တို့၏မောင်၊ (ဒေါ်စန်းစန်းလွင်-ဦးမင်းလွင်)၊ ဒေါ်လေးမြင့်-ဦးသန်းထွန်းတို့၏ အစ်ကို၊ ဒေါ်သန္တာအေး-ဦးထွန်းတင့်လွင်၊ ဦးဇော်လင်း-ဒေါ်အေးအေးမော်၊ ဒေါ်မိုးသီတာ-ဦးလှမြင့်၊ ဦးဝေယံလင်း-ဒေါ်ဝင်းသီတာ၊ ဒေါ်ခင်လင်းမွန်-ဦးနိုင်နိုင်တို့၏မွေးသဖခင်၊ မြေး ၁၀ ယောက်တို့၏ချစ်လှစွာသောအဘိုးသည် ၁၀-၃-၂၀၁၇(သောကြာနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၁၇(တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ်-၅၆၊ ပထမထပ်၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးမျိုးမောင်မောင်ထွင်
**ကြည်း/၃၄၅၂၇**
**ဒုတိယတပ်ရင်းမှူး (DSA-44 Intake)**

၇-၃-၂၀၁၇ ရက်နေ့တွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ကျဆုံးခဲ့သည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်(၄၄)မှ သူငယ်ချင်းများ**

## ဦးစံလှကျော်(ကြည့်မြင်တိုင်)
**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)**
**ပြည်ထောင်စုရှေ့နေချုပ်ရုံး**
**အသက် (၆၆)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရှမ်းရွာ(၂)လမ်း၊ အမှတ်(၃)နေ (ဦးမြမောင်-ဒေါ်မြကြွယ်)တို့၏သား၊ (ဦးကျင်ရှောင်-ဒေါ်သန်း)တို့၏သားသမက်၊ ဦးဝင်းတင် (အရာခံဗိုလ်-ငြိမ်း၊ တပ်မတော်ရေ)-ဒေါ်တင်တင်ဝင်းတို့၏ မောင်၊ ဦးမြင့်လွင် (ရိုးရာလက်ဆွဲ GTG)-ဒေါ်လွင်လွင်ငြိမ်း၊ (ဦးဝင်းမော်)၊ (ဦးနေဝင်း)တို့၏အစ်ကို၊ မထက်ထက်စံ (မြို့နယ်ဥပဒေအရာရှိ၊ ဟိုပုံးမြို့နယ်ဥပဒေရုံး)၊ မထားထားစံ (ဦးစီးအရာရှိ၊ ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး)၊ မသက်သက်စံတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်ဝင်းကြည် (ဦးစီးမှူး-ငြိမ်း၊ သ/မ ဦးစီးဌာန)၏ ချစ်လှစွာသောခင်ပွန်း၊ တူ/တူမခြောက်ယောက်၊ မြေးငါးယောက်တို့၏ ဘိုးဘိုးကြီး ဦးစံလှကျော်သည် ၁၀-၃-၂၀၁၇(သောကြာနေ့) ည ၉း၁၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ဇင်မာစိုး
**အသက် (၅၈)နှစ်**
**အလယ်တန်းပြဆရာမ (ငြိမ်း)**
**အုတ်ဖိုမြို့**

ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်နေ ဦးမောင်မောင်စိုး-ဒေါ်အုန်းကြည်တို့၏ သမီးကြီး၊ (ဒေါ်မော်သူစိုး)၊ (ဦးကြည်စိုး)၊ ဦးသန်းစိုး-ဒေါ်သန္တာ၊ (ဒေါ်ချိုမာစိုး)၊ ဒေါ်စန္ဒာစိုးတို့၏ အစ်မကြီး၊ ကိုဇော်မင်းလွင်-မသပြေဇင်ဇင်ချို၊ ကိုချိုကိုဇင်-မဇာခြည်အောင်သန်း၊ ကိုအောင်ချိုဇင်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေးသုံးယောက်တို့၏ အဘွား ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ငှက်ပျောတောလမ်း၊ အမှတ် (၆)၊ ပထမထပ်နေ ဒေါ်ဇင်မာစိုးသည် ၁၁-၃-၂၀၁၇ (စနေနေ့) နံနက် ၁၀း၂၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၇ (တနင်္လာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၃-၂၀၁၇ (သောကြာနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဇော်လင်းဦး (၄၆)နှစ်
**(Set Hlan Co.,Ltd. Managing Director)**

ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၃၇)၊ ပွဲစားလမ်းနေ ဦးသန်းထွန်း-ဒေါ်သန်းသန်းနွယ်တို့၏သားကြီး၊ ကိုထိန်လင်းအောင်၊ မမိုးခင်အိတို့၏အစ်ကို၊ အမှတ် (၁၉၈၇)၊ နိဗ္ဗာန်(၃)လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ [ဦးမင်းအောင် (နိုင်ငံခြားဝန်ကြီးဌာန-ငြိမ်း)]-ဒေါ်ခင်မိမိတို့၏သားသမက်၊ ဒေါ်နီနီမောင် (Myanmar DHL Co., Ltd.)၏ ခင်ပွန်း၊ မောင်မြတ်ကိုကို (အမက-၁၊ ဗဟန်း၊ စတုတ္ထတန်း-ခ)၏ဖခင်၊ မနှင်းအိဝေ (Uniteam Marine YGN QSE)တို့၏အစ်ကိုသည် ၁၁-၃-၂၀၁၇ (စနေနေ့) မွန်းလွဲ ၁၂း၄၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောဌာန၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၇ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (ကြည့်မြင်တိုင်နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## အနိစ္စ

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး
### ဒေါ်အုန်းမြ(ပြင်ရွာ)
**အသက် (၇၄)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ ပြင်ရွာကျေးရွာနေ (ဦးဖိုးကြာ-ဒေါ်သေးမျှင်)တို့၏ သမီးချွေးမ၊ (ဦးကြာ-ဒေါ်စိန်ရင်)တို့၏သမီး၊ (ဦးလှစိန်)၏ဇနီး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မေဓါဝီလမ်းနေ (ဦးမောင်မောင်စိုး)-ဒေါ်သန်းသန်းဦး (ဒို့ခေတ်ကုန်စုံဆိုင်)၊ ဦးဇော်ဝင်း-ဒေါ်တင်တင်မူ၊ မမြင့်မြင့်ထား(ထက်အာကာကဖီး)၊ ဦးကျော်နိုင်ထွန်း-မခင်မာဦး၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ကျန်စစ်သားအိမ်ရာနေ ကိုသက်နိုင်ထွန်း-မချိုဇင်ဝင်း(ထွက်ပေါက်ကဖီး)တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၇ ယောက်တို့၏အဘွားသည် ၁၁-၃-၂၀၁၇ ရက် နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၇ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် သင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၃-၂၀၁၇ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်စောရီ(ခ)ဒေါ်ညို
**အသက် (၇၀)**
**စက်မှု(၁) စီးကရက်စက်ရုံ (ငြိမ်း)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ကြီးရပ်ကွက်၊ အမှတ်(၇)၊ လမ်း(၁၁၀)နေ (ဦးဘိုကြီး-ဒေါ်ခင်ဝေ)တို့၏သမီး၊ (ဦးအောင်ကျော်)-ဒေါ်သန်းညွန့်တို့၏ညီမ၊ ဦးလှအောင်-ဒေါ်တင်တင်ယုတို့၏ အစ်မ၊ ဦးမောင်မောင်သန့်-ဒေါ်နွယ်နွယ်ဦး၊ ဦးသန်းကျော်စိုး-ဒေါ်စိုးစိုးသန့်၊ ဦးမင်းမင်းသန့်-ဒေါ်ခင်မေလွင်တို့၏ မိခင်၊ ဦးသန့်ဇင်ဦး-ဒေါ်ထွေးထွေးတို့၏ အဒေါ်၊ မခိုင်သဇင်၊ မောင်ပြည့်ဖြိုးကျော်-မဖြိုးပပ၊ မောင်ဝေလင်းရှိန်၊ မောင်အောင်အောင်ဦးတို့၏ အဘွား၊ မြစ်တစ်ယောက်၏ဘွားဘွား၊ ဦးအုန်းငွေ(ကုန်သွယ်ရေး-ငြိမ်း)၏ ဇနီး ဒေါ်စောရီ(ခ)ဒေါ်ညိုသည် ၁၀-၃-၂၀၁၇ ရက် နံနက် ၃း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၇ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်သူဇာရွှေ
**အသက်(၄၀)**
**ခေတ္တ VIGINIA, U.S.A**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဘုရင့်နောင်လမ်း၊ ရွှေစံပါယ်ရိပ်မွန်၊ ရွှေဇလပ်လမ်း၊ တိုက်(N)၊ အခန်း(၄)နေ ဦးမောင်မောင်ရွှေ-ဒေါ်ခင်စိုးကြိုင်တို့၏ ချစ်လှစွာသောသမီးကြီး ဒေါ်ခင်သူဇာရွှေ (ခေတ္တ-U.S.A)သည် ၁၀-၃-၂၀၁၇ ရက် ဒေသစံတော်ချိန် နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## မောင်ရဲသူရဦး (၁၇)နှစ်
**ဒသမတန်း(S)၊ အထက(၂)မင်္ဂလာဒုံ၊**
**အောင်ဆန်းသူရိယလှသောင်းကျောင်း**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မစိုးရိမ်ကျောင်းလမ်း၊ (၉)မိုင်၊ ခြံအမှတ်(၅)နေ ဦးသန်းမြင့်-(ဒေါ်စန်းရီ)၊ ဦးမောင်မြ-ဒေါ်စန်းရီတို့၏မြေးဦး၊ ဦးကျော်သန်းထွဋ်-ဒေါ်ညိုမိသန်း တို့၏ ချစ်လှစွာသောသားကြီး၊ မစံမြင့်မိုရ်ထွဋ်၏ အစ်ကို၊ ဦးမင်းထွဋ်ကို-ဒေါ်ရီရီသန်း၊ ဒေါ်ခိုင်ခိုင်သန်း၊ ဦးသိန်းငွေ-ဒေါ်စန္ဒာသန်း၊ ဒေါ်ဇင်မာသန်း၊ ဦးသက်ထွန်းအောင်-ဒေါ်အေးမျိုးသန်းတို့၏ ချစ်လှစွာသောတူသည် ၁၁-၃-၂၀၁၇ (စနေနေ့) နံနက် ၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၃-၂၀၁၇ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
### သဲအင်းဂူဆရာတော် ဦးဥတ္တရ (လားရှိုး)
**သိက္ခာတော် (၅၅) ဝါ၊ သက်တော် (၈၅) နှစ်**

လားရှိုးမြို့၊ (၉)ရပ်ကွက်၊ သဲအင်းဂူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက၊ ရန်ကုန်မြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့၏ ဩဝါဒါစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ မူလသဲအင်းဂူဆရာတော်ကြီး၏ အန္တေဝါသိကတပည့်ရင်း ဘဒ္ဒန္တဥတ္တရ (လားရှိုးဆရာတော်)သည် (၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်) ၈-၃-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား (၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်) ၁၈-၃-၂၀၁၇ ရက် မွန်းလွဲ ၁ နာရီတွင် အန္တိမအဂ္ဂိစျာပန သဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ လားရှိုးမြို့၊ (၉)ရပ်ကွက်၊ သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတိုက်သို့ ကြွရောက်ကြပါရန် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

ရန်ကုန်မြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့
မိုးကောင်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

## ရဟန်း၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ကျင်(ခ)ဒေါ်စန်းရီ
**အသက် (၈၆)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အနော်ရထာလမ်း၊ အမှတ်(၇၆)၊ အခန်း(၁၆)နေ (ဦးဟုန်-ဒေါ်နှင်းရွှေ)တို့၏သမီး၊ (ဦးအောင်သောင်း)၏အစ်မ၊ ဒေါ်သန်းသန်းဝင်း (Jewellery Luck Group of Companies Olympic Hotel)၊ ဦးမျိုးသွင် (ကိုမှုံကြီး)-ဒေါ်ဝင်းဝင်းအေး၊ ဦးလှငွေ-ဒေါ်လှလှငွေ၊ ဦးအောင်လွင်-ဒေါ်ခင်ခင်လင်း၊ ဦးသူရ-ဒေါ်ထွေးထွေးရှိန်၊ ဦးအောင်တင်မြင့်-ဒေါ်စန်းစန်းယု၊ ဦးကျော်ကျော်မိုး-ဒေါ်မြမြဦးတို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၁ ယောက်၊ မြစ်ငါးယောက်တို့၏ဘွားဘွားကြီး ဒေါ်ကျင်သည် ၁၀-၃-၂၀၁၇ (သောကြာနေ့) ည ၈း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ရဟန်း ဒါယိကာမကြီး
### ဒေါ်ချစ်ပိုင်(မန္တလေး) (၇၈)နှစ်
**ဟိုတယ်/ခရီး (ငြိမ်း)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ ဉယျာဉ်လမ်း၊ အမှတ်(၁၁)နေ (ဦးဟန်-ဒေါ်တင်)တို့၏ သမီး၊ (ဦးစု-ဒေါ်အုန်းတင်)တို့၏ သမီးချွေးမ၊ [ဦးကျော်မြအေး (ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန-ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ ဦးကျော်မင်း-ဒေါ်မြမြအေး (လက်ထောက်ညွှန်ကြားရေးမှူး၊ ဟိုတယ်/ခရီး)၊ (ဦးဘိုဘိုကျော်)-ဒေါ်လှလှငွေ၊ ဦးကျော်ကျော်နိုင်၊ ဦးဝင်းညီညီထွန်း (ခေတ္တ-ကိုရီးယား)-ဒေါ်စန်းစန်းနိုင်၊ ဦးယုကြည်-ဒေါ်သင်းသင်းနိုင် (Nu Life Int: Co., Ltd.)တို့၏ ချစ်လှစွာသောမိခင်၊ ကိုစည်သူကျော်-မနီနီဝင်း၊ မောင်လင်းထက်ပိုင်၊ မအိရွှေစင်မင်း (မြန်မာ့ရှေ့ဆောင်ဘဏ်)၊ ကိုပြည့်ဖြိုးမောင်-မခင်သူသူကျော်(U.S.A)၊ မောင်ထက်ကိုကိုကျော်၊ ကိုတင်ကိုလွင်-မချယ်ရီနိုင်၊ မောင်အောင်ကျော်ဖြိုး၊ မောင်ကျော်ကိုကိုဇင်တို့၏ ချစ်လှစွာသောအဘွား၊ မောင်ဟန်သန့်ဇင်၊ မရှင်းသန့်နရီ၊ မသွန်းရနံ့သူ၊ မောင် Adrean၊ မသီရိရှင်းသန့်တို့၏ ချစ်လှစွာသောဘွားဘွားသည် ၁၁-၃-၂၀၁၇ (စနေနေ့) နံနက် ၅း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမင်းမင်းထွန်း(ခ)သားကြီး
**အသက်(၄၁)နှစ်**
**တိုနီထွန်းထွန်း (Beauty Center)**

ရန်ကုန်မြို့၊ အမှတ် (၂၄)၊ ဗဟိုလမ်းနေ (ဦးဝင်းတင်-ဒေါ်ခင်စန်းဝင်း)တို့၏သား၊ သာယာဝတီမြို့နေ ဦးကိုဝင်း-ဒေါ်ချိုချိုလှိုင်တို့၏ သားသမက်၊ ဒေါ်ဝါဝါကျော်၏ခင်ပွန်း၊ မထက်ထက်အောင်၏ဖခင် ဦးမင်းမင်းထွန်း(ခ)သားကြီးသည် ၁၁-၃-၂၀၁၇ (စနေနေ့) နံနက် ၇း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၇ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၃-၂၀၁၇ (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဇော်လင်းဦး (၄၆)နှစ်
**MD (SET HLAN Co., Ltd)**
**(ကြည့်မြင်တိုင်)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ အမှတ်(၃၇)၊ ပွဲစားလမ်းနေ (ဦးသာထွန်း-ဒေါ်သန်းသန်း)၊ (ဦးစု-ဒေါ်ကြည်)တို့၏မြေးဦး၊ ဦးသန်းထွန်း(IBC)-ဒေါ်သန်းသန်းနွယ် တို့၏ သားကြီး၊ ဦးမောင်မောင်သန်း၊ ဒေါ်ကြူကြူမာတို့၏တူ၊ ဒေါ်မိုးခင်အိ(တရားလွှတ်တော်ရှေ့နေ)၊ ဦးထိန်လင်းအောင်၊ ဦးဉာဏ်လင်းအောင်(ခေတ္တ-USA)၊ မခင်စုစုအောင်တို့၏အစ်ကို၊ ဒေါ်နီနီမောင် (Myanmar DHL Co., Ltd.)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်မြတ်ကိုကို (ဗဟန်း၊ အမက-၁)၏ ဖခင်၊ ကိုကိုခန့်စည်ပိုင်(IISY)၏ ဘကြီး၊ ဦးဇော်လင်းဦးသည် ၁၁-၃-၂၀၁၇ (စနေနေ့) မွန်းလွဲ ၁၂း၄၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၇ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၇-၃-၂၀၁၇ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မောင်အောင်ခန့်မင်း(ခ)
### ကိုထွေး
**အသက် (၁၇)နှစ်**
**ဒသမတန်း အထက-၂ တာမွေ**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွှန့် စံပြရပ်ကွက်(ကျောက်မြောင်း)၊ ဓမ္မဝိဟာရလမ်း၊ အမှတ် (၁၀၂)၊ ပထပ်(လယ်)နေ ဦးတင်ထွန်းအောင် [AIR KBZ Co., Ltd.]-ဒေါ်မြင့်မြင့်ကြည် (ပုဇွန်တောင်ဈေးချို-၄)တို့၏ သားထွေး၊ ဦးအောင်မျိုးထွဋ် (Silver Crown)-ဒေါ်သန္တာအောင် [HTOO TRADING Co., Ltd.]၊ ဦးဇော်ဇော်မျိုးမင်းအောင် [AIR KBZ Co., Ltd.]-ဒေါ်အိသန္တာလင်းတို့၏ ညီ/မောင်၊ မောင်ဇေယံလင်း၊ မခြူးသဥ္ဇာဇော်(ခ)ပုံပုံတို့၏ ဦးလေးသည် ၁၁-၃-၂၀၁၇ (စနေနေ့) နံနက် ၅း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၇ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၃-၂၀၁၇ (သောကြာနေ့) နံနက် ၈ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ရွှေတိဂုံစေတီတော် တပေါင်းပွဲတော်အထိမ်းအမှတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ



**ရန်ကုန် မတ် ၁၁**

ရွှေတိဂုံစေတီတော်(၂၆၀၅)နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို ၁၃၇၈ ခုနှစ် တပေါင်းလဆန်း ၆ ရက်မှ တပေါင်းလပြည့် (မတ် ၃ ရက်မှ ၁၂ ရက်ထိ) ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃာ့ပူဇာဟု ဆိုအပ်သောပူဇော်ခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ယင်းသို့ ကျင်းပပူဇော်လျက်ရှိရာတွင် သံဃာ့ပူဇာအနေဖြင့် ယနေ့ ညနေ ၄ နာရီတွင် စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ အမှူးပြုသော ပင့်သံဃာတော် ၁၁၇ ပါးနှင့် သီလရှင် ၂၇ ပါး စုစုပေါင်း ၁၄၄ ပါးတို့အား အလှူရှင်များနှင့် ဘုရားဖူးပြည်သူများက ရင်ပြင်တော်တစ်ပတ် ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။

မတ် ၁၂ ရက် တနင်္ဂနွေနေ့ (တပေါင်းလပြည့်) နံနက် ၅ နာရီတွင် ရင်ပြင်တော်ရာဟုထောင့် အောင်မြေ၌ ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းခြင်းနှင့် နံနက် ၉ နာရီခွဲတွင် ချမ်းသာကြီး တန်ဆောင်း၌ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှဝေခြင်းတို့ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဦးချစ်၊ ဓာတ်ပုံ-ရဲထွန်း**

## အမျိုးသားလွှတ်တော်နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ တစ်နှစ်တာဆောင်ရွက်ချက်များ မတ် ၁၃ ရက် သတင်းစာတွင် ပါရှိမည်

အမျိုးသားလွှတ်တော်နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ တစ်နှစ်တာဆောင်ရွက်ချက်များကို မတ် ၁၃ ရက် သတင်းစာတွင် ဖော်ပြပါရှိမည်ဖြစ်ကြောင်း စာဖတ်ပရိသတ်များအား ကြိုတင်အသိပေးအပ်ပါသည်။ **(ကြေးမုံ)**

## မတ် ၁၈ ရက် နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ် ရက်ပြောင်းရွှေ့ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၁၁**

၂၀၁၇ ခုနှစ် မတ် ၁၈ ရက်တွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပမည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ခြင်းအခမ်းအနားအစီအစဉ်ကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်ပါ၍ ယင်းနေ့တွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်မည့် နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ဟောပြောချက်ကို မတ် ၁၉ ရက်တွင် ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကြေးမုံ

စာ - ၁၆၊ ၁၇

# နောက်မှလိုက်ကစားပြီး ရခိုင်အသင်း အနိုင်ရ

**ရန်ကုန် မတ် ၁၁**

၂၀၁၇ ဘောလုံးရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၉) ဒုတိယနေ့အဖြစ် GFA နှင့် ရခိုင်အသင်းတို့ ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားရာ ရခိုင်အသင်းက အနိုင်ရသွားသည်။

| | | |
|---|---|---|
| ရခိုင် | - | သုံးဂိုး |
| GFA | - | နှစ်ဂိုး |

နှစ်ပွဲဆက် ရှုံးပွဲနှင့်ကြုံတွေ့ခဲ့သည့် ရခိုင်အသင်းသည် GFA အသင်းကို အနိုင်ရရန် နောက်မှလိုက်ကစားခဲ့ရပြီး ပွဲပြီးခါနီးတွင် အနိုင်ဂိုးသွင်းကာ အမှတ်ပြည့်ရခဲ့ခြင်းဖြစ်သည်။ GFA အသင်းသည် ကစားပုံကောင်းခဲ့သော်လည်း ဦးဆောင်ဂိုးများကို မထိန်းနိုင်ခဲ့သောကြောင့် ရှုံးပွဲနှင့်ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

အမှတ်လိုနေသည့် နှစ်သင်းတွေ့ဆုံသောပွဲဖြစ်သောကြောင့် လူစုံအသုံးပြုခဲ့ပြီး ပထမပိုင်းကတည်းက အပြန်အလှန်သွင်းဂိုးများဖြင့် အကြိတ်အနယ်ရှိခဲ့သည်။ ပွဲအစ ၁၅ မိနစ်တွင်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ○



GFA နှင့် ရခိုင်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

ရွှေပြည်နန်း သနပ်ခါး

"အချိန်ကုန်သက်သာ စိတ်ချမ်းသာ ... အမွှေးရနံ့ကင်းဝေး ရန့်မွှေး နွေရာသီရဲ့ဆေး"

မြန်မာနိုင်ငံရဲ့ဗြိုလတ်ဒေသလို့ ခေါ်လို့ရနိုင်တဲ့မုံရွာမြို့ကလေးဟာ အရမ်းပူတာကလွဲရင် နေလို့ကောင်းတဲ့မြို့ကလေးပါ။ အပူဒဏ် ဘယ်လောက်ပြင်းသလဲဆိုတာ ပြောပြဖို့ လိုမယ်မထင်ပါဘူးလေ၊ အပြင်ကိုများထွက်မယ်ဆိုရင် ထီးမဆောင်းပဲ ထွက်လို့မရတဲ့နေရာပေါ့။ ပူတယ်ဆိုလို့ နွေရာသီမှာလိုတော့ မထင်လိုက်နဲ့အုံး၊ ဆောင်းရာသီဆိုရင်လဲ နေရောင်က အုံ့မခန်းဖြစ်နေတာပဲ၊ ကျွန်မက အစုလောလောဆယ် မုံရွာဆေးရုံကြီးမှာ Special Nurse လေး၊ 7:00 AM ကနေ 7:00 PM ထိ Duty ဝင်နေရတဲ့ ကျွန်မအတွက် ပြဿနာဆိုတာ အဲဒီမှာစတွေတာပဲ၊ ခြေဆုံးခေါင်းဆုံး သနပ်ခါးဒွေးလူးဖို့ဆိုတာ ဘယ်လိုမှကို အချိန်မရတာလေ၊ ပူကပူ၊ အလုပ်ကရှုပ်နဲ့ နေစဉ်နဲ့အမျှ အဲဒီပြဿနာအတွက် နည်းလမ်းရှာနေမိတယ်၊ သူငယ်ချင်းတစ်ယောက်ရဲ့ အကြံပေးမှုနဲ့ ရွှေပြည်နန်းသနပ်ခါးကို စတင်ရင်းနှီးခဲ့ရတယ်၊ သူငယ်ချင်းရဲ့တိုက်တွန်းမှုရယ် ကျွန်မရဲ့အခက်အခဲအတွက် ကြောင့် တကယ့်တကယ်လည်းသုံးကြည့်တော့ အံ့ဩစရာကောင်းလောက်အောင် အဆင်ပြေရပါတယ်၊ ရွှေပြည်နန်းသနပ်ခါး အနှစ်ကလေးကို ကျောက်ပျဉ်ပေါ်မှာတင် ရေနဲ့ ရောပြီးတော့ ခြေဆုံးခေါင်းဆုံးကို လိမ်းမိတော့တာပါပဲ၊ ကျွန်မကဟိုးအရင်ကတည်းက ကုံကော်ဝတ်ဆံတွေကို သနပ်ခါးအနှစ်ထဲ ထည့်လိမ်းရတာကို သိပ်သဘောကျတဲ့သူလေ၊ အခုတော့ ကုံကော်ဝတ်ဆံသနပ်ခါးကို လွယ်လင့်တကူလိမ်းလို့ရနေပြီလေ၊ ရွှေပြည်နန်းမှာ အားသာချက်တစ်ခုလည်းပဲ ရှိသေးတယ်သိလား၊ ခါတိုင်းလို သနပ်ခါးလိမ်းခါနီးရင် Foundation စံစရာမလိုဘဲ မျက်နှာပေါ်မှာ သနပ်ခါးမှုံညက်ညက်ကလေး ရှိနေလို့ပေါ့၊ (၃) မိနစ်လောက်နဲ့ သနပ်ခါးလိမ်းခြင်း ကိစ္စကပြီးနေတော့ ခါတိုင်းကျွန်မကို စောင့်နေရတဲ့ သူငယ်ချင်းတွေဆို အံ့ဩနေကြတယ်၊ တစ်ခြားသနပ်ခါးတွေလိုမဟုတ်ဘဲ တစ်နေကုန်မျက်နှာမှာ ထင်နေတာကလည်း ရွှေပြည်နန်းရဲ့ ထူးခြားမှုတစ်ခုပါဘဲ၊ တကယ်ပြောတာပါ၊ ကျွန်မလေ အခုတော့ ရွှေပြည်နန်းကို အရမ်းကြိုက်မိသွားပါပြီ၊ မျက်နှာသစ်ပြီးတာတောင် ခြောက်သွေ့မနေဘဲ စိုပြေတင်းရင်းနေတာဆိုတော့ ကျွန်မအရမ်းကြိုက်မိတာ မလွန်ဘူးထင်ပါရဲ့။



မသူသူထွန်း (Special Nurse)

မသူသူထွန်း၊ Special Nurse၊ မုံရွာဆေးရုံကြီး၊ ပုလဲမေ(အမျိုးသမီးဆောင်)။



ထပ်ဆင့်ထောက်ခံအပ်ပါသည်

မပြိုးသခင်၊ သူနာပြု (စက်မှုဇုန် ဆေးပေးခန်း)၊ မုံရွာမြို့။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် (အမှတ် -၅၃၁ (B)၊ မိုးကုတ်လမ်းသွယ်၊ စက်မှုဇုန် (၁)၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့) သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

ဝတ္ထုတို

# အရုပ်မလေး

ငြိမ်းသခင်
B.A(Eng), Dip (TESOL, UK)

နွေဦးသြငှက်တို့တွန်ကျူးကြပြီ။ ဒီအချိန်ဆို မိုးတို့ ကျောင်းသားလူငယ်တွေလည်း စာမေးပွဲတွေ ဖြေပြီးပြီ။ နဝမတန်းအတန်းတင် စာမေးပွဲကြီးကိုလည်း ကောင်းစွာ ဖြေဆိုနိုင်သောကြောင့် စိတ်လွတ်ကိုယ်လွတ် နားပစ်လိုက်မည်ဟု မိုးစိတ်ထဲကနေ ကြုံးဝါးမိသည်။ ခရီးတွေထွက်မည်။ သူငယ်ချင်းတွေနှင့် ရုပ်ရှင်သွားကြည့်မည် ။ ရွှေပင်းစင်တာ အသစ်တွေကိုလည်း သွားမည်။ အခုခေတ်စားနေသည့် ဆူးလေခုံးကျော်တံတားက ပုသိမ်ထီးလေးတွေ အောက်မှာ ဆယ်ဖီသွားဆွဲမည်။ ပျော်စရာကောင်းလိုက်မည့် ဖြစ်ခြင်း၊ တွေးရင်းနဲ့ကို ကြည်နူးမိသည်။ လိုချင်တာလေးတွေ ဝယ်ဖို့ကတော့ မိုးဒယ်ဒီဆီကနေ မုန့်ဖိုးတောင်းမည်။ မုန့်ဖိုးများတော့ မိုးမာမီဆီက ဘယ်တော့မှမတောင်း။ ရလဲ မဆိုစလောက်မို့ မုန့်ဖိုးများများ လိုချင်လို့ကတော့ ဒယ်ဒီ့ကိုသာ အပူကပ်သည်။ မာမီက စည်းကမ်းအလွန်ကြီးသည်။ ဘူးဆို ဖရုံမသီးတတ်။ အိမ်မှာ မာမီဆုံးဖြတ်ပြီးသားကိစ္စကို ဘယ်သူကမှ စောဒကမတက်ရဲသလို နာခံကြရသည်။ မိုး မာမီ့ကို ကြောက်သည်။ တစ်ဦးတည်းသော သမီးလေးဖြစ်သော မိုးရဲ့ တီးတိုးဖော် တိုင်ပင်ဖော်က ဒယ်ဒီ။ ခုလည်း မိုးလုပ်ချင်တာလေးတွေ လုပ်ဖို့ ဒယ်ဒီ့ကိုအပူကပ်ရမည်။

"မိုးခင်ခင်၊ မိုးခင်ခင်။ ဒီကောင်မလေး ဘယ်ရောက်နေလဲ မသိဘူး။"

ဟော--ပြောရင်း ဆိုရင်း မိုးကို မာမီခေါ်နေပြီ။ ကြည်နူးနေတဲ့အတွေးတွေကို ကပျာကယာ လက်စသတ်ပြီး မိုး မာမီ့ဆီ အပြေးလေးသွားလိုက်သည်။

"ခေါ်မကြား အော်မကြားနဲ့ မိုးခင်ခင်ရယ်၊ ညည်း ဘာတွေလုပ်နေလို့လဲ"

စူးရှသည့် မာမီ့အကြည့်တွေကို မဝံ့မရဲတုံ့ပြန်ရင်း မိုး ယောင်ဝါးဝါးလေး ဖြေလိုက်သည်။

"မိုး ဘာမှမလုပ်ပါဘူး၊ မာမီရဲ့။ ဟိုတစ်နေ့က ဒယ်ဒီ ဝယ်လာပေးတဲ့ ဒီလထုတ် Youth မဂ္ဂဇင်းလေး ဖတ်နေတာပါ။"

"အားအားယားယား မိမိုးရယ်။ အရည်မရ အဖတ်မရ အလုပ်တွေ ညည်းတော်တော်လုပ်၊ အားနေရင် ဆယ်တန်း မြန်မာစာခက်ဆစ်တွေ ကြိုကျက်ထားပါလား။ စာတွေ ကြိုလုပ်စေချင်လို့ ဖတ်စာအုပ်တွေ ဝယ်ပေးထားတာကို၊ ညည်းတော်တော်အပျင်းတစ်နေပါလား"

"မာမီကလည်း မနေ့တစ်နေ့ကမှ စာမေးပွဲကြီး ပြီးထားတာ ရက်ပိုင်းပဲရှိသေးတယ်။ မိုး နားလို့တောင် မဝသေးဘူး။ မိုး နည်းနည်းလောက် နားပါရစေဦးနော်"

ရလေမလားလို့ မိုးမာမီ့ကို မူနွဲ့စွာပြောမိသည်။ မာမီက မိုးရဲ့စကားကို အထူးအဆန်းသဖွယ် နားထောင်ရင်း

"အံ့ပါရဲ့ မိုးခင်ခင်ရယ်၊ ဒီအမေမှာတော့ သူ့အတွက် ပူပန်ရ၊ ကြိုတင်ပြင်ဆင်ရနဲ့ မအားလပ်ရတဲ့ကြားထဲမှာ သူက နားချင်နေသေးတယ်။ ဒီလောက် နားရတာ တော်ပြီ။ ဘာမှမပြောနဲ့တော့။ ခုချိန်ကစပြီး ကျောင်းစာပဲလုပ်တော့။ အရည်မရ အဖတ်မရ ဘာစာအုပ်မှ မဖတ်ရတော့ဘူး။ ညည်းအဖေကိုလည်း ဒီစာအုပ်တွေ ထပ်မဝယ်လာဖို့ ပြောရဦးမယ်။ ဒီမှာ ညည်းအတွက် အချိန်ဇယား။ လာမယ့် တနင်္ဂနွေမှာ ကျူရှင်စတက်ရမယ်။ ပြင်ဆင်ထား"

မာမီ ကမ်းပေးလာသည့် အချိန်ဇယားစာရွက်ကို မိုးအတုန်အလှုပ်ဖြင့် ယူကြည့်လိုက်သည်။ ခုမှ စာမေးပွဲပြီးတာ ရက်ပိုင်းပဲရှိသေးတယ်။ မာမီ ဒါတွေကို ဘယ်တုန်းကတည်းက ပြင်ဆင်ထားတာပါလိမ့်။ မိုးလုံးဝ မသိလိုက်။ အချိန်ဇယားစာရွက်ထဲမှာ "ထိပ်တန်း အဆင့်မြင့် စာသင်ဝိုင်း"ဟင်၊ ဘယ်လိုဖြစ်တာပါလိမ့်။ မိုး အရင်နှစ်က တက်ခဲ့သည့်ကျူရှင်က "ပျိုးခင်းသာ"။ အဲဒီကျူရှင်မှာက မိုးသိပ်ခင်ရသည့် သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးတွေရှိသည်။ မိုးတို့ တီချယ်ကလည်း မိုးတို့ရှစ်တန်းကတည်းက သင်ပေးလာတာ ဆရာတပည့် အရင်း ခေါက်ခေါက်တွေ။ နားမလည်တာရှိလို့ကတော့ အချိန်မရွေးမေးလို့ရသည်။ "ပျိုးခင်းသာ"မှာ သူငယ်ချင်းတွေနှင့်အတူ စာသင်ရတာ မိုးပျော်သည်။ စိတ်လက်ပေါ့ပါးသည်။ ဘာဖိစီးမှုမှမရှိ။ ခုတော့ မာမီက ကျူရှင်ကို ပြောင်းထားလိုက်ခြင်းဖြစ်သည်။ ဘာကြောင့် ဒီလိုစီစဉ်ထားသလဲ မိုး နားမလည်။ မိုး မာမီ့ကို ကြောက်ကြောက်လန့်လန့်နှင့်ပဲ မေးမိသည်။

"မာမီ၊ မိုးကို ကျူရှင်ပြောင်းလိုက်တာလား"

"ဟုတ်တယ်လေ၊ "ထိပ်တန်း"က နာမည်ကြီး စာသင်ဝိုင်း"။ ထိပ်တန်းဆိုတဲ့အတိုင်း တကယ့် ထိပ်သီး ဆရာကြီးတွေ လာသင်မှာ။ အဲဒီမှာတက်ဖို့ကို ကြိုစာရင်းပေးရတာ။ လူပြည့်သွားလို့ကတော့ ဘယ်သူလာလာ လက်မခံတော့ဘူး။ စာမတော်တဲ့ ကျောင်းသားလည်း လက်မခံဘူး။ ဒါကြောင့် မာမီက ညည်း စာမေးပွဲမဖြေခင်တည်းက စာရင်းသွားပေးထားတာ"

မာမီက ဂုဏ်ယူဝင့်ကြွားစွာပြောနေပေမယ့် မိုးမှာတော့ သောကများနေပြီ။ မိုး မတက်ချင်။ အဲဒီကို သွားရမှာလည်း ဝေးသည်။ မိုးသူငယ်ချင်းတွေနဲ့ပဲ အတူတူတက်ချင်သည်။ မရနိုင်မှန်းသိပေမယ့် မိုး မာမီ့ကို မဝံ့မရဲတောင်းဆိုမိသည်။

"မိုး ပျိုးခင်းသာမှာပဲ တက်ချင်တယ် မာမီ။ အဲဒီ နေရာက ဝေးလည်းဝေးတယ်။ မိုး သူငယ်ချင်းတွေနဲ့လည်း ခွဲရမှာ။ မိုး အဲဒီမှာ မတက်ချင်ဘူး။"

"မိုးခင်ခင်၊ ညည်းတော်တော် လျှာရှည်နေပါလား။ မအေက ကောင်းစေချင်လို့အစစ စီစဉ်ထားတာကို သူက မရောင်ရာဆီလူးနေတယ်။ ဒီမှာ ငါပြောမယ်။ နားထောင်စမ်း။ ညည်းတို့ ကျူရှင်ပေါက်စိပေါက်စပါမွှားလေး တက်လို့ ညည်း အောဒီ ထွက်ပါ့မလား။ အောဒီထွက်မှ ဆေးကျောင်းတက်လို့ရမှာ၊ အဲဒါ ညည်းနားလည်လား။"

"မိုး အောဒီထွက်အောင် ကြိုးစားပါ့မယ် မာမီရယ်။ မိုးကိုတော့ ကျူရှင်မပြောင်းပါနဲ့။"

မိုး အသနားခံမိသည်။ သို့သော်လည်း အရာမထင်၊ အချည်းနှီးသာ။

"မလိုချင်ဘူး မိုးခင်ခင်။ ငါက ဒါဆိုဒါပဲ ကြိုက်တယ်။ ထပ်မကွန့်နဲ့။ မိဘက ကောင်းစေချင်လို့ စီစဉ်ထားတာကို သားသမီးက လိုက်လုပ်ရုံပဲ။ ဘာဆင်ခြေမှ မကြားချင်ဘူး။ ညည်း အောဒီထွက်ရမယ်၊ ဆရာဝန်ဖြစ်အောင်လုပ်ရမယ်၊ ဒါပဲ"

မာမီ တော်တော့်ကို လွဲနေပြီ။ မိုး ဘာဖြစ်ချင်လဲ၊ ဘာကို စိတ်ဝင်စားလဲ၊ ဘာ ဝါသနာပါလဲမမေးဘဲ ဆရာဝန် လုပ်ရမည်တဲ့။ မိုးက လူလေး ဖျော့ဖျော့နွဲ့နွဲ့ရယ်၊ သွေးမြင်လည်း လန့်တတ်သည်။ ရွံလည်း ရွံတတ်သည်။ ဒီလိုလူမျိုးက ဘယ်လို ဆရာဝန်လုပ်မလဲ။ မိုးတကယ်ဖြစ်ချင်တာက ဆရာမ၊ တက္ကသိုလ်မှာ စာသင်သည့် ဆရာမ ဖြစ်ချင်တာ။ ခုတော့ မိုးရည်မှန်းထားတာနှင့် တခြားစီဖြစ်နေသည်။

"မိုး အောဒီထွက်အောင်တော့ ကြိုးစားမယ်။ ဒါပေမဲ့ ဆရာဝန်တော့ မလုပ်ဘူး၊ မိုး ဝါသနာ မပါဘူး မာမီ"

"ကဲဟယ် ကဲဟယ်. . ဝါသနာ မပါဦး"

မာမီရဲ့ ဒေါသတကြီး ထုရိုက်မှုကြောင့် မိုး လန့်သွားမိသလို ကြောက်လဲ ကြောက်မိသည်။

"ဒီစကား ဒီမှာတင်တော်။ ထပ်ပြောရင် ညည်း ဒို့ထက်နာမယ်။ ဆရာဝန်ပဲ လုပ်ရမယ်။ ဆရာဝန်ဖြစ်ရတာ ဘယ်လောက်ဂုဏ်ရှိလဲ။ ပိုက်ဆံတွေလည်း ဘယ်လောက် တောင်ရလဲ၊ ကြည့်စမ်း။ ညည်း ဘာမှထပ်မရှည်နဲ့၊ ပြောတဲ့အတိုင်းလုပ်။ ပြောတဲ့အတိုင်းမလုပ်လို့ကတော့ မာမီ့အကြောင်းသိမယ်။ မိုးခင်ခင် ညည်းမာမီ့အကြောင်း သိတယ်မဟုတ်လား။ မာမီက ညည်းကို ကောင်းစေချင်လို့ လုပ်ပေးတာ။ ညည်းမှာ ငြင်းပိုင်ခွင့် မရှိဘူး"

မိုး မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာသည်။ လူကြီးတွေက လူငယ်တွေကို ကောင်းစေချင်လို့ဆိုသည့် စကားလေး၏အောက်တွင် လူငယ်တစ်ယောက်၏ ခံစားချက်တွေ ထိရှကုန်သည်။ မျှော်လင့်ချက်တွေ တိုက်စားခံလိုက်ရသည်။ အနာဂတ်တွေ ပျက်သုဉ်းဝေဝါးသွားရသည်။

မာမီက စိမ်းကားပြတ်တောက်စွာ ဆက်ပြောပြန်သည်။

"ညည်း ဆရာဝန် ဖြစ်ရမယ်။ အမျိုးထဲမှာလည်း မိုးခင်ခင်လေး တော်လိုက်တာ၊ ဆေးကျောင်းသူကြီးဖြစ်နေပြီဆိုပြီး သူများ အားကျစေရမယ်။ ဒါကြောင့် အခုတက်ခိုင်းတဲ့ ဝိုင်းမှာ မလိုက်နိုင်မှာစိုးလို့ ဆရာတစ်ဦးချင်းကိုလည်း အိမ်ခေါ်ထားတယ်။ ဆေးကျောင်းတက်နေတဲ့ ကလေးကိုလည်း ခုတည်းက ဂိုက်ခေါ်ပေးထားတယ်။ ဆရာဝန်လောင်းတွေကို ဂိုက်ခေါ်မှ ကိုယ်လည်း ဆရာဝန်ဖြစ်မှာ"

မာမီ့ ဒဿနတွေကို မိုးမလိုက်နိုင်တော့ပါ။ ဆရာဝန်ဖြစ်မှ ဂုဏ်ရှိသည်တဲ့။ ဆရာဝန်ဖြစ်မှ ပိုက်ဆံရှာနိုင်မည်။ စေတနာ၊ မေတ္တာ၊ မုဒိတာဆိုတာတွေ ဘယ်ရောက်ကုန်မှန်းမသိဖြစ်တော့သည်။

မျက်ရည်တွေကြားကနေပဲ မိုးအတွန့်တက်မိသည်။

"မာမီ ခုဆို ကျောင်းရော ဝိုင်းရော အိမ်မှာရော ဂိုက်ရောဆို မိုးဘယ်အချိန် စာကြည့်ရမလဲဟင်။ ဟို. . . ဟို ကိုယ်ပိုင်စာကြည့်ချိန်မရှိတာကို ပြောတာပါ။"

မာမီက မိုးကို ခက်ထန်စွာ ကြည့်လျက်

"အဲဒါညည်းပူရမဲ့ ကိစ္စမဟုတ်ဘူး မိုးခင်ခင်၊ ဂိုက်ခေါ်ထားပါတယ်ဆိုမှ ညည်းကို စာကူကျက်ပေးဖို့ပေါ့အေ့။ ဘာမှညာဏ်နီညာဏ်နက်များဖို့ မစဉ်းစားနဲ့။ ပေးထားတဲ့ အချိန်ဇယားအတိုင်းဘောင်ဝင်အောင်လုပ်။ အောဒီ မထွက်လို့ကတော့ ကတုံး ဆွဲတုံးပြီး သီလရှင်ဝတ်ခိုင်းလိုက်မယ်။ ဘာကျောင်းမှ တက်ဖို့စိတ်မကူးနဲ့တော့။"

မာမီကတော့ အေးစက်စိမ်းကားစွာ ရာဇသံပေးပြီး လှည့်ထွက်သွားသည်။ မိုးမှာသာ ခုနကအပျော်စိတ်လေးတွေ ပျောက်ဆုံးကာ အားအင်ကုန်ခန်းမောပန်းသွားသည်။ ပါးပေါ်စီးကျလာသည့် မျက်ရည်တွေကို သုတ်လျက် အဝေးကို ငေးကြည့်မိသည်။ မိုးရဲ့ အခန်းထောင့်မှာ မိုးလိုချင်လှချည်ရဲ့ဆိုလို့ ဆယ့်လေးနှစ်ပြည့်မွေးနေ့တုန်းက ဒယ်ဒီဝယ်ပေးထားသည့် အရုပ်မလေးကို မြင်မိသည်။ မိုး အရုပ်တစ်ကိုယ်စာရှိသည့် ချစ်စရာ အရုပ်မလေးပါ။ အရုပ်မလေးကို မိုးအင်္ကျီတွေ ဝတ်ပေးသည်။ ဘာရောင်ကြိုက်လဲ၊ ဘယ်လိုပုံစံဝတ်ချင်လဲ တစ်ခါမှ မမေး။ အရုပ်မလေးနဲ့ ပတ်သက်သည့် တခြားကိစ္စတော်တော်များများမှာလဲ မိုး စိတ်တိုင်းကျပဲ ဆုံးဖြတ်သည်။ ကာယကံရှင် အရုပ်မလေးကို တစ်ခါမှမမေးမိ။ မေးစရာမလိုဘူးလေ။ မိုးကသူရဲ့ ပိုင်ရှင် အရှင်သခင်ပဲဟာ။ သူ့ခံစားချက်ကို မိုးဂရုစိုက်စရာမလိုဘူးလို့ မိုးထင်သည်။ ခုတော့ မိုးသိလိုက်ပြီ။ တကယ်တော့ မိုးက မာမီရဲ့ အရုပ်မလေးသာ. . .။ ။



မျိုးဆက်သစ်ရင်ပြင်အတွက် စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။

မျိုးဆက်သစ်ရှုမြင်

ကြေးမုံ
အထူးကဏ္ဍ

ဆောင်းပါး



မောင်မြင့်ဝင်း

# အခက်အခဲနဲ့ အောင်မြင်မှု

အလုပ်မှာညီလေးတွေအများကြီးထဲက ညီလေးတစ်ယောက်ရှိတယ်။ သူက ဉာဏ်ကောင်းတယ်။ ပညာလည်း တတ်တယ်။ ခိုင်းတဲ့အလုပ်လည်း မညည်းမညူလုပ်တတ်ပါတယ်။ ဒါကြောင့် သူ့ကိုအားကိုးရတယ်။

ဒါပေမယ့် သူ့ရဲ့အားနည်းချက်က အလုပ်တစ်ခုကို လုပ်လိုက်ရင် သမားရိုးကျမဟုတ်တဲ့ အခက်အခဲဆို လွယ်လွယ်နဲ့ အလျှော့ပေးနောက်ဆုတ်သွားတတ်တဲ့ အကျင့်ရှိတယ်။ ခက်ခက်ခဲခဲဆို သူရအောင် ကြိုးစားပြီး မလုပ်တော့ဘူး။

သူ့ကိုဘယ်လိုပဲပြောပြော ဒီအကျင့်ဆိုးကိုမဖျောက်ဘူး။ မနက်ကလည်း ဖုန်းတွေကို မြန်မာဖောင့်သွင်းခိုင်းတာ အသစ်ထွက်တဲ့ ဖုန်းတစ်လုံးကျတော့ သူမရတော့ဘူး။ သူဘာဆက်လုပ်မလဲလို့ ကျွန်တော်စောင့်ကြည့်နေတယ်။ လုပ်နေကျပုံစံထက်ခွဲထွက်ပြီး နည်းနည်းမှ မစဉ်းစားဘူး။ ချက်ချင်းပဲ မရတော့ဘူးတဲ့။ နည်းနည်းလောက်တောင် သူမကြိုးစားခဲ့ဘူး။

ဒီခေတ်ဖုန်းတွေမှာ လိုအပ်တာရှိရင် အများအားဖြင့် အင်တာနက်မှာ ဆိုင်ရာထုတ်လုပ်တဲ့ ကုမ္ပဏီတွေက လုပ်နည်းလုပ်ဟန်တွေ တင်ထားပေးလေ့ရှိပါတယ်။

ဒါကို မြန်မာပညာရှင်တွေက မြန်မာလိုရှင်းပြထားတာတွေနဲ့လည်း တင်ထားကြတယ်။ အင်တာနက်ပေါ်မှာ အလွယ်တကူရှာရုံလေးပါ။

သူကိုယ်တိုင်ကလည်း ဖုန်းအကောင်းစားကိုင်ထားသလို အင်တာနက်ပေါ်မှာ အချိန်အတော်များများ တက်ကလိနေတဲ့သူ။ ဒါပေမယ့် သူမကြိုးစားခဲ့ဘူး။

ဒီနေရာမှာ အဓိကက စိတ်ဓာတ်ပါပဲ။ လွယ်လွယ်နဲ့ အလျှော့ပေးနောက်ဆုတ်ချင်တဲ့ စိတ်ဓာတ်ပဲ။ သူ့ကိုကြည့်ပြီး ထင်းပေါက်သမား ဆရာတပည့်နှစ်ယောက် ပုံပြင်ကို သတိရမိပါတယ်။

တစ်ခါက အိမ်တကာလှည့်ထင်းပေါက်နေတဲ့ ထင်းပေါက်သမားနှစ်ယောက်ရှိပါတယ်။ တစ်ဦးကဆရာ နောက်တစ်ဦးက တပည့်တဲ့။

တခြားပညာရပ်တွေမှာ ကျွမ်းကျင်မှုပညာအလိုက် ဆရာတပည့်ဆိုပြီးအဆင့်တွေ သတ်မှတ်ကြတာ လက်ခံပါတယ်။ ခုတော့ ထင်းပေါက်တာတောင်ဆရာနဲ့တပည့်တဲ့။

အသက်ကရွယ်တူ။ ကျွမ်းကျင်မှုကလည်းအတူတူ။

ဘာလို့ ဆရာတပည့်တွေ ဖြစ်နေရတာလဲ။

သူတို့အလုပ်လုပ်တာကိုကြည့်မိတော့မှ သချောသဘောပေါက်ရပါတော့တယ်။ တပည့်က အရင်ထင်းစခွဲတယ်။ တအုံးအုံးနဲ့ခွဲလိုက်တာ ထင်းချောင်းတွေ အများကြီးပြီးတယ်။

ဆရာလုပ်တဲ့သူကတော့ ဘေးမှာ ထိုင်နေတယ်။

နောက်ဆုံး တပည့်ခွဲလို့မလွယ်ကူလို့ ချန်ထားတဲ့ ထင်းတုံးတွေကိုမှ ဆရာက စိတ်အေးလက်အေးနဲ့ ဖြေဖြေခွဲတယ်။ သူခွဲလို့ရတာက ထင်းချောင်း နည်းနည်းလေးပါ။

ဒါပေမယ့် ထင်းပေါက်ခရတဲ့ ငွေခွဲယူတော့ လွယ်လွယ်ကူကူနဲ့ ထင်းတွေအများကြီးရအောင်ခွဲတဲ့ တပည့်က ငွေနည်းနည်းသာရပြီး ခက်ခက်ခဲခဲနဲ့ ထင်းတုံးနည်းနည်းသာရအောင်ခွဲတဲ့ ဆရာက ငွေပိုရတယ်။

သူတို့လုပ်တာအစအဆုံးကြည့်ပြီးလို့ မအံ့သြတော့ပါဘူး။

ထင်းပေါက်သမားလို လူတွေလောကထဲမှာ အများကြီးပါ။

အလုပ်တစ်ခုကို စလုပ်ကြည့်တယ်။ လုပ်လုပ်ချင်းတော့ ခွန်အားတွေ၊ ရည်ရွယ်ချက်တွေနဲ့ပေါ့။ ဒါပေမယ့် အခက်အခဲလေး နည်းနည်းတွေ့လာတာနဲ့ လက်မြှောက်အရှုံးပေးနောက်ဆုတ်တော့တာပဲ။ နောက်အလုပ်တစ်ခုကို ပြောင်းလုပ်တယ်။ နောက်အလုပ်မှာ အခက်အခဲတွေ့တော့ ထပ်ပြီး ပြောင်းပြန်တယ်။

ဒီအခါ အောင်မြင်မှုနဲ့ ဝေးတော့တာပဲ။

အခက်အခဲဆိုတာ နေရာတိုင်းမှာရှိပါတယ်။ ဖြစ်လာတဲ့အခက်အခဲကို သတ္တိရှိရှိရင်ဆိုင်သူနဲ့ ရင်မဆိုင်ဘဲ ရှောင်ထွက်သွားသူဆိုပြီး စိတ်ဓာတ်အရည်အသွေးပေါ် မူတည်ပြီး အောင်မြင်သူနဲ့ မအောင်မြင်ဘဲ ကျရှုံးသူလို့ ကွဲပြားသွားတာပါ။

ဒါကြောင့် အခက်အခဲကို မကြောက်ကြပါနဲ့။ အခက်အခဲဆိုတာ ကိုယ့်မှာရှိတဲ့ အရည်အချင်းတွေကို ထွန်းပြောင်အောင် သွေးပေးတဲ့ ကိုယ့်အစွမ်းအစကို ထုတ်ဖော်နိုင်ဖို့ အကောင်းဆုံး အခွင့်အရေးတစ်ရပ်လို့ မြင်ပါ။

ဒီလိုမြင်လာတဲ့အခါ ဖြစ်လာတဲ့အခက်အခဲကို တွေးမကြောက်ရုံမျှမက သတ္တိစိတ်များပါ ဖြစ်ပေါ်လာပြီး အောင်မြင်တဲ့ ဘဝပိုင်ရှင် ဖြစ်လာစေမှာပါ။

## တပေါင်းပွဲတော် တို့နွဲပျော်

အခါညောင်းပါလို့
လတပေါင်းရယ်သို့ ကူးခဲ့ပြီ။
ဟိုပင်ယံ သရဖီပန်းရယ်က
လန်းဆန်းရွှေရည်။
တို့လယ်ယာ ရွှေသီးသမို့
အလှူကြီးပေးတဲ့ ပြောသံစည်
အေးစေညီ ပြည်တဝှမ်း။
ထို့အပြင်
မချို့အစဉ် ရိုးရာညီပါလို့
သဲပုံစေတီ အလှူပွဲရယ်က
ခြိမ့်ခြိမ့်သဲ အခါမပျက်တယ်
(ကွယ်...)
ရှေ့ဆက်တို့ကမ်း။ ။

မောင်ဥယျာဉ်(အရှေ့ပြင်)

ဆောင်းပါး

ကျော်မြိုင်
B.A(မြန်မာစာ)

# ရိုးသား နိုးကြား ကြိုးစားလျှင် အောင်မြင်မှုက လက်တစ်ကမ်း

လူတစ်ယောက်တွင် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာဟူ၍ရှိရာ စိတ်ဓာတ်ပိုင်းဆိုင်ရာ ချွတ်ခြုံကျသွားလျှင် လူ့ပတ်ဝန်းကျင်အသိုင်းအဝိုင်းနှင့် သဟဇာတမဖြစ်တော့ပေ။ မိမိဘဝ တိုးတက်ရာတိုးတက်ကြောင်းအနေဖြင့် နေထိုင်ရာဝန်းကျင်တွင် အမြဲလိုလို သိမ်ငယ်စိတ်များ ဝင်နေပြီး နဂိုလုပ်နေကျအလုပ်တစ်ခုပင်ဖြစ်နေပါစေ၊ မဝံ့မရဲနှင့် လုပ်ချင်ကိုင်ချင်စိတ်မရှိတော့ပေ။ ကြာတော့ ဦးတည်ချက်များပျောက်ဆုံးကာ သုံးစားမရသောလူ့ဘဝအဖြစ်သို့ရောက်ရှိသွားတတ်ပါသည်။ မည်သည့်အလုပ်ကို မဆိုလုပ်တော့မည်ဆိုလျှင် ယုံကြည်ချက်၊ ခံယူချက်တို့ရှိရသည်။ ထိုယုံကြည်ချက်၊ ခံယူချက်တို့ ရှိလာဖို့ဆိုသည်မှာလည်း နာကျင်ခဲ့ဖူးသောနှလုံးသားနှင့် အမှန်တရားအတွက် လုပ်ရဲကိုင်ရဲသော ဇွဲသတ္တိတို့မှတစ်ဆင့် မွေးယူရခြင်းမျိုးဖြင့်လည်းကောင်း၊ အကြောင်းအားလျော်စွာ မျက်စိကိုဖွင့် နားကိုစွင့်၍ လေ့လာခြင်းမျိုးဖြင့် လည်းကောင်း ရရှိနိုင်သည်။ ယုံကြည်ချက်၊ ခံယူချက်တို့ခိုင်မြဲမှ မိမိဖြစ်ချင်လုပ်ချင်သောအရာကို စိတ်ဝင်တစား ကောင်းမွန်အောင် လုပ်နိုင်လိမ့်မည်။ တိုးတက်အောင်မြင်လိမ့်မည်ဖြစ်သည်။ လမ်းတော့လျှောက်နေပါ၏။ လမ်းပျောက်နေသည့်အဖြစ်မျိုးနှင့်လည်း ကြုံရတတ်သည်။ ဘယ်လမ်းလျှောက်လို့ လျှောက်ရမှန်းမသိဘဲ ဝေဝါးနေသောအဖြစ်မျိုးကိုလည်း ကြုံရတတ်သည်။

တကယ်တော့ ကိုယ်လျှောက်ချင်သည့် လမ်းကိုတိတိကျကျသိရှိပြီး ခိုင်ခိုင်မာမာဆုံးဖြတ်ချက် ချနိုင်စွမ်းရှိရမည်ဖြစ်သလို လမ်းလျှောက်ရင်း လမ်းမပျောက်ဖို့လည်းလိုမည်။ သို့မှသာ ဘဝမှာအောင်မြင်မှုတွေနှင့် ကျေကျေနပ်နပ်နေထိုင်နိုင်မည်ဖြစ်သည်။ ဤနေရာတွင်ဘဝနှင့်ပတ်သက်သည့် အောင်မြင်မှုကိုအနည်းငယ် ဖွင့်ဆိုချင်မိသည်။ အောင်မြင်မှုဟုဆိုလိုက်သည်နှင့် လူအတော်များများက ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနားဖြစ်မှုကို ပြေးမြင်တတ်ကြသည်။

ကုမ္ပဏီအမြောက်အမြားပိုင်ဆိုင်၍ စီးပွားရေးလုပ်ငန်းတွင် အတော်အတန်ကြီးပွားချမ်းသာနေခြင်းမျိုး၊ အနုပညာလောကတွင် နာမည်ကျော်ကြားလူကြိုက်များသော အောင်မြင်မှုမျိုး၊ နည်းပညာနှင့် ချမ်းသာသွားသည့် ဘီလ်ဂိတ်လိုအောင်မြင်မှုမျိုး၊ ဘောလုံးလောကတွင် မက်ဆီလို၊ စီရိုနယ်လ်ဒိုလို အောင်မြင်ကျော်ကြားမှုမျိုး၊ ကမ္ဘာကျော်စာရေးဆရာ ဟဲမင်းဝေးလို အောင်မြင်ကျော်ကြားမှုမျိုး အစရှိသဖြင့် ပြေးမြင်တတ်ကြသည်။ အမှန်တော့ထိုသို့မဟုတ်ပါ။ အတိတ်ကပါလာသည့်ပါရမီကံအရ ကိုယ်ရည်ကိုယ်သွေး ဉာဏ်ရည်ဉာဏ်သွေးရှိသလောက် ကိုယ်ကျင်လည်ရသည့်နေရာတွင် မိမိလုပ်ဆောင်နေသော အလုပ်တစ်ခုခုနှင့်ပတ်သက်ပြီး ကြိုးစားသဖြင့် ရရှိလာသောအောင်မြင်မှုသည်လည်း အောင်မြင်မှုတစ်ခုပင်ဖြစ်ပါသည်။

လူတို့၏ ဘဝအနိမ့်အမြင့်ကိုလိုက်၍ အောင်မြင်မှုကြီးခြင်း၊ သေးခြင်းသာကွာခြားမည်ဖြစ်သည်။ ဤအရာကလည်း လူတို့၏သတ်မှတ်ချက်သာဖြစ်ပါသည်။ မောင်ဖြူသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးအလုပ်တွင် သဘာဝတောတောင် ရေမြေရာသီဥတုကိုသိပြီး အချိန်ရာသီအလိုက် ကျွမ်းကျင်ပိုင်နိုင်စွာ ဖြစ်ထွန်းပေါက်မြောက်အောင် လုပ်ကိုင်ဆောင်ရွက်နိုင်လျှင် သူ့ဘဝအတွက် အောင်မြင်မှုပင်ဖြစ်သည်။ တကယ်တော့ဘဝတွေမတူနိုင်သလို တစ်ဦးနှင့်တစ်ဦး အောင်မြင်မှုသည်လည်း တူနိုင်မည်မဟုတ်ပေ။ လူတစ်ဦးတစ်ယောက်၏ ကျွမ်းကျင်ရာ လိမ္မာရာအပေါ် မူတည်ပြီး အလုပ်တစ်ခုခု၌ နာမည်တစ်လုံးရ ဝမ်းရေးဝနေမည်ဆိုလျှင်သူ့ဘဝ၏အောင်မြင်မှုပင်ဖြစ်သည်။

တိမ်တို့၏သဘောကမတည်ငြိမ်။ အမြဲမျောလွင့်နေသည်။ လှိုင်းတို့၏သဘောက နိမ့်တုံမြင့်တုံနှင့်လှုပ်ရှားလူးလွန့်နေသည်။ အထိန်းအကွပ်မရှိလျှင် လူသည် တိမ်ပမာကဲ့သို့မျောလွင့်နေမည်။ အသိတရားပါပါဆင်ခြင်ဉာဏ်ဖြင့် ထိန်းချုပ်၍ အချိန်ကာလအလိုက် နေထိုင်တတ်ရမည်။ လူကိုလှိုင်းနှင့်ပမာပြုလျှင် နိမ့်ချည်တစ်ခါ သာချည်တစ်လှည့်နှင့် အမြဲရုန်းကန်လှုပ်ရှားနေရမည်။ တစ်ခါတလေ ကိုယ်ဘယ်လောက်ကြိုးစားကြိုးစား ကိုယ်ဖြစ်ချင်တာမဖြစ်ရတာတွေလည်းရှိသည်။ ဤအရာသည်ပင် လောကနိယာမသဘောတရားဖြစ်သည်။ ထိုသဘောကို အမြဲဆင်ခြင်နှလုံးသွင်းနိုင်ရန် အထူးလိုအပ်သည်။ ကြိုးစားသော်လည်း ဘဝပေးအကျိုးတရားက နည်းချိန်မို့လုပ်တိုင်း မဖြစ်တာကို စိတ်ညစ်နေရန်၊ စိတ်ဓာတ်ကျနေရန် မလိုပေ။ အခွင့်အခါတွေ ကြုံလာမည့်အချိန်ကို စိတ်ရှည်သည်းခံစွာနှင့် စောင့်စားနိုင်ရမည်။ မိုင်ပေါင်းတစ်ထောင်ခရီးကို ခြေတစ်လှမ်းက စခဲ့သည်ဆိုလျှင် ခြေလှမ်းတိုင်းကို မရပ်မနားဘဲ မှန်မှန်လှမ်းနေဖို့အရေးကြီးသည်။

စိတ်မပျက်မိစေဖို့၊ အားမလျှော့မိစေဖို့၊ မယိုင်လဲမိစေဖို့၊ မတိမ်းစောင်းမိစေဖို့လိုသည်။ ခရီးမရောက်မီစပ်ကြားမှာ အရှုံးအမြတ်ကိုထည့်မတွက်ဘဲ အပြုံးနှင့် ဆက်လျှောက်နေရမည်။ အချိန်ကိုအကျိုးရှိရှိ အသုံးချတတ်နေရမည်။ မိမိလျှောက်လှမ်းရာခရီး လမ်းတစ်လျှောက်အခက်အခဲတွေ၊ အတားအဆီးတွေ၊ အတိုက်အခိုက်တွေ၊ ဒုက္ခတွေ အစရှိသည်တို့ကို ဒူးမထောက် လက်မမြှောက်ဘဲ ဇွဲသတ္တိဖြင့် အလဲထိုးအနိုင်ယူ ကျော်ဖြတ်နိုင်ရမည်။ မည်သည့်ပြဿနာကိုမဆို မည်သည့်ကိစ္စကိုမဆို စိတ်လှုပ်ရှားဒေါသထွက်နေချိန်၌ မဖြေရှင်းတာအကောင်းဆုံးဖြစ်သည်။

လူတစ်ယောက်၏တည်ကြည်ရင့်ကျက်မှုကိုသိလိုသည်ဆိုပါစို့။ အဲဒီလူအခက်အခဲအကျပ်အတည်းနှင့် တွေ့ချိန် ဒုက္ခတွေကို ဗိုလ်လုပွဲတစ်ပွဲကဲ့သို့ သူနိုင်ကိုယ်နိုင်အပြိုင်နွှဲနေရသည့်အချိန်တွေမှာ ဘယ်လိုရင်ဆိုင်ကျော်ဖြတ်သွားလဲဆိုတာကို ကြည့်ခြင်းအားဖြင့် သိနိုင်ပါသည်။ ပုထုဇဉ်လူသားတိုင်း လောကဓံတရားရှစ်ပါးနှင့် အမြဲရင်ဆိုင်ကြုံတွေ့နေရမှာဖြစ်သည်။ အဆိုးလောကဓံနှင့်တွေ့ဆုံချိန်၌ ခြေမကိုင်မိ လက်မကိုင်မိ တုန်လှုပ်ချောက်ချားနေစရာမလိုသလို အကောင်းလောကဓံတရားနှင့် တွေ့ဆုံချိန်၌လည်း နားထင်သွေးရောက်ဘဝင်မမြောက်ဖို့ အမြဲ သတိပြုနေရမည်။

ဘဝတွေထဲက အသိကိုကြိုးစားရှာဖွေနိုင်ရမည်။ နှလုံးသွင်း ဆင်ခြင်နိုင်ရမည်။ နှလုံးသားခွန်အား၊ ဦးနှောက်ခွန်အားများကိုပေးစွမ်းသည့်စာပေတွေကို အမြဲဖတ်ရှုနေရမည်။ စာပေတွေထဲမှ သူတစ်ပါးအတွေ့အကြုံတွေကို ယူတတ်ရမည်။ စာတွေ့နှင့် လက်တွေ့ကိုပေါင်းစပ်ပြီး တည်ကြည်စိတ်ကိုမွေးမြူနိုင်ရမည်။ တည်ကြည်စိတ်တို့ ကိန်းအောင်းလာလျှင် ရိုးသားမှု နိုးကြားမှုတို့ရှိလာမည်။ ရိုးသားမှုနိုးကြားမှုနှင့် ပြည့်နှက်နေသူအဖို့ကား မိမိဖြစ်ချင်သောအရာအတွက် အောင်မြင်မှုက လက်တစ်ကမ်းမှာရှိပါကြောင်း နိဂုံးကမ္ပတ်အဆုံးသတ်လိုက်ရပါသည်။ ။

## မြန်မာတို့ရဲ့ ရေချမ်းစင်

* နွေဦးခါအပူပြင်းပြန်တော့
  လေရူးလာမြူတွေဆင်းပါလို့
  မြန်ပြည်တွင်းလှိုက်လှိုက်ဆူ။
* နွေလမ်းတစ်လျှောက်မှာဖြင့်
  အဆွေအနွမ်းပျောက်စေဖို့
  သောက်စရာရေကြည်ချိုချိုကိုလ
  ငွေပေးစရာမလိုပါဘူး
  ရေဆာသူဘဝင်မြူးရမယ်
  ထူးတဲ့ကုသိုလ်။
* ပြောမပါစည်မတီးပါဘူး
  မောလာသူ ကြိုကာဆီးပါလို့
  ခရီးသွားသူသူငါတို့
  မငြီးတွားစေရန်ပါဗျို့
  မြန်မာတို့ရေချမ်းစင်ပါ
  စိုပြည်စွာဝင့်ကြွား။
* နွေဆန်းလျှင်ဖြင့်
  အသရေလွှမ်းယဉ်တဲ့
  ရေချမ်းစင်ကလေးတွေနဲ့
  မြန်မာ့မြေအလှဝေသစ်သပ
  ချစ်စရာ့စိတ်ထား။

မောင်စိုးဝေ(မြို့သာ)

ဝတ္ထုတို

# သစ္စာမှ တစ်ပါး

အမရာပြည့်ပြည့်သူ
BA(Myanmar)



"ဇီဇဝါ မင်းက မိန်းကလေးနော်. . ။ မိန်းကလေးက မိန်းကလေးလိုနေရတယ်. . . "

"ဟင်. . ဘာဖြစ်လို့လဲ ကိုရဲ့"

"ဘာဖြစ်ရမှာလဲ။ မင်းရဲ့ ငယ်သူငယ်ချင်း ဟိုကောင်နဲ့လည်း အနေအထိုင်ဆင်ခြင်"

သူရ စိတ်တိုနေမိသည်။ ဇီဇဝါက သူ့ချစ်သူပါ။သူတို့နှစ်ယောက်လုံး ကျောင်းပြီးပါက လက်ထပ်ရန် စီစဉ်ထားကြသည်။ ချစ်သူသက်တမ်းလည်း သုံးနှစ်ပြည့်လေပြီ။ နှစ်ယောက်စလုံးကလည်း အင်္ဂလိပ်စာဖြင့် မေဂျာအတူတူယူထားကြသည်။ မိဘကျောထောက်နောက်ခံကောင်းသော သူတို့နှစ်ယောက်စလုံးအတွက် လက်ထပ်ပြီးလျှင်လည်း ပူစရာမရှိချေ။ သူရက သူ့အစ်ကို ကုမ္ပဏီတွင် ရရာရာထူးဖြင့် ဝင်လုပ်ရန် စဉ်းစားထားသလို ဇီဇဝါကလည်း ဘဏ်တွင်လုပ်ရန်စဉ်းစားထားသည်။ နေရေးထိုင်ရေးအတွက် သူတို့နှစ်ဖက်မိဘမှ စီစဉ်ပေးမည်ဟု ဆိုသောကြောင့် အဆင်ပြေလှသည်။ ခက်သည်က ဇီဇဝါ။ သူရကပဲ ဇီဇဝါကို ချစ်လွန်းအားကြီး၍ သဝန်ကြောင်သည်ဟု ဆိုရမလို။ ဇီဇဝါတွင် သူနှင့် ငယ်ငယ်လေးကတည်းက ပေါင်းသင်းခဲ့သော အာကာဟူသည့် သူငယ်ချင်းတစ်ယောက်ရှိလေသည်။ ဇီဇဝါသည် သူရကို ချစ်သည်ဆိုသော်ငြား အာကာနှင့် လက်ဖက်ရည်ဆိုင်ဆိုလည်း ခပ်တည်တည်ထိုင်သည်။ အိမ်နီးနားချင်းဖြစ်သောကြောင့် တစ်ခါတစ်ရံ အာကာနှင့် ဘောလုံးကန်သည့်အခါ ကန်နေတတ်သည်။ သူရက ထိုအရာမျိုးတွေကို နည်းနည်းလေးမှ ကြည့်မရပေ။ ထို့ကြောင့် ယခုလို မကြာခဏ ပြဿနာတက်လေ့ရှိသည်။

"ကိုကလည်းလေ လာပြီး သဝန်ကြောင်နေသေးတယ်။ စိတ်ချ အဲကောင်အာကာက ဇီဇဝါ့ကို မိန်းကလေးလို့ကို ထင်တာမဟုတ်ဘူး။ စိတ်လည်းမဝင်စားဘူး. . ခုနေ ကိုက ဇီဇဝါ့ကို ရက်ရက်ရောရော ပေးပါတယ်ဆိုရင်တောင် အဲကောင်က နိုးပါလို့ပြောလိမ့်မယ် သိလား"။

"ဇီဇဝါ. . "

သူရ အသံကုန်အော်ပစ်လိုက်သည်။ သူရကတော့ ဇီဇဝါကို တခြားယောကျ်ားလေးတွေနှင့် ကင်းရှင်းကာ သူ့တစ်ယောက်တည်းနှင့်သာ ပတ်သက်လိုသည်။ သူရကိုယ်တိုင်လည်း မိန်းကလေးတွေနှင့် ကင်းကင်းရှင်းရှင်းနေသည်။ အစ်ကိုတစ်ယောက်၊ အစ်မနှစ်ယောက်အောက်မှာ ကြီးပြင်းခဲ့ရသော သူရသည် စည်းစနစ်ရှိသည်။ တည်ကြည်သည်။ ဇီဇဝါကတော့ တစ်ဦးတည်းသော သမီးဖြစ်သောကြောင့် သူ့လို စည်းစနစ်မရှိ။ အပေါင်းအသင်းဆိုလည်း အလွန်အမင်း ခင်တွယ်သည်။ အထူးသဖြင့် အာကာဆိုသည့် သူမငယ်သူငယ်ချင်းကိုလည်း အတော်ခင်ရှာသည်။ အာကာနှင့်က ငယ်ငယ်လေးကတည်းက ပေါင်းသင်းခင်မင်ခဲ့ရသဖြင့် သံယောဇဉ်ဖြစ်နေပုံပင်။

"ကဲပါ ကိုရယ် အလကားနေရင်း စိတ်တိုမနေပါနဲ့။ ဇီဇဝါချစ်တာ ကို့တစ်ယောက်တည်း။ နောက်ပြီး ကို့ကိုပဲ လက်ထပ်မှာ"။

ဇီဇဝါက သူ့ရင်ခွင်ထဲတိုးဝင်ပြီး သူ့ခါးကို တင်းကျပ်စွာဖက်ရင်းဆိုလေတော့ သူ့ဒေါသတို့လည်း အလိုလိုပြေလျော့သွားရသည်။

"ကောင်းပြီ။ ဒါဆို ကိုတို့ ကျောင်းပြီးတာနဲ့ လက်ထပ်ကြမယ်။ လက်မထပ်ခင် ကိုတို့နှစ်ယောက်စလုံး ဆေးရုံမှာ သွေးစစ်ကြမယ်။ ဘယ်လိုလဲ"။

"ကို့သဘော. . ကြိုက်တဲ့အချိန် ကြိုက်တဲ့နေရာမှာ စစ်။ ဇီဇဝါတို့ကတော့ ရယ်ဒီပဲ။ တစ်ယောက်ဆို တစ်ယောက်ပဲ သစ္စာရှိရှိချစ်သွားမှာ။ ဇီဇဝါလည်း အဲလို သွေးစစ်တာကို သဘောကျတယ်။ အဲဒါမှ အိမ်ထောင်ရေးမှာ အရှုပ်အရှင်းတွေလည်းကင်းမယ်။ နောက်ပြီး ကို့ သွေးသားလေးတွေအတွက်လည်း စိတ်ချရတာပေါ့"။

"ဟုတ်တယ်နော်။ အဲလိုစစ်ထားတာကောင်းတယ်။ တစ်ယောက်နဲ့တစ်ယောက် ဖြူစင်မှုကို တွေ့ရတာပေါ့။ ခုလိုကျတော့လည်း ကို့ဇီဇဝါလေးက ရင့်ကျက်ပြီး ချစ်ဖို့ကောင်းနေပြန်ရော"။

ဇီဇဝါက နှုတ်ခမ်းလေးများကို ချစ်ဖို့ကောင်းအောင် မဲ့ပြပြီး သူရရင်ဘတ်ကို လက်သီးဆုပ်လေးများဖြင့် ထုလိုက်လေသည်။

"အဲဒီတော့ နင်တို့နှစ်ယောက်က ကျောင်းပြီးတာနဲ့ လက်ထပ်ကြတော့မယ်ပေါ့"။

"အေး ဟုတ်တယ်ဟ။ ကိုကလေ နင်နဲ့ ငါ့ကို သဝန်တိုနေသေးတယ်ဟ သိလား"။

"အောင်မလေးဟယ်။ နင့်လိုရုပ်ကိုများ သူရဆိုတဲ့ ကောင်ကသာ ဘာကြည့်ပြီး ကြိုက်မှန်းမသိပေမယ့် ငါကတော့ အော်ဂလီဆန်လွန်းလို့"။

"ဟဲ့ အကောင် သေမယ်။ ငါ့ကိုများ"။

အာကာက တဟားဟားရယ်ရင်း ဇီဇဝါ့ကို မခံချိမခံသာ စနေမိသည်။ အာကာကတော့ရှင်းသည်။ ရည်းစားအတည်တကျတော့မထား။ ကောင်မလေးတွေနှင့်တော့ ထည်လည်းတွဲသည်။ ရုပ်လေးနည်းနည်းဖြောင့်သဖြင့် သူ့ဆိုလျှင် တချို့ကောင်မလေးတွေ ကြွေသည်။ သူကလည်း သူ့သာကြွေလို့ကတော့ ကောင်မလေးရောကောင်လေးရော အလွတ်ပေးတတ်သည့် လူစားမျိုးမဟုတ်ပေ။

"နင်လည်း အတည်တကျလုပ်တော့ အာကာ"။

"ဇီဇဝါရဲ့ ကားဆိုတာမျိုးက ဝယ်စီးရင် တစ်စီးတည်းစီးနေရမှာ ပျင်းစရာကြီး။ ဟော. . မဝယ်ဘဲနဲ့ ဒီအတိုင်းလျှောက်စီးရင် အများကြီးစီးရတယ်။ နောက်ပြီး နောက်ထွက်တဲ့ မော်ဒန်လေးတွေဆို သိပ်မိုက်"။

ဇီဇဝါ ဒင်းကို ကျိန်ဆဲပစ်လိုက်သည်။ သူငယ်ချင်းဖြစ်နေလို့သာ။ နို့မို့ဆို သူ့လိုကောင်က ပတ်သက်ချင်စရာမကောင်းပေ။ သို့သော် သူ့ဘာသာမိန်းကလေးရှုပ် အပျော်အပါးလိုက်စားသော်လည်း ဇီဇဝါ့အတွက်တော့ သူငယ်ချင်းကောင်းပင်။ တစ်ကိုယ်လုံး တက်တူးတွေအပြည့်ထိုးထားပြီး မိန်းကလေးများစွာနှင့် ဟိုတယ်အထိ သွားဖူးသော သူ့ကို သူ့အမေပင် ပြောမရဟု ဆိုလေသည်။

"ဒါနဲ့ နင်ဘာလုပ်ဖို့ စဉ်းစားထားလဲ"

"ငါ သင်္ဘောလိုက်မယ်ဟာ။ အမေ့ကို တစ်လှည့်ပြန်လုပ်ကျွေးလိုက်ဦးမယ်"။

"အေးပါဟာ နင့်အမေတော့ နင့်လုပ်စာ စားရချည်သေးရဲ့"။

ဇီဇဝါကလည်း အခွင့်ရရင် ရသလို သူ့ကို ပြန်နှက်လေ့ရှိသည်။ ပြောမနာဆိုမနာသူငယ်ချင်းတွေဆိုတော့လည်း ကိစ္စမရှိပေ။

သည်နေ့ ဇီဇဝါတို့အိမ်တွင် ကြာဆံချက် ချက်စားသဖြင့် အာကာတို့အိမ်ကို အမေကပို့ခိုင်းသည်။ ဇီဇဝါလည်း ချိုင့်ကြီးဆွဲပြီး ထွက်လာခဲ့လိုက်သည်။ သံပန်းတံခါးကို ဖွင့်ပြီးပြန်အပိတ် လက်ညပ်သွားလေသည်။

"အားလားလား. . သွားပါပြီ။ ငါ့လက်သည်းလေး ပဲ့သွားသောနာကျင်မှုနှင့်အတူ ကျိုးလုကျိုးခင်ဖြစ်နေသော လက်သည်းလေးကို နှမြောမိသည်။

"ကြီးကြီးရေ ကြီးကြီး"

ဇီဇဝါအော်ခေါ်ပြီး ဝင်သွားတော့ အာကာထွက်လာသည်။

"ဟဲ့ မျက်နှာမသာမယာနဲ့ ဘာဖြစ်လာတာလဲ"

"ဒီမှာ နင်တို့သံပန်းတံခါးနဲ့ ညပ်မိပြီး ငါ့လက်သည်းလေး ကျိုးသွားပြီ. . ငါ့ကိုလက်သည်းညှပ် ခဏပေး"

"နေဦးဟ။ လက်သည်းညှပ်ကို အမေဘယ်နားသိမ်းထားသလဲ မသိဘူး"။

"အဲဒါဆို ဘလိတ်ဓား မရှိဘူးလားဟာ"

"နင်ကလည်း ဇွတ်ပဲ. . ခဏစောင့်"

အာကာက ပြောရင်း သူ့ရေချိုးခန်းထဲဝင်သွားသည်။

"ရော့ . . ငါမုတ်ဆိတ်ရိတ်တဲ့ ဘလိတ်ဓား။ အဲဒါပဲရှိတယ်။ ထက်တော့ထက်တယ်။ ငါတောင်စောနရှထားသေးတယ်။ သတိထား"။

ဇီဇဝါလည်း ဘာမှမပြောတော့ဘဲ သူ့ဆီက ဓားနှင့်ပင် ကျိုးတော့မည့်တဲတဲ လက်သည်းကို လှီးလိုက်လေသည်။

"အား"

"ဘာဖြစ်တာလဲဟ. . ရှ သွားပြီလား"

ဇီဇဝါ ခေါင်းသာညိတ်ပြလိုက်သည်။

"နင်တို့ မိန်းကလေးတွေကလေ အလျှင်လိုစရာမရှိတာကို ကြံဖန်အလျှင်လိုတာ။ ခုဖြစ်ပြီ မဟုတ်လား"။

ပွစိပွစိပြောနေသော အာကာ့ကို သူမ ဘိုးဘိုးဘောက်ဘောက်နှင့်ရန်တွေ့ကာ ပြောဆိုထားခဲ့တော့သည်။

"ရှင် ကြီးကြီးပြောတာ တကယ်ပဲလား"

ဇီဇဝါ အံ့သြမင်သက်သွားမိသည်။ ကိုယ့်နားကိုယ်ပင် မယုံနိုင်သလို အာကာ့ကိုလည်း သနားမိသည်။

"ဟုတ်တယ် သမီးရေ။ သင်္ဘောတက်မယ်ဆိုတော့ ဆေးစစ်ချက်လိုတာနဲ့ ဒီနေ့သွားစစ်လိုက်တာ HIV positive တဲ့လေ"။

အာကာ့အမေကလည်း စိတ်မကောင်းဖြစ်စွာနှင့် မျက်ရည်များကျနေလေသည်။ တစ်အိမ်နှင့်တစ်အိမ် အလွန်ခင်မင်ရင်းနှီးနေသဖြင့် တစ်ယောက်အိမ်အကြောင်း တစ်ယောက်သိကြသည်။ ယခုလည်း ကြီးကြီးက လာပြောပြ၍ ဇီဇဝါ အကြောင်းစုံသိရခြင်းဖြစ်သည်။

"ဒီလောက်ပြောမရ ဆိုမရနဲ့ အပျော်အပါးလိုက်စားနေမှတော့ တစ်နေ့နေ့ ဒီရောဂါတွယ်လာတော့မယ်ဆိုတာ ကြီးကြီးသိနေတယ်။ ဒင်းက သမီးသိတဲ့အတိုင်း ပြောလို့ဆိုလို့ကလည်း မရဘူးလေ။ မတတ်နိုင်ဘူး။ သူ့ကံကြမ္မာသူဖန်တီးတာပဲ"။

ဇီဇဝါလည်း အာကာ့အတွက် စိတ်မကောင်းဖြစ်နေမိသည်။

ကိုနှင့်တွေ့တော့ စကားစပ်မိရင်း အာကာ့အကြောင်း ပြောဖြစ်သေးသည်။ ခါးခါးတူးတူးဖြစ်သွားသော ကို့ပုံစံကို ကြည့်ရင်း ဇီဇဝါသက်ပြင်းချမိသည်။ အဲလိုကောင်မျိုးနှင့် လုံးဝမပတ်သက်တော့လေနှင့်ဟုလည်း အမိန့်ချလိုက်သေးသည်။ ကို့ကြည့်ရတာ အာကာ့ကို သိပ်ရွံရှာစက်ဆုပ်နေသည့်ပုံပင်။ အာကာကလည်း အာကာပါပဲလေ။

"ကဲ ဇီဇဝါ မင်းပြောတဲ့ သစ္စာဆိုတာ ဒါလား"။

ယုံနိုင်ဖွယ်မရှိသော သွေးစစ်ချက်အဖြေဖြင့် ဇီဇဝါ ပစ်ပေါက်ခံရသည်။ ဇီဇဝါ လုံးဝကို မယုံကြည်နိုင်ပေ။ ဘယ်လိုမှကို မဖြစ်နိုင်။ ဘာကြောင့်ပါလိမ့်ဆိုတာကို စဉ်းစားမရပေ။ နှစ်ဦးသဘောတူ စစ်ခဲ့ကြသည့် သွေးစစ်ချက်မှာမှ ဇီဇဝါ့တွင် HIV Positive ဖြစ်ရလောက်အောင် ကို့အပေါ်ကို သစ္စာမဖောက်ခဲ့ပေ။ ဇီဇဝါ့ သစ္စာကို ဇီဇဝါယုံသည်ဆိုသော်ငြား ကိုကတော့ ဇီဇဝါ့အပေါ် အထင်အလွဲကြီး လွဲခဲ့ချေပြီ။ အာကာနှင့်ပတ်သက်ပြီး ပြောလာမည့် ရှေ့စကားလုံးများကိုလည်း နားထောင်နိုင်စွမ်းမရှိတော့။ အို ဒါဟာ ဘယ်လိုဒဏ်ခတ်ခြင်းမျိုးပါလိမ့်။

"ဇီဇဝါ သစ္စာဆိုနိုင်တယ်ကို. . ဇီဇဝါ ကို့အပေါ်ကို သစ္စာမဖောက်ခဲ့ဘူး။ ဒီ ဒီ result ထွက်လာပေမယ့် ဇီဇဝါဟာ ကို့အတွက် အမြဲသန့်ရှင်းနေခဲ့ပါတယ်။ အဲဒီစကားမှန်ရင် ဇီဇဝါ့လို မသိလိုက်မသိဘာသာ ရောဂါကူးစက်ခံရတဲ့ဘဝတွေ မရှိကြပါစေနဲ့လို့ သစ္စာပြုမိပါတယ်။ နောက်ပြီး ကိုလည်း ဇီဇဝါ့အပေါ် နားလည်ခွင့်လွှတ်ပေးနိုင်ပါစေ"။

ကို့ အနားကနေ ဇီဇဝါ ပြေးထွက်လာခဲ့မိသည်။ စိတ်ထဲတွင်လည်း ကိုနားလည်နိုင်ပါစေဟု အကြိမ်ကြိမ် ရေရွတ်နေမိသည်။

"အဓိကကတော့ ရောဂါပိုးရှိသူနဲ့ လိင်ဆက်ဆံတာရယ်၊ သွေးသွေးချင်းကူးတာရယ်ပါပဲ။ အဲဒီအတွက် ကျွန်တော်တို့အနေနဲ့ သွေးကို မထိမိအောင် အထူးဂရုစိုက်နေရတာပေါ့။ ဖြစ်တတ်ပါတယ်။ မဇီဇဝါအနေနဲ့ ရောဂါပိုးရှိနေသူရဲ့ သွေးနဲ့ မိမိသွေးနဲ့ ထိခဲ့တယ်ထင်ပါတယ်။ ကျွန်တော်တို့လို ဆေးလောကသားတွေ အနေနဲ့တောင် အဲလို သွေးသွေးချင်းထိမိရာကနေ ကူးတာမျိုးတွေရှိပါတယ်။ အေအာတီဆိုတဲ့ ဆေးတွေ ရှိနေပြီဆိုတော့ ဆေးမှန်မှန်သောက်ပြီး ကိုယ်ခံအားကောင်းအောင်နေရင် ပျောက်ပါတယ်။ စိတ်ဓာတ်မကျပါနဲ့"။

နှစ်သိမ့်ဆွေးနွေးမှုပေးသော ဆရာဝန်ကြီး၏ စကားအဆုံးတွင် ကို့ကို သတိရမိသည်။ ကိုတစ်ယောက် သံသယနှင့် အထင်လွဲမှုတွေ ပျောက်ပြီး ဇီဇဝါ့ကို ဆက်ချစ်နိုင်ပါစေဟုသာ။ ။

**တူပျော်ဆင်နွဲ သဲပုံစေတီပွဲ**

တံခွန်ကုက္ကား စုံလင်စွာ
သဲပုံစေတီ ထုဆစ်ပါ။
စိတ်ထားမွန်ကာ လက်ရာကောင်း
ပူဇော်ဘုရား မြတ်ရှစ်သောင်း။
နွေဝင်ဆောင်းနှောင်း သည်ပွဲတော်
ရိုးရာမပျက် နွှဲကြနော်။
ဂုဏ်တော်ပွားထုံ ဆင်ခြင်တွဲ
ဘာဝနာတရား ပေါင်းစပ်ကဲ
သာသနာ့အလံဝဲ။ ။

ပိုင် (ဆေး-၁)

ဆောင်းပါး

## နိဗ္ဗာ(ကူကူး)

B.C.Sc(Hons).Q

ညချမ်းချိန်ခါတစ်ခုတွင် စတိုးဆိုင်ပိုင်ရှင်က ဆိုင်ပိတ်လုနီးနီးအချိန် ပုံမှန်အတိုင်း ပစ္စည်းတွေ သိမ်းဆည်းနေပါတယ်။ ထိုစဉ်မှာပဲ Husky ခွေးကြီးမျိုးနွယ် အိမ်မွေးခွေးတစ်ကောင်ဟာ ပါးစပ်မှာ အိတ်ကြီးကြီးတစ်လုံးကိုက်ကာ စတိုးဆိုင်ထဲဝင်လာခဲ့တယ်။ သူကိုက်လာတဲ့ အဲဒီအိတ်ထဲမှာ ဝယ်ရမယ့် ပစ္စည်းစာရင်းတွေနဲ့ အဲဒီပစ္စည်းစာရင်းတွေအတွက် ပေးချေရမယ့် ပိုက်ဆံအတိအကျပါ ပါလာခဲ့တယ်။

ဒါနဲ့ ဆိုင်ရှင်လည်း ငွေယူပြီး စာရင်းထဲကအတိုင်း ပစ္စည်းတွေထည့်ပေးလိုက်တယ်။ ပြီးပြီဆိုတာနဲ့ ချက်ချင်းပဲ ထိုခွေးကလေးက အဆိုပါအိတ်ကြီးကို ချီသယ်ကာ ဆိုင်ထဲမှ ပြန်ထွက်သွားတော့တယ်။ ဒီလိုသိပ်လိမ္မာတဲ့ ခွေးကလေးရဲ့ သခင်ကို မြင်တွေ့ချင်စိတ်နဲ့ ဆိုင်ရှင်ကလည်း တိတ်တိတ်ကလေး အနောက်မှလိုက်သွားခဲ့ပါတယ်။

ဘတ်စ်ကားဂိတ်တစ်ခု အရောက်မှာတော့ ခွေးလေးက ဘတ်စ်ကားစောင့်တယ်။ ခဏအကြာ ဘတ်စ်ကားလည်းလာရော သူက ထိုဘတ်စ်ကားပေါ်ကို အမြီးလေးနန့်ပြီး တက်သွားပါတယ်။ ကားလက်မှတ်ရောင်းသူကောင်လေး သူ့အနားရောက်တာနဲ့ ခွေးလေးက သူ့လည်ပတ်ထဲမှလိပ်စာနဲ့ ကားခကိုမြင်သာအောင် အရှေ့ဘက် လှည့်ပြလိုက်တယ်။ လက်မှတ်ရောင်းသူက လိပ်စာကိုကြည့်၍ ပိုက်ဆံယူပြီးတာနဲ့ သူ့လည်ပတ်ထဲ လိပ်စာကို နေရာတကျ ပြန်ထည့်ထားပေးလိုက်တယ်။

ခွေးလေးဟာ သူဆင်းရမယ့် မှတ်တိုင်ရောက်တော့ ကားအရှေ့ပိုင်းသို့ ထွက်သွားပြီး ဆင်းရတော့မယ်ဆိုတာ

# ကောင်းကွက်တွေ ထောင်ချီပေမယ့်

သိသာစေရန် အမြီးလေးနန့်ပြနေလိုက်တယ်။ ဘတ်စ်ကားရပ်တာနဲ့ ခွေးလေးက ကားပေါ်မှ ဆင်းသွားခဲ့တယ်။ ဆိုင်ရှင်ကလည်း သူ့နောက်မှ ထက်ကြပ်မကွာ လိုက်လာနေဆဲပဲ။

အိမ်တံခါး တစ်ခုရှေ့ရောက်တော့ ခွေးလေးဟာ လမ်းလျှောက်နေရာမှ ရပ်လိုက်ပြီး အိမ်တံခါးကို သူ့ခြေထောက်လေးတွေနဲ့ တတောက်တောက် ခေါက်လိုက်တယ်။ ထိုအခါ သခင်ဖြစ်ဟန်တူသူက တံခါးလာဖွင့်ပေးပြီးတာနဲ့ ခွေးလိမ္မာကလေးကို တုတ်နဲ့ရိုက်တော့တာပဲ။

တအံ့တသြဖြစ်ရလောက်အောင် တော်တဲ့၊ သိတဲ့၊ လိမ္မာတဲ့ ခွေးကလေးအပေါ် မမျှော်လင့်တဲ့ ဆက်ဆံမှုမျိုးကို တွေ့လိုက်ရတယ်ဆိုရင်ပဲ ဆိုင်ရှင်လည်း မနေသာတော့တာနဲ့ ခွေးလေးရဲ့သခင်ဖြစ်သူကို မေးလိုက်တယ်။

"ခင်ဗျားဗျာ ဒီလောက်လိမ္မာတဲ့ခွေးကို ဘာလို့ရိုက်နေရတာလဲ"

အဲဒီမှာ ခွေးသခင်ရဲ့ အဖြေက

"သူလား လိမ္မာတာ အိမ်သော့တော့ မေ့ကျန်ခဲ့ပြီး ခုပဲ ကျွန်တော်အိပ်နေတာကို နှောင့်ယှက်လိုက်ပြီလေ" လို့ ဆိုပါတော့တယ်။

လူ့သဘာဝ တကယ့်လက်တွေ့တွေဟာလည်း ထိုနည်းလည်းကောင်းပါပဲ ကြုံလာရတတ်ပါတယ်။

ကျွန်မတို့ လုပ်ပေးနိုင်သလောက် အားလုံးလုပ်ပေးပြီးတာတောင် ကျွန်မတို့အပေါ် အခြားသူတွေရဲ့ လိုလားချက်တွေက အတောသတ်နိုင်တယ် မရှိတာမျိုးပါ။

လူ့သဘာဝဟာ စာရွက်တစ်ရွက်လုံးမည်မျှဖြူဖွေးနေပါစေ ထိုအပေါ်က မင်တစ်စက်ကိုပဲ မြင်သလိုပါပဲ။ ဘယ်လောက်ပဲ အကောင်းဆုံးဖြစ်နေပါစေ တစ်ခုတည်းသော ချို့ယွင်းချက်ကိုတောင် ပတ်ဝန်းကျင်က ထောက်ပြအပြစ်ပြောနေဦးမှာပါပဲ ။

အမြဲတမ်းအဆင့် ၃၀ အောက်ရနေတဲ့ ကျောင်းသားတစ်ယောက်က အဆင့် ၂၀ ရလာတဲ့အခါ တော်တယ်လို့ ချီးမွမ်းခံရပေမယ့် အမြဲအဆင့် ၁ ရနေတဲ့ ကျောင်းသားတစ်ယောက်က အဆင့် ၂ ဖြစ်သွားတဲ့အခါ ညံ့သွားပါလားလို့ အပြောခံရသလိုပါပဲ။

အရင့်အရင်အချိန်တွေက ကျွန်မတို့ ဘယ်လောက်ပဲ ကောင်းမွန်ခဲ့ပါစေ အနည်းငယ်လေးလွဲချော်သွားတာနဲ့ ပတ်ဝန်းကျင်က အဲဒီအမှားကိုပဲ လက်ညှိုးထိုးကြတော့တယ်။ အဲဒီအမှားဟာ ဘယ်လောက်ပဲ သေးငယ်နေပါစေပေ့ါ။

ဒီလိုသဘာဝတွေဟာ တဖြည်းဖြည်း အချိန်ကြာလာတဲ့အခါ အမှန်တရားတစ်ခုလို ဖြစ်လာခဲ့တယ်။

တကယ်တော့ ဒါဟာ အမှန်တရား မဟုတ်ပါဘူး။ ကျွန်မတို့ရဲ့ တော်ခြင်း၊ ညံ့ခြင်းနဲ့လည်း သက်ဆိုင်မှု မရှိပါဘူး။ ဒါဟာ လူတွေရဲ့ အတွင်းစိတ်ကိုသာ ထင်ဟပ်နေသောအရာ၊ သူတို့ရဲ့ အတောမသတ်နိုင်သော လောဘ သူတို့စိတ် သူတို့ပြုပြင်ရန် လိုအပ်နေသေးတဲ့ လောဘ တစ်ခုရယ်သာပါ။

ရလာတဲ့ ရလဒ်တွေ ဘာပဲဖြစ်နေနေ တကယ်ဆို ကျွန်မတို့ လုပ်ဆောင်သမျှ အရာရာတိုင်းအပေါ် စိတ်ပါလက်ပါနဲ့ စေတနာထား၊ အကောင်းဆုံး လုပ်ပေးပြီးရင်ပဲ ကျွန်မတို့ရဲ့ အင်အား၊ ကျွန်မတို့ရဲ့ စွမ်းဆောင်ရည်၊ ကျွန်မတို့ရဲ့ စိတ်ချမ်းသာပျော်ရွှင်မှုတွေဟာ လုံလောက်နေခဲ့ပါပြီ။ ဘယ်သူတွေက ဘာပဲပြောနေပါစေပေ့ါ။

ပြစ်တင်ဝေဖန်မှုများကို ကျော်လွှန်၍ စစ်မှန်စွာ ထွန်းတောက်နိုင်ကြပါစေရှင် ။

ဝတ္ထုတို

## မြဇင်ယော်

# ယတြာချေကြမယ်

"သမီး ခုံနံပါတ်က ဘယ်လောက်လဲ"

"၁၂၂၀၊ ဘာလို့မေးတာလဲ အမေ"

"သမီး စာမေးပွဲဖြေနိုင်အောင် ယတြာချေပေးမလို့လေ။ ငါ့သမီး ကြက်ဥပြုတ်၊ ဘဲဥပြုတ်၊ ငုံးဥပြုတ်တွေ မစားနဲ့နော်။ စာမေးပွဲက နီးနေပြီ၊ ကြားလားငါ့သမီး"

"ဟာ အမေကလည်း သက်သတ်လွတ်လည်း စားခိုင်းသေးတယ်။ ကြက်ဥလည်း မစားရဘူးဆိုတော့ ဘာနဲ့စားရမှာလဲ"

"ရှိတာနဲ့ ဖြစ်သလိုစားအေ၊ ဆယ်တန်းက အရေးကြီးတယ်၊ ညည်းအတွက်ပြောနေတာ၊ ရွာကကား မမီဘဲနေမယ်၊ ငါပြန်ပြီ"

ဇာတိရွာမှာ အလယ်တန်းကျောင်းသာရှိသည်။ အထက်တန်းကို တပ်ကုန်းမြို့အထက်တန်းကျောင်းမှာ တက်ရသည်။ ခိုင်နှင့် ဆွေမျိုးမကင်းသူများက ခိုင့်အိမ်မှာ နေကြသည်။ ယခု ဆယ်တန်းစာမေးပွဲနီးနေစဉ် ခိုင့်အိမ်မှာနေသော သမီးကို မိခင်ကလာတွေ့ရာ အချေအတင်ပြောနေကြခြင်းဖြစ်သည်။ သားအမိနှစ်ယောက် ပြောနေသော စကားများကို နားထောင်ရင်း၊ အင်တင်တင်နှင့်ကျန်နေခဲ့သော ကျောင်းသူကို ကြည့်၍ ပြုံးမိသည်။ ဩော် ကိုယ်ဆယ်တန်းတုန်းကလည်း သည်လိုပါပဲ။ ဗေဒင်တွေမေးပြီး ယတြာချေဖို့အထိ ကြိုးစားခဲ့ဖူးသည်လေ။

. . . . . . . . . . .

"သူဇာရေ၊ မနေ့က မေဇော်လေ ဗေဒင်သွားတွက်တာတဲ့ဟ"

"ဟေ ဘာပြောလိုက်တယ်တဲ့တုံး"

"ဘာသာစုံ ဂုဏ်ထူးထွက်နိုင်တယ်တဲ့ဟ၊ ကံက အကောင်းကို လွန်နေတယ်တဲ့ဟ၊ ကြွားလိုက်တာဟာ အခုထွက်နေတဲ့ အတိုင်းပဲ"

"ငါတို့လည်း သွားရအောင်ဟာ၊ ဘာတွေများဟောမလဲမသိဘူးနော်"

"အေး ငါ သိပ်တော့ဝါသနာ မပါဘူးဟ။ ဒါပေမယ့် ဘာတွေဟောမလဲ သိချင်တယ်။ ကျူရှင်ဆင်းရင် သွားကြစို့"

ဗေဒင်ဆရာဆီ ရောက်ကြသောအခါ သူဇာ့ကို အရင်တွက်လေသည်။ သူဇာက သုံးဘာသာကောင်း၊ သုံးဘာသာညံ့ဟု ထွက်လေသည်။ ခိုင့်အလှည့်သို့ ရောက်သောအခါ

"သမီးက သင်္ချာနဲ့ ရူပ ကောင်းတယ်၊ ဂုဏ်ထူးထွက်နိုင်တယ်။ မြန်မာနဲ့ဇီဝက သင့်တယ်၊ အောင်နိုင်တယ်။ အင်္ဂလိပ်နဲ့ဓာတုက ညံ့တယ်သမီးရေ၊ ခြေချော်လက်ချော် ဖြစ်သွားနိုင်တယ်။ ဂရုစိုက်ပါ သမီးရေ၊ ဘာဘာယတြာလေးတွေ ရေးပေးလိုက်မယ်"

သူဇာက

"ငါ ယတြာချေရမှာ ရှက်တယ်ဟ"

"မေဇော်တောင် ချေသေးတာဟာ"

"ဟင် နင်ပြောတော့ သူက ကံအကောင်းတောင် လွန်နေတာဆို။ ဘာလို့ချေရတာလဲ"

"အေး ငါလည်း မေးကြည့်တော့ သူက ကောင်းသည်ထက် ကောင်းအောင်လို့တဲ့ဟ"

သူဇာနှင့်လမ်းခွဲပြီး ငှားနေသောအိမ်ကို ချက်ချင်းမပြန်ဘဲ ဈေးထဲအရင်ဝင်၍ ယတြာချေရန် လိုအပ်သော ပန်းများကို ဝယ်ခဲ့သည်။ ဗေဒင်ဆရာက "သမီးက ကြာသပတေးသမီးဆိုတော့ မိုယ်းကောင်းဘုရားကို သွားလှူပါ"ဟု သေချာမှာလိုက်လေသည်။ ပန်းတွေကို ရေဆေးပြီးမှ ဘုရားကိုလှူရမည်။ အိမ်ကို အရင်ဝင်ပြီး ပန်းတွေကိုရေဆေးလိုက်မည်။ ပြီးမှ ဘုရားကို သွားလှူလိုက်မည်ဟူသော အတွေးနှင့် အိမ်ပြန်လာခဲ့သည်။

အိမ်ရှေ့မှာ မျှော်လင့်မထားသော အဖေ့ကို တွေ့ရလေသည်။ ရွာက ကားထွက်သည်ထင်သည်။

"ဘာလုပ်ရင်းတုံးအဖေ"

"ရွာက ကားကြုံလို့ကွာ၊ ဈေးဝယ်ရင်း ငါ့သမီးဆီလည်း မရောက်တာကြာလို့၊ ပန်းတွေက ဘာလုပ်ဖို့တုန်းသမီး"

"ယတြာချေမလို့"

"ဘာအတွက်တုံးငါ့သမီးရဲ့"

ဗေဒင်ဆရာပြောသော စကားများကို အဖေ့ကို ပြန်ပြောပြလိုက်သည်။ ထိုအခါ အဖေက ဟက်ဟက်ပက်ပက်ပင် ရယ်မောသည်။

"ငါ့သမီး တစ်နှစ်လုံး စာမကျက်ဘူးလား"

"ဟာ ကျက်ပါတယ်အဖေရဲ"

"ကျောင်းရော မှန်မှန်မတက်ဘူးလား"

"တက်တာပေ့ါ အဖေရဲ"

"အဲဒါဆို ငါ့သမီးက ကိုယ့်ကိုယ်ကိုယ် မယုံကြည်ဘူးလား။ တောင်းယူလို့ ရတယ်ထင်သလား။ လူတွေက ကံကောင်းအောင်လို့ ယတြာချေတယ်လို့ ပြောကြတယ်။ ကံဆိုတာ အလုပ်ပဲ သမီး၊ ကျောင်းဖွင့်ပါပြီဆိုကတည်းက သမီးလုပ်ခဲ့တဲ့ အလုပ်တွေက သမီးရဲ့ ကံတွေပဲ။ ကောင်းတာတွေလုပ်ခဲ့ရင် သမီးကံကောင်းမယ် မကောင်းတာတွေလုပ်ခဲ့ရင် သမီးကံနိမ့်ကျမယ်။"

"သမီး စဉ်းစားလေ၊ အခု သမီးက ဘုရားကို ပန်းလှူမယ်။ ကုသိုလ်ရတယ်။ ဒါပေမယ့် သမီးက စာမေးပွဲအောင်ချင်လို့လှူတယ်။ အဲဒါ လောဘစိတ်၊ အကုသိုလ်ဖြစ်တယ်။ ငရဲတစ်ပဲ ကုသိုလ်တစ်ခွဲဆိုတဲ့ စကားကို သမီးကြားဖူးလား"

"ဟုတ်ကဲ့ ကြားဖူးပါတယ်"

"သမီးလည်း အဲဒီလို ဖြစ်တော့မယ်။ သမီးလှူချင်ရင် သွားလှူပါ၊ အဖေလိုက်ပို့မယ်။ ဒါပေမယ့် လောဘစိတ်တော့ မဖြစ်ပါစေနဲ့ သမီးရယ်။ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်တွေကိုသာ ရည်မှန်းပြီး လှူပါ"

ခိုင့်အဖေက စာကိုအလွန်ဖတ်သည်။ သားသမီးတွေကိုလည်း "သူများယောင်လို့ယောင် အမောင်တောင်မှန်းမြောက်မှန်းမသိ" ဖြစ်မှာ အလွန်ကြောက်ပုံရလေသည်။ ကိစ္စရပ်တိုင်းမှာ အကြောင်းအကျိုးကို သွန်သင်လေသည်။

"တော်ပြီ။ သမီးကလေ ဘုရားကို လှူတာလို့ကို မမြင်ဘူး၊ ယတြာချေတယ်လို့ပဲ တွေးတာအဖေ။ အခု အဖေ ပြောသလိုပဲ အများအမြင်မှာ အလုပ်တော့မလုပ်ဘဲနဲ့ ယတြာချေပြီး ဘုရားဆီမှာ တောင်းယူချင်နေတယ်လို့ အထင်ခံရမှာ ရှက်တယ်"

ဝယ်လာသောပန်းများကို လွှင့်ပစ်လိုက်လေသည်။ ခါတိုင်းဆို ရွာကို ချက်ချင်းပြန်သွားတတ်သော အဖေက မပြန်သေးဘဲ ခိုင့်ကို စောင့်ကြည့်နေသည်။ အားလျှင် ဘုရားရှိခိုးခြင်း၊ ဘုရားဂုဏ်တော်ပွားခြင်း၊ မေတ္တာပွားခြင်းတို့ကို သေချာကျနစွာ သင်ပေးလေသည်။ သူငယ်ချင်း သူဇာ့ကိုလည်း အဖေသင်ပေးသမျှ မျှဝေပေးရသည်။

အောင်စာရင်းများ ထွက်သောအခါ မေဇော်က ရိုးရိုးသာအောင်၍ အမှတ် ၃၀၀ ပင် မပြည့်ချေ။ သူဇာက လေးဘာသာဂုဏ်ထူးထွက်၍ ပညာရေးတက္ကသိုလ် တက်ရသည်။ ခိုင်က ငါးဘာသာဂုဏ်ထူးထွက်ပြီး သူနာပြုတက္ကသိုလ် တက်ရပါသည်။

ကျွန်မတို့ ကံကောင်းခဲ့ကြပါသည်။

တစ်နှစ်စာလုံး ကြိုးစားခဲ့သမျှ အကျိုးပေးခဲ့ပါပြီ။

. . . . . . . . . . .

ကျောင်းသူလေး ကြည်ကြည့်အား ခိုင့်အကြောင်း ပြောပြသောအခါ

"သမီး အမေကိုလည်း အဲဒီအကြောင်းလေး ပြောပြပေးပါဦး မမ"

"သေချာပေါက် ပြောပြရမှာပေ့ါ ညီမလေးရယ်"

ခိုင်တစ်ယောက် ကြည်ကြည့်အမေ လာမည့် ရက်ကိုသာ စောင့်မျှော်နေမိပါတော့သတည်း။ ။

## လက်ပံပွင့်ချိန်

မြူနှင်းဖွေးဖွေး ဆောင်းလေသွေးချိန်
လက်ပံပင်ဝယ် ပွင့်နီငယ်တို့
ဝေဆာဖူးပွင့် လှချင်းဆင့်၍
တောရွာတစ်ခွင် ရဲရဲဆင် . . .
ဆက်ရက်အော်သံ လေတိုးသံနှင့်
ဆူညံပွက်ရိုက် ထင်တိုင်းကိုက်၍
ခုန်ပေါက်ပြေးလွှား ထိုငှက်များသည်
မြူးထူးပျော်ပါး ပင်ထိပ်ဖျား၌
နီစွေးရဲလွှင့် လက်ပံပွင့်ကို
သဘောအတွေ့မနောခွေ့ . . .
မြေပြင်၌ဝယ် ပွင့်ငယ်ငယ်နှင့်
ပွင့်ကြီးပွင့်လတ် ညှိုးရော်ဖတ်တို့
စီရီပြန့်ကြဲ နီနီရဲပြီး
ကော်ဇောသဖွယ် ခင်းသည့်နှယ် . . .
အရုဏ်မိုးသောက် အုန်းမောင်းခေါက်ချိန်
လုံမပျိုဖြူ ကျေးတောသူတို့
သူ့ထက်ငါဦး ပင်ခြေဦးသို့
ရေးကြီးသုတ်ပျာ လှမ်းခြေစွာနှင့်
ကြွေကျပွင့်နီ ကောက်ကြပြီ . . .
တောရွာတောဓလေ့
ပျော်မွေ့ဖွယ်ရာ လွမ်းမောစွာနှင့်
နီစွေးလက်ပံ မြင်ရပြန်သော်
ငယ်ကအတိတ် လွမ်းရိပ်ရိပ်နဲ့
ရှာထိပ်ဦးဝင် လက်ပံပင်ကို
ပြန်လည်တမ်းတ လွမ်းဆွတ်ရ . . . ။

တိမ်ညိုမြင်း

## အညာနွေပုံရိပ်

ရွက်ဟောင်းကကြွေ
ရွက်နုဝေ
တောင်လေသုတ်ဖြူး မြူးသလေ့။
မြို့ဆီသွားလမ်း
ထနောင်းတန်း
စိမ်းလန်းဝေဖြာ သာသလေ့။
ဥသြငှက်ပျို
တေးသီဆို
ဘယ်ကိုမျှော်မှန်းလွမ်းသလေ့။
လက်ပံ၊ ပေါက်၊ လဲ
ပင်လုံးရဲ
ပွင့်မြဲခါနွေ ဝေသလေ့။
ထန်းတက်သမား
လူညိုထွား
လုပ်အားဇွဲမာန်သန်သလေ့။
မြတ်ဗုဒ္ဓပွဲ
ပူဇော်နွှဲ
ငြိမ့်သဲပွဲတော် ပျော်သလေ့။
သာသနာ့မူ
သားရှင်ပြု
တောင်းဆုနိဗ္ဗာန်ပန်သလေ့။ ။

ဖြူနှင်းဝေ(ဘူမိဗေဒ)

ကြေးမုံ
အထူးကဏ္ဍ
၁၂-၃-၂၀၁၇ (တနင်္ဂနွေနေ့)

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ တစ်နှစ်တာ

# ပြည်သူ့လွှတ်တော်၏ နိုင်ငံ့အကျိုးစီးပွားနှင့် ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများ

မျိုးမြင့်(သတင်းစဉ်)




အစိုးရသစ်လက်ထက် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်ကကျင်းပသော ပထမဆုံးအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုကြစဉ်။

နေပြည်တော်၏ အကျယ်ဆုံးလမ်းဖြစ်သည့် ရာဇဌာနီလမ်းမကြီးတစ်လျှောက် ဗိုလ်ရှုသဘင်၊ နိုင်ငံတော်သမ္မတအိမ်တော်တို့ကိုဖြတ်ကျော်လာလျှင် ခံ့ခံ့ညားညားတွေ့မြင်ရမည်မှာ ပြည်သူ့အသံကို ထင်ဟပ်စေသည့် လွှတ်တော်အဆောက်အအုံများပင်ဖြစ်သည်။

**ခံ့ညားထည်ဝါ**

အဆောက်အအုံများ၏ ခံ့ညားထည်ဝါမှုနှင့်အတူ ထိုအဆောက်အအုံများထဲတွင် ပြည်သူ့အသံ-လွှတ်တော်အသံဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပြည်သူကိုကိုယ်စားပြုသည့်ပုဂ္ဂိုလ်တို့၏ ပြည်သူ့လိုအပ်ချက်အတွက် ဆွေးနွေးမေးမြန်းသည့် မေးခွန်းများ၊ အဆိုများ၊ ဥပဒေကြမ်းဆွေးနွေးသံများက ထိုအဆောက်အအုံများထဲတွင် ပဲ့တင်ထပ်နေသလို လွှတ်တော်ဒုတိယသက်တမ်း၏ခရီးမှာလည်း တစ်နှစ်တာတိုင်ခဲ့ပြီဖြစ်သည်။

လွှတ်တော် ဒုတိယသက်တမ်း၏ ပြည်သူ့အတွက် တစ်နှစ်တာအတွင်း ဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်ကြည့်လျှင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်တွင် နိုင်ငံရေးပါတီ ၁၁ ခုမှ ကိုယ်စားလှယ် စုစုပေါင်း ၃၂၃ ဦးနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၁၁၀ စုစုပေါင်း ၄၃၃ ဦးတို့နှင့် ဖွဲ့စည်းခဲ့ပြီး ဒုတိယအကြိမ် ပထမပုံမှန်အစည်းအဝေးစတင်ကျင်းပသည့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် သဘာပတိအဖြစ် ချောင်းဆုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်ဌေးကြွယ်အား ရွေးချယ်တင်မြှောက်ပြီး တာမွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကွတ်ခိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတီခွန်မြတ်အား ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ရွေးကောက်တင်မြှောက်ခဲ့ကြသည်။

ထို့ပြင် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်း

အထူးကဏ္ဍ (ခ) သို့ »»

ပြည်သူ့အသံကိုထင်ဟပ်စေသော
လွှတ်တော်အဆောက်အအုံများအား ခံ့ညားထည်ဝါစွာတွေ့ရစဉ်။



အထူးကဏ္ဍ (က) မှ »»

အဝေးကျင်းပပြီး ၂၀၁၆ ခုနှစ် မတ် ၁၁ ရက်တွင် ဒုတိယသမ္မတအဖြစ် ဦးထင်ကျော် (ယခုနိုင်ငံတော်သမ္မတကြီး) ကို ရွေးချယ်တင်မြှောက်နိုင်ခဲ့သည်။


ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၁၁၅ (က) အရ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်နှင့် ဖေဖော်ဝါရီ ၈ ရက်တို့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးစီဖြင့် ဖွဲ့စည်းခဲ့သည်။

**ကော်မတီများ**

အလားတူ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၁၁၅ (ဂ)အရ ပြည်သူ့လွှတ်တော်တွင် နိုင်ငံတကာဆက်ဆံရေးကော်မတီ၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၊ တိုင်းရင်းသားရေးရာနှင့်ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပညာရေးမြှင့်တင်မှုကော်မတီ၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၊ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီတို့ကို လွှတ်တော်လုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်စေရန် ဖွဲ့စည်းခဲ့သည်။

နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း ပြန်လှန်ထိန်းကျောင်းခြင်းတို့ကို ပြုသည်ဟု ပြဋ္ဌာန်းချက်အတိုင်း ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများကို စောင့်ကြည့်ထိန်းညှိခြင်းများလည်း ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်သူတို့ထံမှ ရောက်ရှိလာသော တိုင်ကြားစာများ၊ တင်ပြစာများကိုလည်း ကော်မတီအလိုက် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပြီး ပြည်သူ့ဆန္ဒကိုဖော်ဆောင်ပေးလျက်ရှိသည်။

ယခု ဒုတိယအကြိမ် လွှတ်တော်သက်တမ်းတွင် ပြင်ဆင်ခဲ့သည့် ဥပဒေ(၉)ခု၊ အသစ်ပြဋ္ဌာန်းသည့် ဥပဒေ(၂)ခု (နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေနှင့် သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ)၊ ရုပ်သိမ်းသည့်ဥပဒေ (၆)ခု၊ တည်ဆဲဥပဒေများအားရုပ်သိမ်း၍ အသစ်ပြဋ္ဌာန်းခဲ့သည့် ဥပဒေ(၂)ခု (ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ)၊ စီမံကိန်း၊ ဘတ်ဂျက်၊ အခွန်အကောက်



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ၂၀၁၆ ခုနှစ် ဩဂုတ်လက မြန်မာနိုင်ငံသို့ လာရောက်ခဲ့သော ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့် တွေ့ဆုံခဲ့စဉ်။

ဆိုင်ရာဥပဒေ (၁)ခု စုစုပေါင်း ဥပဒေ ၂၀ ကို ပြဋ္ဌာန်းပေးနိုင်ခဲ့ပြီးဖြစ်သည်။

ပြည်သူ့လွှတ်တော်မှ စတင်ဆွေးနွေးခဲ့သော ဥပဒေ (၈) ခု၊ အမျိုးသားလွှတ်တော်မှ စတင်ဆွေးနွေးခဲ့သောဥပဒေ (၉) ခု၊ ပြည်ထောင်စုလွှတ်တော်၌ပင် ဆောင်ရွက်ရသည့် ဥပဒေ (၃)ခုကို ယခုကျင်းပလျက်ရှိသော လွှတ်တော်အစည်းအဝေးများတွင် ဆောင်ရွက်နိုင်ခဲ့သည်။

**နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း ပြန်လှန်ထိန်းကျောင်းခြင်းတို့ကိုပြုသည်ဟု ပြဋ္ဌာန်းချက်အတိုင်း ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများကို စောင့်ကြည့် ထိန်းညှိခြင်းများလည်း ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်သူတို့ထံမှ ရောက်ရှိလာသော တိုင်ကြားစာများ၊ တင်ပြစာများကိုလည်း ကော်မတီအလိုက် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပြီး ပြည်သူ့ဆန္ဒကို ဖော်ဆောင်ပေးလျက်ရှိ**

**အရေးကြီးအဆို**

နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးနှင့် စပ်လျဉ်းသောကိစ္စများကို အဆိုအဖြစ် တင်သွင်းခဲ့သော၊ ဥပမာ ဒေါ်ခင်စန်းလှိုင် ပုလဲမဲဆန္ဒနယ်မှ တင်သွင်းသော "နိုင်ငံတော်အစိုးရက ရွေးကောက်ပွဲပြီးနောက်ပိုင်း ဆောင်ရွက်နေသော နိုင်ငံပိုင်မြေ၊ နိုင်ငံပိုင်စက်ရုံများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အလျင်စလို ငှားရမ်းရောင်းချလွှဲပြောင်းမှု၊ ပုဂ္ဂလိကပိုင်ပြုလုပ်မှု၊ စီမံကိန်းများကို နေရာတကျမစီမံဘဲ အဆောတလျင်ခွင့်ပြုနေမှု၊ ကျူးကျော်များကို အမြှောက်ဖယ်ရှားမှု၊ နိုင်ငံပိုင်သယံဇာတများကို လိုအပ်သော ဆောင်ရွက်မှုနှင့် သဘောတူညီနိုင်းမှုများမပြုလုပ်ဘဲ အစိုးရတာဝန်မလွှဲပြောင်းမီ အလျင်အမြန် စီမံခန့်ခွဲနေမှု စသည်တို့ကို နိုင်ငံတော်နှင့် နိုင်ငံသားတို့အကျိုးအတွက် အသေးစိတ် စိစစ်ဟန့်တား၍ ထိန်းကျောင်းတည့်မတ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း" အရေးကြီးအဆိုကဲ့သို့သော အဆို (၁၂) ခုကို

အထူးကဏ္ဍ (ဂ) သို့ »»



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ၂၀၁၆ ခုနှစ် အောက်တိုဘာလက မြန်မာနိုင်ငံသို့လာရောက်ခဲ့သော IPU အထွေထွေအတွင်းရေးမှူးချုပ်နှင့် တွေ့ဆုံခဲ့စဉ်။




ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ပြည်တွင်းသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် သတင်းစာ၊ ဂျာနယ်များမှ အယ်ဒီတာများနှင့် သတင်းထောက်များအား ၂၀၁၆ ခုနှစ် ဒီဇင်ဘာလက နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌တွေ့ဆုံ၍ သတင်းမီဒီယာများ၏မေးမြန်းချက်များကို ရှင်းလင်းဖြေကြားစဉ်။

**အထူးကဏ္ဍ (ခ) မှ »»**

ဆွေးနွေးအတည်ပြုနိုင်ခဲ့သည်။ အတည်မပြုနိုင်သော်လည်း မှတ်တမ်းတင်အဆို (၂၁) ခုကို ပြည်သူ့အကျိုးအတွက် ဆွေးနွေးနိုင်ခဲ့သည်။

ထို့အတူ ပြည်ထောင်စုအစိုးရအဖွဲ့က ဆောင်ရွက်ရသော အများပြည်သူကိစ္စများ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့ကတာဝန်ခံထားသော အုပ်ချုပ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်စေသည့်ကိစ္စရပ်များအား မေးမြန်းခဲ့သော မေးခွန်းများမှ ကြယ်ပွင့်ပြမေးခွန်း နှုတ်ဖြေ ၄၆၇ ခု၊ ကြယ်ပွင့်ပြမေးခွန်း စာဖြေ ၉၅ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၁၁၉၇ ခု စုစုပေါင်းမေးခွန်း ၁၇၅၉ ခုကို မေးမြန်းနိုင်ခဲ့သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအနေဖြင့်လည်း လွှတ်တော်များ အားကောင်းမောင်းသန်ဖြစ်လာစေရေးရည်သန်၍ ကိုရီးယားနိုင်ငံ၊ ဗြိတိန်နိုင်ငံတို့သို့သွားရောက်ပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံလွှတ်တော်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့ကြောင်း သိရသည်။

**အလုပ်ရုံဆွေးနွေးပွဲများ**

လွှတ်တော်ကော်မတီ ၁၉ ခုအနေဖြင့်လည်း

**အထူးကဏ္ဍ (ဃ) သို့ »»**



လွှတ်တော်ကိုယ်စားလှယ်များဖြင့် သက်ဝင်လှုပ်ရှားနေသော ပြည်သူ့လွှတ်တော်အတွင်း တစ်နေရာ။

အထူးကဏ္ဍ (ဂ) မှ »»

အလုပ်ရုံဆွေးနွေးပွဲများ၊ Seminar များနှင့်ပတ်သက်ပြီး လွှတ်တော်တွင်း ဆွေးနွေးဆောင်ရွက်မှုများအနေဖြင့် တွေ့ဆုံမှုပေါင်း ၂၄၂ ကြိမ် ဆောင်ရွက်နိုင်ခဲ့သကဲ့သို့ လွှတ်တော်ပြင်ပတွေ့ဆုံမှုပေါင်း ၄၂၀ နှင့် လေ့လာရေးခရီးအပါအဝင် ပြည်ပသို့သွားရောက်တွေ့ဆုံမှု ၅၉ ကြိမ် ရှိခဲ့ကြောင်း သိရသည်။

(၃၇) ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံ (Asean Inter- Parliamentary Assembly- AIPA) အစည်းအဝေးကို မြန်မာနိုင်ငံက ပထမဦးဆုံးအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၂ ရက်ထိ အောင်မြင်စွာလက်ခံကျင်းပနိုင်ခဲ့ပြီး ယင်းညီလာခံတွင် အာဆီယံပါလီမန်များညီလာခံ၏ မျက်နှာစုံညီအစည်းအဝေး၊ နိုင်ငံရေးရာကော်မတီ၊ စီးပွားရေးရာကော်မတီ၊ လူမှုရေးရာကော်မတီ၊ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအစည်းအဝေး (WAIPA)၊ အာဆီယံပါလီမန်များ ညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီနှင့် ဆက်စပ်သည့်အစည်းအဝေးများကို ကျင်းပနိုင်ခဲ့သည်။

**အရည်အသွေးတိုးမြှင့်ရေး**

အရည်အသွေးတိုးမြှင့်ရေးအတွက်လည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ရုံးဝန်ထမ်းများ၏ အရည်အသွေး တိုးတက်မြင့်မားစေရန် ရည်ရွယ်၍ ပြည်တွင်းပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် ပြည်ပလေ့လာရေးခရီးစဉ်များကို စဉ်ဆက်မပြတ်စေလွှတ်ဆောင်ရွက်လျက်ရှိသည်။

လွှတ်တော်၏ အဓိကတာဝန်ဖြစ်သော ဥပဒေပြုရေးအာဏာကို ကျင့်သုံးဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားဖြစ်ထွန်းစေရန် ရည်ရွယ်သည့် ဥပဒေများကိုပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ရုပ်သိမ်းခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ဒီမိုကရေစီကျင့်သုံးသည့်နိုင်ငံများတွင် လွှတ်တော်သည် မရှိမဖြစ်အခန်းကဏ္ဍတစ်ရပ်ဖြစ်ပြီး လွှတ်တော်ကို လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲများမှတစ်ဆင့် ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်း၍ ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့အပါအဝင် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်

**ဆတက်ထမ်းပိုး**

ပြည်သူ့အသံများ စဉ်ဆက်မပြတ်ကြားနိုင်အောင် ဆောင်ရွက်နိုင်မှသာ ဒီမိုကရေစီရှင်သန်ခိုင်မာလာမည်ဖြစ်ရာ ပြည်သူကိုယ်စားပြုသည့် လွှတ်တော်၏ဆောင်ပုဒ်ဖြစ်သော **"ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့၏မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်"** ဟူသောဆောင်ပုဒ်ကို အကောင်အထည်ဖော်နေကြသည့် မဲဆန္ဒရှင်ပြည်သူများက ရွေးချယ်ပေးခဲ့သည့် ပြည်သူ့ကိုယ်စားလှယ်များအနေဖြင့် နောင်နှစ်များတွင်လည်း ပြည်သူ့အကျိုးဆောင်ရွက်ချက်များ ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်းနှင့် နိုင်ငံအတွက် အလိုအပ်ဆုံးသော ငြိမ်းချမ်းရေးကို လွှတ်တော်အနေဖြင့်လည်း ကျရာအခန်းကဏ္ဍမှဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**"ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့၏မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်" ဟူသော ဆောင်ပုဒ်နှင့်အညီ မဲဆန္ဒရှင်ပြည်သူများက ရွေးချယ်ပေးခဲ့သည့် ပြည်သူ့ကိုယ်စားလှယ်များ အနေဖြင့် ပြည်သူ့အကျိုး ဆောင်ရွက်ချက်များ နောင်နှစ်များတွင်လည်း ဆတက်ထမ်းပိုးဆောင်ရွက်**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ပုဂံဘုရားများပြုပြင်ရန် လွှတ်တော်ကိုယ်စားလှယ်များ၏ လှူဒါန်းငွေများကို ၂၀၁၆ ခုနှစ် စက်တင်ဘာလက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။

# ဘက်စုံ ကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်လာသည့် ကချင်ပြည်နယ်

**နန္ဒာဝင်း၊ ခြူးခြူး**

"ဆွမ်ပရာဘွမ်-သွေးချင်းတို့ပျော်ရာမြေ၊ မြေပြန့်က ညီအစ်ကိုများ၊ တို့ဆီကို တစ်ခေါက်၊ အရောက်လာရင်လေ၊ ခေါင်ရေသောက်မိတ်ဆုံစား၊ ပျော်စရာကွဲ့ တို့အများ၊ မနောအကနဲ့ ဧည့်ဝတ်အတော်ကျေ၊ ဧရာဝတီမြစ်ဖျားအစ မေခ၊ မလိခ ပေါင်းစုံရာဒေသ၊ သုံးမြောင့်ပုံသဏ္ဌာန်၊ တြိဂံနယ်မြေ၊ မြောက်ပိုင်းရဲ့ ကုန်းမြင့်မှာတည်ရှိနေ၊ စိမ်းလန်းတဲ့ မြက်ခင်းများနဲ့ စိုစိုပြည်"စသည့် မနောမြေမှ တေးသံသာ သီချင်းလေးထဲကအတိုင်း မှိုင်းညို့ညို့တောင်တန်းများနှင့် သာယာလှပသည့် ကချင်ပြည်နယ်ကို အလည် တစ်ခေါက်တော့ ရောက်ဖူးချင်ကြလိမ့်မည်။

ထိုသီချင်းထဲကအတိုင်း မေခ၊ မလိခတို့ ပေါင်းဆုံရာ ကချင်ပြည်နယ်သည် မြန်မာနိုင်ငံမြောက်ပိုင်းတွင် တည်ရှိပြီး အကျယ်အဝန်းမှာ စတုရန်းမိုင် ၃၄၃၇၉ ဒသမ ၂၂ ရှိသည်။

အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး တောင်ကုန်းတောင်တန်းပေါ်များရာဒေသလည်း ဖြစ်သည်။ နာမည်ကျော် ခါကာဘိုရာဇီတောင် တည်ရှိရာ၊ ထူးဆန်းအံ့ဩမှုများနှင့် ပြည့်နှက်နေရာ ဟူးကောင်းလွင်ပြင်လည်းရှိသည်။ မြစ်ချောင်းများ ပေါကြွယ်ဝပြီး အဖိုးတန်သစ်မျိုးစုံသယံဇာတများထွက်ရှိရာ၊ ရှားပါးတိရစ္ဆာန်များ ကျက်စားရာဒေသလည်း ဖြစ်သည်။

ထိုကဲ့သို့ အဖိုးမဖြတ်နိုင်သည့် သဘာဝအလှတရားများ၊ သဘာဝအရင်းအမြစ်များ ပိုင်ဆိုင်ထားသော ကချင်ပြည်နယ်တွင် ခရိုင် လေးခရိုင်ရှိပြီး မြို့နယ်ပေါင်း ၁၈ ခု၊ မြို့ ၃၀၊ ရပ်ကွက်ပေါင်း ၁၆၀ နှင့် ကျေးရွာပေါင်း ၂၅၄၇ ရွာတို့ဖြင့် ဖွဲ့စည်းထားသည်။

သဘာဝတရားကြီးကပေးအပ်ထားသည့် အလှတရားများနှင့် ပြည့်နှက်နေသော်လည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်တွင် ကချင်ပြည်နယ်အစိုးရအဖွဲ့သစ် တာဝန်ယူခဲ့သည့် တစ်နှစ်တာကာလအတွင်း ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး အတွက် တိုးမြှင့်လုပ်ဆောင်လျက်ရှိသော တိုးတက်မှုပုံရိပ်များကိုလည်း တွေ့မြင်ရသည်။

**လူဦးရေ ၁၃ သိန်းကျော်**

ကချင်ပြည်နယ်တွင် လူဦးရေ ၁၃ သိန်းကျော်ရှိပြီး ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း၊ နာဂ စသည့် တိုင်းရင်းသားလူမျိုးများနေထိုင်ကြသည်။ ကချင်ပြည်နယ်တွင် ဌာနဆိုင်ရာအဖွဲ့အစည်းပေါင်း ၈၁ ခုရှိပြီး ပြည်သူ့ဝန်ထမ်း ငါးသောင်းကျော် တာဝန်ထမ်းဆောင်လျက်ရှိသည်။



ကချင်ပြည်နယ်လွှတ်တော်တွင် ဝန်ကြီးချုပ် ကတိကဝတ်ပြုကျမ်းသစ္စာဆိုနေစဉ်။

ကချင်ပြည်နယ်အတွင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ရှစ်သိန်း ခုနစ်သောင်းရှိသည်။ နိုင်ငံရေးပါတီ ၂၀ ရှိပြီး ရွေးချယ်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၂ ဦး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၁၈ ဦး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၃၆ ဦးရှိသည်။

**မှုခင်းကြိုတင်ကာကွယ်ရေး**

ကချင်ပြည်နယ်တွင်၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း တရားစီရင်ရေးကဏ္ဍတွင် အမှုကြီး ၁၀ မျိုးဖြစ်ပွားမှု ၂၀၊ ဖွဲ့ဆိုမှု နှစ်မှု၊ လက်ကျန် ၁၈ မှု၊ အခြားအမှု ခုနစ်မျိုး၊ ဖြစ်ပွားမှု ၁၄၈ မှု၊ ဖွဲ့ဆိုမှု ၁၉ မှု၊ ပိတ်သိမ်းမှု တစ်မှု၊ အမှုလက်ကျန် ၁၂၈ မှု၊ ကြိုတင်ကာကွယ်မှု ၁၀ မျိုး ဖြစ်ပွားမှု ၂၃၂ မှု၊ ဖွဲ့ဆိုမှု ၁၀၅ မှု၊ အမှုလက်ကျန် ၁၂၇ မှုရှိသည်။

ပြည်နယ်လုံခြုံရေးကို တပ်မတော်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့များက ကာကွယ်ရေး၊ လုံခြုံရေးကို ဆောင်ရွက်ပေးလျက်ရှိပြီး ပြည်သူ့စစ်တို့ကလည်း ကူညီကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။

အထူးကဏ္ဍ (စ) သို့ »»

သဘာဝတရားကြီးက ပေးအပ်ထားသည့် အလှတရားများနှင့် ပြည့်နှက်နေသော်လည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်သည် ကချင်ပြည်နယ်အစိုးရအဖွဲ့သစ် တာဝန်ယူခဲ့သည့် တစ်နှစ်တာကာလအတွင်း ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး အတွက် တိုးမြှင့်လုပ်ဆောင်လျက်ရှိသော တိုးတက်မှုပုံရိပ်များကိုလည်း တွေ့မြင်ရ





ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ်ဆေး ထည့်သွင်းထိုးနှံခြင်း အခမ်းအနား၌ ဝန်ကြီးချုပ် သွားရောက်ကြည့်ရှုအားပေးစဉ်။

**စပါးစိုက်ဧက လေးသိန်းလေးသောင်းကျော်**

ကချင်ပြည်နယ်သည် အဓိကသီးနှံ ၁၀ မျိုးကို စိုက်ပျိုးလေ့ရှိသည်။ စပါးစိုက်ဧက စုစုပေါင်း လေးသိန်းလေးသောင်းကျော်ရှိပြီး တစ်ဧကအထွက်နှုန်း ၆၈ ဒသမ ၇၂ တင်း ထွက်ရှိနေရာ စုစုပေါင်း ၂၅၁၀၄၈၀၆ တင်းထွက်ရှိပြီး ဖူလုံမှုရာခိုင်နှုန်းမှာ ၁၂၂ ဒသမ ၄၃ ရာခိုင်နှုန်းဖြစ်သည်။ တစ်ပြည်နယ်လုံးအနေဖြင့် ဆန်ဖူလုံမှုရှိသည်။ စားသုံးဆီလိုအပ်မှုမှာ ၁၆၀၉၆ မက်ထရစ်တန်လိုအပ်ပြီး ထုတ်လုပ်မှုမှာ ၁၇၆၂၂ ဒသမ ၆၅ မက်ထရစ်တန်ဖြစ်သဖြင့် ဆီဖူလုံမှုမှာလည်း ၁၀၉ ရာခိုင်နှုန်းရှိသည်။

ကျွဲ၊ နွား၊ ဝက်၊ သိုး၊ ဆိတ်၊ ကြက်၊ဘဲများကို မွေးမြူထားရှိပြီး အသား၊ ငါး ၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ ထုတ်လုပ်လျက်ရှိရာ ဒေသတွင်းစားသုံးရန် ဖူလုံမှုရှိသည်။

ကချင်ပြည်နယ်အတွင်း ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံများ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများရှိပြီး ဒေသအတွင်း ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး ဖန်တီးဆောင်ရွက်ပေးလျက်ရှိသည်။

**တွင်းထွက်ပစ္စည်းထုတ်လုပ်မှု**

ကချင်ပြည်နယ်အတွင်း တွင်းထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းအနေဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းတွင် ခဲမဖြူ ၉ ဒသမ ၀၇၉ တန်ထုတ်လုပ်ခဲ့သည်။ ကျောက်မျက်ထုတ်လုပ်မှုအနေဖြင့် ရွှေ ၇၃၀ ဒသမ ၈၀ ပိဿာ၊ ကျောက်စိမ်းထုတ်လုပ်မှုအနေဖြင့် နိုင်ငံတော်နှင့် အကျိုးတူကျောက်မျက်ကုမ္ပဏီများမှ တူးဖော်ထွက်ရှိမှု ၁၀၆၄၀ ဒသမ ၁၆၅ တန်၊ တန်ဖိုးကျပ်သန်း ၃၁၃၁၆ ဒသမ ၂၃၈၊ ရတနာအခွန် ကျပ်သန်း ၆၂၆၃ ဒသမ ၂၄၇ နှင့် ပုဂ္ဂလိကကျောက်မျက်ကုမ္ပဏီများမှ တူးဖော်ထွက်ရှိမှု ၁၃၄၄၃ ဒသမ ၉၈၈ တန်၊ တန်ဖိုးကျပ်သန်း ၃၃၇၂၈ ဒသမ ၂၀၇၊ ရတနာအခွန် ကျပ်သန်း ၆၇၁၃ ဒသမ ၄၉၈ တန်ဖိုးနှင့် ရတနာအခွန်ကောက်ခံရရှိသည်။

ကချင်ပြည်နယ်၏ ဆွဲဆောင်မှုတစ်ခုဖြစ်သည့် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်ကို ၁၉၉၆ ခုနှစ်တွင် ခါကာဘိုရာဇီသဘာဝနယ်မြေအဖြစ်ကြေညာခဲ့ပြီး ၁၉၉၈ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့တွင် အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ကြေညာခဲ့သည်။ အမြင့်ပေ တစ်သောင်းကျော်မြင့်သည့် ဆီးနှင်းဖုံးတောင်ထွတ်၊ ရေတံခွန်များ၊ ဟိမဝန္တာအရှေ့ဖျားဒေသ ဇီဝမျိုးစုံတည်ရှိခြင်း၊ ထူးခြားသည့် နို့တိုက်သတ္တဝါများဖြစ်သော ပန်ဒါနီ၊ သားမင်၊ တောင်ဆိတ်နီ၊ ကတိုးဂျီဖက်ဂျီ၊ စကလေတာမိုနာရစ်၊ ရေခဲတောင်ဆိတ်၊ ဇာမဏီငှက်၊ ရေခဲတောင်စာ၊ တွားသွားသတ္တဝါများ၊ လိပ်ပြာများနှင့် သစ်ခွများလေ့လာတွေ့ရှိနိုင်၍ နိုင်ငံခြားခရီးသွားလုပ်ငန်းအတွက် စိတ်ဝင်စားဖွယ်ဖြစ်သည်။

၂၀၁၄ ခုနှစ်တွင် တည်ထောင်ခဲ့သည့် ဟူးကောင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ်တွင် တည်ရှိပြီး ၆၇၀၈ စတုရန်းမိုင် ကျယ်ဝန်းသည်။ ကျား၊ ဆင်၊ ပြောင်၊ ရေဗေလု၊ တောဘဲ၊ မန်ဒါလီဒင်ကျီး၊ အောင်လောင်ပိန်ညှင်းနှင့် ငှက်ကြီးဝန်ပိုစသည့်ရှားပါးရေပျော်ငှက်အမျိုးမျိုးနှင့် ကုန်းတွင်းငှက်မျိုးစိတ်များ၊ နို့တိုက်သတ္တဝါများ၊ ရေနေငါးမျိုးစိတ်များ တွေ့ရှိရသည်။ ကြိမ်၊သစ်ခွနှင့် ဆေးဖက်ဝင်အပင်မျိုးစိတ်များ ပေါက်ရောက်လျက်ရှိသည်။ ကျားအပါအဝင် ဇီဝမျိုးစုံမျိုးကွဲတို့ကို ထိန်းသိမ်းကာကွယ်ရန် ချင်းတွင်းမြစ်၏ မြစ်ဖျားခံရာဒေသကို ကာကွယ်စောင့်ရှောက်နိုင်ရန်၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းတိုးတက်စေရန် ရည်ရွယ်တည်ထောင်ခြင်းဖြစ်ကြောင်း သိရသည်။

**ရေလွှဲဆည်များနှင့် မြစ်ရေစီမံကိန်း**

ကချင်ပြည်နယ်အတွင်း ဆည် ငါးခု၊ ကိုယ့်အားကိုယ်ကိုး ဆည်ငယ်များ၊ ရေလွှဲစုစုပေါင်း ၄၆၂ ခုနှင့် မြစ်ရေတင်စီမံကိန်းငါးခုရှိပြီး စိုက်ပျိုးမြေဧကများစွာကို ရေပေးဝေလျက်ရှိသည်။

ထို့အပြင် ကချင်ပြည်နယ်အစိုးရအဖွဲ့သည် အခွန်ရငွေ ကျပ် ၇၇၀ ဒသမ ၈၉၇ သန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအနက်မှ လုပ်ငန်းနှစ်ခုကို ဌာနအစီအစဉ်ဖြင့် ဆောင်ရွက်ရန်လျာထားသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)အနေဖြင့် ပြည်နယ်အစိုးရမူလခွင့်ပြုရန်ပုံငွေ၊ သာမန်အသုံးစရိတ်ဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းကိုးခုကို ဌာနအစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

**လမ်း/တံတားများ တည်ဆောက်**

ကချင်ပြည်နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ပြည်နယ်လမ်းဦးစီးဌာန လမ်း/တံတားဆောင်ရွက်ခဲ့မှုအခြေအနေမှာ မူလရှိပြီးသား ကတ္တရာလမ်း (၆၇၄/၆)မိုင်ရှိပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ယခုနှစ်) ကတ္တရာလမ်း ထပ်မံဆောင်ရွက်မှုမှာ (၇၄/၃) မိုင်ဖြစ်သည်။ တံတားများဆောက်လုပ်မှုအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် Box Culvert အပါ ပေ ၁၈၀ အောက်တံတား အစင်း ၆၅၀ နှင့် ပေ ၁၈၀ အထက်တံတား ရှစ်စင်း တည်ဆောက်နိုင်ခဲ့သည်။

မြစ်ကြီးနား - နမ္မတီး - တနိုင်း - ပန်ဆောင်လမ်းကို မြောက်ပိုင်းတော်ဝင်ကျောက်စိမ်းကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်လုပ်ငန်းစီမံချက်အရမိုင် (၃၂/၇ မှ ၅၂/၇)ထိ မိုင် ၂၀ ကတ္တရာခင်းခြင်းလုပ်ငန်းမှာ အမာခံသဲကျောက်ခင်းခြင်းလုပ်ငန်း မိုင် ၂၀ ပြီးစီးပြီဖြစ်ပြီး ကွန်ကရစ်အခြေခံလွှာခင်းခြင်းလုပ်ငန်းမှာ လဝါးဘက်မှစတင်၍ မီတာ ၃၀၀ ခင်းပြီးဖြစ်သည်။ Box Culvert ၄၅ ခု၊ ကွန်ကရစ် ရေပြွန်ရှစ်ခု၊ ဝဲ/ယာကွန်ကရစ်ရေမြောင်းဝဲဘက် ၁၁၅၆၃ ပေ၊ ယာဘက် ၁၃၃၅၈ ပေဆောင်ရွက်ပြီးဖြစ်သည်။ တံတားကြီး သုံးစင်းလည်း တည်ဆောက်လျက်ရှိသည်။

မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအိုလမ်းသည် ပြည်ထောင်စုလမ်းမကြီးဖြစ်၍ ၁၂ လရာသီသွားလာနိုင်ရေးအတွက် စီမံကိန်းရေးဆွဲပြီး ဗွက်တန်းနေရာများအား တောင်ချဲ့၍ ကွန်ကရစ်လမ်းခင်းခြင်း၊ မြစ်ကြီးနားမှ တီယန်စွတ်ကြား ၃၄ ပေအကျယ်တောင်ချဲ့ခြင်း၊ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကုန်တွင် မြစ်ကြီးနားမှ တီယန်စွတ်ရွာအထိ တောင်ချဲ့ခြင်းလုပ်ငန်းများ ပြီးစီးမည်ဖြစ်သည်။

**အပန်းဖြေနေရာများ**

ကချင်ပြည်နယ်အတွင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းအနေဖြင့် ဟိုတယ်ပေါင်း ၂၆ ခုဖြင့် ပြည်တွင်းပြည်ပခရီးသည်များကို ဝန်ဆောင်မှုပေးလျက်ရှိသည်။ မိုတယ်၊ တည်းခိုခန်း ၂၆၈ ခန်းရှိသည်။ မြစ်ကြီးနားမြို့၏ မြစ်ဆုံနှင့် ကရိန်နော်နေရာများမှာ အပန်းဖြေနေရာများဖြစ်သည်။

ကချင်ပြည်နယ်တွင် ပြည်သူပိုင်ဈေး ၃၂ ခုရှိပြီး အစိုးရဘဏ် ၁၆ ခု၊ ပုဂ္ဂလိကဘဏ် ၁၉ ခုတို့ဖြင့် ပြည်သူများကို ဘဏ်ဝန်ဆောင်မှုပေးလျက်ရှိသည်။

ပြည်သူများသောက်သုံးရေ ဖူလုံစေရေးအတွက်လည်း သောက်သုံးရေစက်ရုံပေါင်း ၆၇ ခုရှိရာမှ တစ်ရက်ထုတ်လုပ်မှုဂါလန်မှာ သုံးသိန်းကျော်ဖြင့် အိမ်ခြေစုစုပေါင်း တစ်သောင်းသုံးထောင်ကျော်ကို ဖြန့်ဖြူးပေးနေသည်။

၂၀၁၆-၂၀၁၇ ခုနှစ်တွင် ကချင်ပြည်နယ်အတွင်း အခွန်ကောက်ခံရရှိမှု ငွေကျပ် ၁၉၀၆၀၆၅၉၁၄၉ ရှိခဲ့သည်။ ထုတ်လုပ်မှုတန်ဖိုး ၂၀၁၃၂၀ ဒသမ ၈ သန်း၊ ကုန်သွယ်မှုတန်ဖိုး ၂၃၀၉၈၄ ဒသမ ၆ သန်း၊ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ၁၁၂၁၇၆၈ ဒသမ ၀၁ သန်းဖြစ်ပြီး တစ်ဦးချင်းဝင်ငွေမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ၈၅၂၅၄၂ ကျပ်ဖြစ်သည်။

**အထူးကဏ္ဍ (ဆ) သို့ »»**



ဖားကန့်မြို့နယ် ဥရုချောင်းနှင့် ချောင်းလက်တက်များတွင် ဆယ်ယူရှင်းလင်းဆောင်ရွက်နေစဉ်။

# ပူတာအိုနှင့် မချမ်းဘောမြို့နယ်တို့သို့ လျှပ်စစ်ဓာတ်အား တိုးချဲ့ဖြန့်ဖြူးပေးနိုင်ရေးအတွက် ပူတာအိုမြို့၏ အနောက်တောင်ဘက် ခုနစ်မိုင်ခန့်အကွာ နမ့်ထွမ်ချောင်းပေါ်တွင် ၃ ဒသမ ၂ မဂ္ဂါဝပ်ထွက်ရှိမည့်အထက် နမ့်ထွမ်ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်လျက်ရှိပြီး ၆၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီဖြစ်



ဆော့လော်မြို့နယ် လန်ဆယ်ရေဘေးသင့်ပြည်သူများအား ရဟတ်ယာဉ်ဖြင့် ဆန်ရိက္ခာများ သွားရောက်ထောက်ပံ့ပေးစဉ်။

**အလုပ်လုပ်သူ နှစ်သိန်းကျော်**

ကချင်ပြည်နယ်အတွင်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းအလိုက် အလုပ်လုပ်ကိုင်သူဦးရေ နှစ်သိန်းကျော်ရှိသည်။ အလုပ်လက်မဲ့ဦးရေမှာ ငါးသိန်းကိုးသောင်းကျော်ဖြစ်ပြီး အလုပ်လက်မဲ့နှုန်း ၂၅ ဒသမ ၇၁ ရာခိုင်နှုန်းဖြစ်သည်။ ကချင်ပြည်နယ်အတွင်း ပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုအနေဖြင့် ကချင်ပြည်နယ်အတွင်း တည်ဆောက်ပြီး ဓာတ်အားခွဲရုံများမှာ ၆၆/၁၁ ကေဗွီဓာတ်အားခွဲရုံ ၁၂ ရုံ၊ ၁၃၂/၆၆/၁၁ ပင်မဓာတ်အားခွဲရုံနှစ်ရုံရှိပြီး ဖားကန့်မြို့တွင် ၆၆/၁၁ ကေဗွီနှင့် မိုးညှင်းမြို့နယ်တွင် ညောင်ပင်ဓာတ်အားခွဲရုံ ၃၃/၁၁ ကေဗွီတို့မှာ တည်ဆောက်လျက်ရှိသည်။

မြို့ပေါင်း ၃၀၊ ကျေးရွာပေါင်း ၇၉၈ ရွာမှာ လျှပ်စစ်မီးရရှိနေပြီး မီးလင်းရန် ၁၇၅၅ ရွာကျန်ရှိနေသည်။ ပူတာအိုနှင့် မချမ်းဘောမြို့နယ်တို့သို့ လျှပ်စစ်ဓာတ်အားတိုးချဲ့ဖြန့်ဖြူးပေးနိုင်ရေးအတွက် ပူတာအိုမြို့၏ အနောက်တောင်ဘက် ခုနစ်မိုင်ခန့်အကွာ နမ့်ထွမ်ချောင်းပေါ်တွင် ၃ ဒသမ ၂ မဂ္ဂါဝပ်ထွက်ရှိမည့် အထက်နမ့်ထွမ်ရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်လျက်ရှိပြီး ၆၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။

ယင်းရေအားလျှပ်စစ်စက်ရုံတည်ဆောက်ပြီးစီးပါက ပူတာအိုနှင့် မချမ်းဘောမြို့ပေါ်ရပ်ကွက်များနှင့် ပူတာအိုမြို့နယ်အတွင်းရှိ ကျေးရွာ ၁၇ ရွာတိုးချဲ့ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်ရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာတိုးချဲ့ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပူတာအိုမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာ လေးရွာ၊ နောင်မွန်းမြို့ပေါ်ရပ်ကွက်များ၊ ဆွမ်ပရာဘွမ်မြို့ပေါ်ရပ်ကွက်များတွင် ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာတိုးချဲ့တည်ဆောက်ခြင်း၊ ပန်နန်းဒင်မြို့နှင့် ခေါင်လံဖူးမြို့တို့ ဓာတ်အားတိုးချဲ့ဖြန့်ဖြူးပေးနိုင်ရေး ဒီဇယ်ဓာတ်အားပေးစက်များ ဝယ်ယူနိုင်ရန်လည်း လျာထားဆောင်ရွက်လျက်ရှိသည်။

**မြို့ပြဖွံ့ဖြိုးတိုးတက်ရေး**

မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်ပင်သာယာရေး ရန်ပုံငွေအပြင် ပြည်သူများ၏ ထည့်ဝင်ရန်ပုံငွေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်လမ်း ၁၆ လမ်း (၁/၂ ဒသမ ၂၇)မိုင်၊ ကတ္တရာလမ်း ၁၁၂ လမ်း (၁၉/၃ ဒသမ ၇၀) မိုင်၊ ကျောက်လမ်း ၁၈ လမ်း (၂/၁ ဒသမ ၀၀) မိုင်၊ သဲကျောက်လမ်း ၃၁ လမ်း (၄/၃ ဒသမ ၁၃ )မိုင်တို့အား ၂၁၆၇ ဒသမ ၉၀ သန်းတို့ဖြင့်လည်းကောင်း၊ ရေပေးဝေရေးလုပ်ငန်းအနေဖြင့် စက်ရေတွင်းနှစ်တွင်း၊ လက်တူးတွင်းတစ်တွင်း၊ အခြား ၂၄ ခု တို့ကို ၁၀၆ ဒသမ ၃၆ သန်းတို့ဖြင့်လည်းကောင်း၊ တံတားလုပ်ငန်းများအနေဖြင့် ကွန်ကရစ်တံတား ၉၁ စင်း၊ အုတ်ခုံသစ်သားတံတား ရှစ်စင်း၊ ရေပြွန် ၂၈ ခု၊ အခြားလုပ်ငန်း ၁၁ ခု စုစုပေါင်း ၆၁၂ ဒသမ ၆၇ သန်းတို့ဆောင်ရွက်နိုင်ခဲ့သည်။

**အထူးကဏ္ဍ (၉) သို့ »»**



ဖားကန့်မြို့ ဥရုချောင်းနှင့် ချောင်းလက်တက်များ ရေစီးရေလာကောင်းမွန်စေရေးအတွက် ချောင်းရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။



မြစ်ကြီးနားခရိုင် မြစ်ကြီးနားမြို့နယ် အထက်လွယ်ခေါ်ကျေးရွာ လယ်မြေဧက ၂၀၀ ရေနစ်မြုပ်မှုကာကွယ်ရေးအတွက် ရေနုတ်မြောင်းတူးဖော်နေစဉ်။



ကချင်ပြည်နယ်အစိုးရအဖွဲ့ ပထမလေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေးအနေဖြင့် နှစ်ဖက်ဌာနဆိုင်ရာများ ကုန်သွယ်မှုနှင့်ပတ်သက်၍ သုံးလတစ်ကြိမ်၊ ခြောက်လတစ်ကြိမ် အပြန်အလှန်ဆွေးနွေးမှုများရှိသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကန်ပိုက်တီ/လွယ်ဂျယ်စခန်းများမှ ပို့ကုန်တန်ဖိုး ဒေါ်လာ ၂၀၉ ဒသမ ၁၅၃ သန်းတင်ပို့နိုင်ခဲ့ပြီး သွင်းကုန် ဒေါ်လာ ၄၈ ဒသမ ၉၀၀ သန်းခန့်ရှိခဲ့ရာ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၂၅၈ ဒသမ ၀၅၃ သန်းဆောင်ရွက်နိုင်ခဲ့သည်။

**ဆရာနှင့် ကျောင်းသားအချိုး ၁ း ၂၅**

ပညာရေးကဏ္ဍအနေဖြင့် တက္ကသိုလ်၊ ကောလိပ်သိပ္ပံကျောင်း ၁၁ ကျောင်းရှိသည်။ ဆရာ ဆရာမ ဦးရေ ၉၄၆ ဦးရှိပြီး ကျောင်းသား ကျောင်းသူဦးရေ နှစ်သောင်းသုံးထောင်ကျော်ရှိရာ ဆရာနှင့် ကျောင်းသားအချိုးမှာ ၁း၂၅ ဖြစ်သည်။ အခြေခံပညာအထက်တန်းကျောင်း ၈၄ ကျောင်းရှိပြီး ဆရာ ဆရာမဦးရေ သုံးထောင့်ရှစ်ရာကျော်၊ ကျောင်းသား ကျောင်းသူဦးရေ တစ်သိန်းနှစ်သောင်းကျော်ရှိရာ ဆရာနှင့် ကျောင်းသားအချိုး ၁း၃၂ ဖြစ်သည်။

အလယ်တန်းကျောင်း ၁၁၉ ကျောင်းရှိပြီး ဆရာ ဆရာမဦးရေ နှစ်ထောင့်လေးရာကျော်၊ ကျောင်းသား ကျောင်းသူဦးရေ ခုနစ်သောင်း သုံးထောင်ကျော်ရှိရာ ဆရာနှင့် ကျောင်းသားအချိုး ၁း၃၀ ဖြစ်သည်။ မူလတန်းကျောင်း တစ်ထောင့်နှစ်ရာကျော်ရှိပြီး ဆရာ ဆရာမဦးရေ ခုနစ်ထောင့်နှစ်ရာကျော်၊ ကျောင်းသား ကျောင်းသူဦးရေ တစ်သိန်းလေးသောင်းကျော်ရှိရာ ဆရာနှင့်ကျောင်းသားအချိုး ၁း၁၉ ဖြစ်သည်။ ကျောင်းနေအရွယ်ကလေးငယ် ကျောင်းအပ်နှံနိုင်မှုအနေဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ငါးနှစ်ပြည့်ကလေး ကျောင်းသား ၁၅၃၅၃ ဦး၊ ကျောင်းသူ ၁၄၉၀၈ ဦးရှိသည်။ ကျောင်းအပ်နှံမှု ၉၈ ဒသမ ၉၉ ရာခိုင်နှုန်းဖြစ်သည်။

တက္ကသိုလ်ဝင်တန်းအောင်မြင်မှုအနေဖြင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ၂၉ ဒသမ ၇၄ ရာခိုင်နှုန်းရှိသည်။ စာတတ်မြောက်မှုရာခိုင်နှုန်းအနေဖြင့် ၉၁ ဒသမ ၁၀ ရာခိုင်နှုန်းဖြစ်သည်။ ကချင်ပြည်နယ်အတွင်း စာကြည့်တိုက်ပေါင်း ၁၀၁၆ ခုရှိပြီး ပြည်သူများ အသိပညာ၊ အတတ်ပညာ ပွင့်လင်းလာစေရေးအတွက် တစ်ပြည်နယ်လုံးအတွင်း စာကြည့်တိုက်များ ထပ်မံတိုးချဲ့ဖွင့်လှစ်လျက်ရှိသည်။

**ကျန်းမာရေးဝန်ဆောင်မှု**

ကျန်းမာရေးအနေဖြင့် အစိုးရဆေးရုံ ၅၈ ခု၊ ပုဂ္ဂလိက ၁၃ ခုဖြင့် ပြည်သူများကို ကျန်းမာရေးဝန်ဆောင်မှုပေးလျက်ရှိသည်။ အစိုးရဆေးပေးခန်း ၁၅ ခုနှင့် ပုဂ္ဂလိက ၆၅ ခု စုစုပေါင်း ၈၀ ရှိသည်။ ကျေးလက်ကျန်းမာရေးဌာန ၇၁ ခုရှိပြီး ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၈၇ ခု ဖွင့်လှစ်ကာ မြို့ပေါ်သာမက ကချင်ပြည်နယ်အတွင်းရှိ ကျေးလက်နေပြည်သူများအတွက် ကျန်းမာရေးဝန်ဆောင်မှုများ ပေးလျက်ရှိသည်။ ပြည်သူများကို ကျန်းမာရေးဝန်ဆောင်မှုများ ပိုမိုတိုးမြှင့်ပေးနိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိသည်။

ကချင်ပြည်နယ်တွင် ဘောလုံးကွင်း ၁၀ ကွင်း၊ တင်းနစ်ကွင်း ခြောက်ကွင်း၊ ဂေါက်ကွင်း ငါးကွင်း၊ အလေးမရုံ နှစ်ရုံရှိပြီး အားကစားရုံများဖွင့်လှစ်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ သင်တန်းများပေးခြင်း၊ လူထုအားကစားလှုပ်ရှားမှုများပြုလုပ်ခြင်းဖြင့် အားကစားအဆင့်အတန်းမြင့်မားရေးအတွက် ကချင်ပြည်နယ်အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**စွန့်လွှတ်မြေများအား မူလပိုင်ရှင်ထံပြန်လည်ပေးအပ်**

ကချင်ပြည်နယ်အတွင်း လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီမှ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ စွန့်လွှတ်မြေများအား မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်နိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနမှ နိုင်ငံတော်ပိုင်မြေ(State Land)အဖြစ် အမိန့်ကြော်ငြာစာများ ထုတ်ပြန်သတ်မှတ်ဆောင်ရွက်ခဲ့သည်။

ကချင်ပြည်နယ်သည် တည်ငြိမ်အေးချမ်းမှသာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ယခုထက်ပို၍ ဆောင်ရွက်နိုင်မည်ဖြစ်ရာ ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်သည်။

ကချင်ပြည်နယ်တစ်ခုလုံး ယခုထက်ပို၍ ဖွံ့ဖြိုးတိုးတက်အောင်၊ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာအောင်၊ ပညာရေးကို ပိုမိုအလေးထားပြီး ကျောင်းနေအရွယ် ကလေးတိုင်းကျောင်းနေခွင့်ရ၍ ပြည်နယ်အတွက် ထူးချွန်သည့်ပုဂ္ဂိုလ်များ ပေါ်ထွက်လာအောင်၊ ဒေသတွင်းပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်၊ ပြည်နယ်အတွင်း အခြေခံကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝရပြီး ပြည်သူအားလုံး စိတ်ချမ်းသာစွာ နေထိုင်ခွင့်ရအောင် ကချင်ပြည်နယ်အစိုးရကလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သဘာဝတရားထံမှ လက်ဆောင်ရထားသည့် ကချင်ပြည်နယ်၏ အလှတရားများကို ပြည်သူအားလုံးက ချစ်တတ်၊ ခံစားတတ်လာပြီး ကချင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အတူလက်တွဲ ပူးပေါင်းပါဝင်နိုင်ကြစေကြောင်း ဆုမွန်တောင်းရင်းဖြင့်။ ။



မြစ်ကြီးနားမြို့ အကျဉ်းထောင်စခန်းရှိ လူနာဆောင်တွင် ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေးစဉ်။



မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် လွဲလောလျှပ်စစ်ရေတင်လုပ်ငန်း
မိုးသီးနှံရေပေးဝေနိုင်ရန် ရေစမ်းသပ်တင်နေစဉ်။

